
www.burmeseclassic.com

စိန်သဂျမှုစာပေ

# မောင်လှမျိုး (ချင်းချောင်းဖြူ)

# လက်ခုပ်မိုး



ယုံချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

တင်တင်အုန်း
■ စီစဉ်သည်

မိန့်သာယာမှု
စာပေ

BURMESE CLASSIC .com

မောင်လှမျိုး (ချင်းချောင်းခြံ)

# လက်ခုပ်မိုး

www.burmeseclassic.com

www.burmeseclassic.com


# မောင်လှမျိုး (ချင်းချောင်းခြံ)

## လက်ခုပ်မိုး

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ◆ ၅၀၀၆၀၂၀၅၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ◆ ၅၀၀၆၇၆၀၆၀၇ |
| ပုံနှိပ်ခြင်း | ◆ ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | ◆ ၂၀၀၇-ခုနှစ်၊ ဇူလိုင်လ |
| မျက်နှာဖုံးပန်းချီ | ◆ သက်ထားအိ |
| စာအုပ်ရေ | ◆ ၅၀၀ - အုပ် |
| တန်ဖိုး | ◆ ၁၀၀ - ကျပ် |

**ထုတ်ဝေသူ**

ဒေါ်တင်တင်အုန်း (၀၃၇၄၈)၊
စိန်သရဖူစာပေ
အမှတ် (၆၆)၊ ၆-လမ်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်အဖုံးပုံနှိပ်သူ**

ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀)၊ ကလျာပုံနှိပ်တိုက်
အမှတ်-၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ
ရန်ကုန်မြို့။


BURMESE CLASSIC .com



## (၁)

“နင် မြန်မာပြည်ကို အမြန်ဆုံးပြန်လာခဲ့။ ဘာမှ ရှည်ရှည်ဝေးဝေး မေးမနေနဲ့။ ပြန်ရောက်တာနဲ့ နင့်မယားကို ချက်ချင်းကွဲ။

အေး . . .။ ပြန်မလာချင်ဘူးဆိုရင်၊ ငါ ဒီကနေ ကွာရှင်းစာချုပ် ပို့ပေးလိုက်မယ်။ နင် လက်မှတ်ထိုးပြီးပို့ပေးလိုက်”

“အမေ့။ မိမိုးကိုသာ ကျွန်တော့်ဆီ ဖုန်းဆက်ခိုင်းလိုက်ပါ။ ကျွန်တော်သူနဲ့ စကားပြောဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့။ နင့်ဆီကို သူဖုန်းဆက်မှာ မဟုတ်ဘူး။ အခုလည်း အိမ်မှာ မရှိဘူး။ နင် ပြန်လာရင် ပြန်လာ။ ပြန်မလာရင် အဲဒီ့ကနေ လှမ်းကွာပေးလိုက်။ ငါ ဖုန်းချလိုက်တော့မယ်။ ဒါပဲ"

အမေ့ဖုန်းချသံသည် ပြင်းထန်လွန်းလှသည်။ အလုပ်လာလုပ်နေရသည့် တစ်နှစ်ကျော် ကာလအတွင်း ဇနီးဖြစ်သူ သတင်းစကားတို့ ကောင်းကောင်းမွန်မွန် တစ်ခုမှ မရှိ။ ကျွန်တော် စိတ်ရှုပ်ထွေးရသည်။ စိတ်ညစ်ရသည်။ စိတ်ထင့်ရသည်။ တွေးရင်း မောလျက် ရင်နင့်ရသည်။





"မင်းပြန်တော့မလို့လား" ဟု၊ မိုးဇော်အောင် မေးသည်။ စကား အဖြေမပေးမိ ကျွန်တော် သက်ပြင်း အရင်ချရသည်။ ပြီးမှ . . . .

" ဘာလုပ်ရမှန်း မသိပါဘူးကွာ. . ။ စိတ်ညစ်တယ်။ အမေရော၊ အဒေါ်ရော၊ ငါ့ညီမတွေရော၊ ငါ့ မိန်းမကို ကွဲခိုင်းနေကြတယ်"

မိုးဇော်အောင်က . . .

"အခြေအနေက ဘယ်လိုတွေဖြစ်နေလို့လဲ"

"ခြေမငြိမ်ဘူး ပြောတာပဲ။ ငါလည်း . . မိန်းမကို ဘာမှ မမေးဖြစ်ဘူး"

"ခြေမငြိမ်ဘူးဆိုတာ ဘာကိုပြောတာလဲ"

"ဖဲသွားသွားရိုက်နေတယ်တဲ့။ ယောကျ်ားတွေ တရုံးရုံးနဲ့တဲ့"

"မင်း မြင်လို့လား"

"မြင်တော့ မမြင်ဘူးပေါ့။ ဒါပေမဲ့ . . . ငါ့ အိမ်ကလူတွေက မဟုတ်ဘဲတော့ ဘယ်ပြောမလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးဇော်အောင်က ကျွန်တော့် ပခုံးကို ပုတ်ပြီး-

"ဒီမှာ သူငယ်ချင်း။ လင်မယား ဆိုတာ တစ်ယောက်အကြောင်းကို တစ်ယောက်၊ သူ တစ်ပါးထက် ပိုသိတယ် ထင်တယ်။

အဲဒီတော့ . . တစ်ယောက် ကိစ္စကို၊ တစ်ယောက်က သူများအပြောနဲ့တော့ မယုံစေချင်ဘူး"

ကျွန်တော်က . . .

"ငါ့အမေနဲ့ ငါ့အဒေါ်တွေနဲ့ ငါ့ညီမတွေက သူများမှ မဟုတ်တာ"

မိုးဇော်အောင်က . . .

"ငါ ဆိုလိုချင်တာက မိသားစုကိုသူစိမ်းပါလို့ ဆိုလိုချင်တာ မဟုတ်ဘူး။ လင်မယား နှစ်ယောက်ကြားမှာ၊ ဘယ်ကိစ္စပဲဖြစ်ဖြစ်၊ ဘယ်သူက ပြောပြော၊ ကိုယ်တိုင်မမြင်ရင် တစ်ခုမှ မယုံနဲ့လို့ ဆိုလိုချင်တာ။ စကားအကုန်ပြောရရင် လင်မယားဆိုတာ မဟုတ်မဟတ်ကို၊ ကိုယ်တိုင်မြင်ရင်တောင်၊ တစ်ဝက်ပဲ ထင်သင့်တယ်"





မိုးဇော်အောင်က၊ ကုတင်ပေါ်သို့ လှဲချလိုက်ပြီး . . .

"မြန်မာပြည်ကို. မင်းပြန်မယ့် ကိစ္စကို မပြန်ပါနဲ့လို့တော့ ငါ မတားဘူး။ ဒါပေမဲ့ မင်း ဒီကို လာတုန်းက လေဆိပ်ကို ဘယ်သူတွေလိုက်ပို့ခဲ့သလဲ။ ဘယ်လို ပုံသဏ္ဍာန်မျိုးနဲ့ လိုက်ပို့ခဲ့သလဲ။ အဲဒါကို မင်း ပြန်စဉ်းစား"

ကျွန်တော်လည်း ကုတင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်ပြီး . . .

"အကုန်လိုက်ပို့ကြတာပေါ့ကွာ။ ငါ့မိန်းမရယ်။ မွေးကင်းစ ငါ့သားလေးရယ်။ ပြီးတော့ ငါ့အမေ၊ ငါ့အဒေါ်၊ ငါ့ညီမတွေ၊ အားလုံး တစ်ပျော်တစ်ပါးပေါ့"

"အေး။ လာတုန်းကလည်း တစ်ပျော်တစ်ပါး လူစုံတက်စုံဆိုရင်၊ ပြန်တဲ့အခါ ကြိုတဲ့သူတွေကလည်း၊ လူစုံတက်စုံ တစ်ပျော်တစ်ပါး ဆိုရင် မကောင်းဘူးလား 'သူငယ်ချင်း"

"ကောင်းတာပေါ့ကွာ" . . . ဟု၊ ကျွန်တော် ဖြေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မိဘစကားကို မင်းကယုံလို့ လက်ခံလို့ မင်း မယားကို ကွဲချင်တယ် ဆိုရင်၊ ကွဲဖို့လိုအပ်တယ် ဆိုရင် မြန်မာပြည်ရောက်မှ ကွဲ၊ သေသေချာချာ စုံစမ်းပြီးမှ ကွဲ။ ဒီကနေ ဘာမှ လှမ်းပြီး မဆုံးဖြတ်နဲ့။

မကွဲခင်၊ ကွဲဖို့ မဆုံးဖြတ်ခင်၊ မင်း စဉ်းစားရမှာက၊ ငါ့မယားဟာ ဖဲရိုက်တာ ဝါသနာပါတဲ့ မိန်းမလား၊ အပျော်အပါးဝါသနာပါတဲ့ မိန်းမလား၊ စိတ်လွတ် ကိုယ်လွတ် နေတတ်ထိုင်တတ်တဲ့ မိန်းမလား၊ ဒါမှမဟုတ် လင်ငယ်နေတာ ဝါသနာပါတဲ့ မိန်းမလား ဆိုတာ မင်း အသိဆုံး။ မင်း ဘာသာ မင်း စဉ်းစား"

ပြောပြီး မိုးဇော်အောင်က စကားရပ်သည်။ အနီးတွင်ရှိသော ကျွန်တော့်သားလေး၏ ဓာတ်ပုံကိုယူ၍ ကြည့်နေမိသည်။ အရာရာ ငြိမ်းအေးသွားသည်ဟုပင် ထင်ရ၏။





(၂)

"နင် မနေ့က ဘယ်သွားနေတာလဲ"

"ဘာဖြစ်လို့လဲ၊ ဘယ်သွားလို့လဲ"

"ငါ ဖုန်းဆက်တာ နင်မရှိဘူးလေ"

"ဪ . . အဲဒါ အမေတို့အိမ် သွားနေတာ နေမှာပေါ့"

သူ့မိခင်အိမ်သို့ သွားနေသည်ဟု၊ ဆိုလိုခြင်းဖြစ်သည်။ "အမေပြောတော့ နင် ဖဲသွားရိုက်နေတာဆို"ဟု၊ မမေးဖြစ်အောင် နေရသည်။ တစ်နယ်ရပ်ခြားမှ စကားသံဖြင့်သာ ဆက်သွယ်ပြောဆိုနေရခြင်းကြောင့် ပဋိပက္ခအသွင်ဆောင်မည့် လေယူလေသိမ်းမျိုး မဖြစ်အောင်၊ ကျွန်တော် ကြိုးပမ်း၍ ထိန်းသိမ်းနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

### လက်ခုပ်နီး

အသက်အရွယ် ကြီးရင့်သော အမျိုးသားများနှင့် လည်းကောင်း၊ ရွယ်တူ အမျိုးသားများနှင့် လည်းကောင်း၊ တစ်စုတစ်ရုံး သွားလာယှဉ်တွဲနေသည်ဟု၊ အမေပြောပြထားသော ကိစ္စ၊ ကလေးကို သူ့မိခင်အိမ်တွင် အပ်နှံပြီး၊ တစ်နေရာရာတွင် ဖဲသွားကစားလေ့ရှိသည်ဟူသော ကိစ္စ၊ အဝတ်အဆင်၊ အနေအထိုင် လော်လီစွာ ဝတ်စားနေထိုင်နေသည်ဟူသော ကိစ္စတို့ကို၊ စကားရိပ်မျှပင် ကျွန်တော် မသမ်းဖြစ်။ ထို့ကြောင့် စိတ်အနှောင့်အယှက်ကင်းစေရာ၊ အကြောင်းအရပ်ကိုသာ ကျွန်တော် ပြောဆိုဖြစ်သည်။

"ကလေး နေကောင်းလား"

"ကောင်းတာပေါ့"

"မိမိုး နင် ဟိုဟိုဒီဒီ လျှောက်မသွားနဲ့နော်"

"မသွားပါဘူး။ ဘယ်သူက ဘာတွေပြောထားလို့လဲ"

"ဘယ်သူမှ ဘာမှ မပြောပါဘူး။ ငါ့ဘာသာ စိုးရိမ်လို့ပါ။ အိမ်ထောင်သည် မိန်းကလေးဆိုတာ အိမ်အလည်ထွက်လွန်းအားကြီးရင် မကောင်းဘူး။ အဲဒါကြောင့် ငါ ပြောတာ"





မိမိုးက . .

"အဲဒါ အရေးမကြီးဘူး။ နင် ငါ့ကို ပိုက်ဆံပို့ရင် များများစားစားပို့ဦး။ စုဖို့ဆောင်းဖို့ နေနေသာသာ၊ ငါ သုံးရစွဲရတာမလောက်ဘူး။

နင့် အမေဆီပဲ ပို့မနေနဲ့ဦး။ သားနဲ့မယားနဲ့ ဆိုတာလည်း မမေ့နဲ့"

ကျွန်တော်က . . .

"အမေ့ဆီကို ငါ ပို့နေတာ အကြွေးဆပ်ဖို့ ပို့နေတာ။ အဒေါ်ဆီက ယူထားတဲ့အကြွေး အမေနဲ့ ပေးခိုင်းတာ"

"အဲဒါ ငါမသိဘူး။ ယောကျ်ားက နိုင်ငံခြားမှာသာ ပြောတယ်။ ရောက်လာတဲ့ ပိုက်ဆံက မစို့မပို့။

အကြွေးဆပ်တာပဲ, ငါ ဆပ်ပေးလို့လည်း ရတယ်။ ငါက နင့်မိန်းမ၊ နင့် အမေဆပ်ပေးမှ မဟုတ်ဘူး။ ငါ သွားဆပ်ပေးလည်းရတယ်။ နင့် လုပ်ပုံက ငါ့ကိုပဲ မယုံသလိုလိုနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အမေက တဆင့်ချေးထားတာလေ။ အဲဒါကြောင့် အမေက တဆင့်ဆပ်တာပေါ့"

"တော်ပြီဟာ။ အဲဒါတွေ မပြောနဲ့တော့။ နင် သိထားဖို့က နင် အိမ်ထောင်ဦးစီး။ သားနဲ့ မယားနဲ့၊ မိသားစုကို လောက်ငအောင် ရှာကျွေးဖို့က နင့်တာဝန်။ အဲဒါကို နင်သိရင် ပြီးပြီ"

"အေးပါ" ဟုသာ ကျွန်တော် ပြောဖြစ်သည်။ ရင်ထဲရှိ လှိုက်ဖိုဝမ်းနည်းစရာ ပြင်းပြနာထန်လာသော စကားအစိုင်အခဲတို့ ပြည့်သိပ်စွာဖြင့်၊ စကားပြောခွက်ကို ဖြည်းညင်းစွာ လွှတ်ချလိုက်သည်။

တစ်နယ်ရပ်ခြားတွင်၊ လုပ်ကိုင်ဖွေရှာရသူ၏ အခက်အခဲပေါင်းစုံကို စီကာပတ်ကုံး ပြောမပြလိုတော့။ ရင်ထဲမှာ နာနာလာသည်။ ဘယ်အရာကို နာကျင်ရမည်မသိ။





"မင်း ပြန်လာတော့မယ်ဆိုတာ၊ ဖုန်းထဲက မပြောလိုက်ဘူးလား" ဟု၊ မိုးဇော်အောင် မေးသည်။ ကျွန်တော်က-

"ပြောမလို့ပဲ။ ဒါပေမဲ့ မပြောချင်တော့ဘူး။ ငါ့ဘာသာ ဒီတိုင်းပဲ ပြန်သွားတော့မယ်"

မိုးဇော်အောင်က . .

"ပြန်ပြီးရင်ရော၊ မင်း ပြန်လာမှာလား"

"မပြောတတ်သေးဘူးကွာ"

"မြန်မာပြည်ရောက်ရင်၊ မလိုအပ်ဘဲ လင်ကွဲမယားကွဲတွေ ငါ မကြားချင်ဘူးနော် ဟော့ကောင်။

ငါ့အထင်ပြောရရင် မင်းမိန်းမက ဖောက်ဖောက်ပြန်ပြန်တော့ ရှိမယ်မထင်ဘူး။ လက်လွှတ်စပယ် နေထိုင်တာမျိုးပဲ ဖြစ်လိမ့်မယ် ထင်တယ်။

ယောကျ်ားက နိုင်ငံခြားမှာ အလုပ်လာလုပ်နေပြီဆိုတာနဲ့၊ ကိုယ့်ကိုယ်ကို သူဌေးကတော်ကြီးဖြစ်သွားပြီလို့ ထင်နေတဲ့ မိန်းမတွေထဲမှာ မင်းမိန်းမပါလိမ့်မယ် ထင်တယ်။

သူဌေးမဟုတ်ဘဲ သူဌေး အိုက်တင်ဖမ်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်ဆိုကတည်းက၊ နေတာထိုင်တာ မစေ့စပ်တော့ဘူး"

"မင်းပြောတာ မှန်ပါတယ်" . . . ဟု၊ မိုးဇော်အောင်ကို ကျွန်တော်ပြန်ပြောလိုက်သည်။ "မိမိုးက သူဌေးသိပ်ဖြစ်ချင်တာကွ" ဟု၊ ပြောရင်း ရင်ထဲမှာ ပို၍ မောလာသည်။

မှားခဲ့လေသူ . . ဟု၊ ကိုယ့်ကိုယ်ကို အပြစ်မဖို့မိအောင် ကျွန်တော် နေရသည်။







"နိုင်ငံခြားမှာလည်း အလုပ်လုပ်မှ ထမင်းစားရမှာ။
မြန်မာနိုင်ငံမှာလည်း အလုပ်လုပ်မှ, ထမင်းစားရမှာ။
အလုပ်မလုပ်ဘဲ အစာစားရတဲ့ ပဒေသာပင်ကြီး၊
ဘယ်နိုင်ငံမှာမှ ပေါက်မနေဘူး"



www.burmeseclassic.com

www.burmeseclassic.com



(၃)

သူငယ်ချင်းတစ်အုပ်စုလုံးတွင် ကျွန်တော်နှင့် မိမိုးမှလွဲ၍ ကျန်သူငယ်ချင်းများအားလုံး၊ ဆယ်တန်းစာမေးပွဲ အောင်မြင်ခဲ့စဉ်က ဖြစ်သည်။ "နင်တို့နှစ်ယောက် ဆက်ဖြေကြမှာလား" . . ဟု၊ မြင့်မြင့်သိန်းက မေးသည်။

မိမိုးက . . .

"နှစ်နှစ်တောင်ကျပြီးပြီပဲ၊ တော်ပြီ မဖြေချင်တော့ဘူး။ ကျူရှင်မှ မတက်နိုင်တာ။ ငါက ဘယ်လိုလုပ် အောင်တော့မှာလဲ"

တာတီးက . . .

"ဟဲ့ . . ငါလည်း ကျူရှင်မတက်ဘဲ၊ ဖြေတာပါဟာ။ ကျူရှင်တက်တာ မတက်တာနဲ့မဆိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိမိုးက . . .

"ဟဲ့ . . သူဌေးတွေတက်တဲ့ ကျောင်းမျိုး ဆိုရင်တော့ ကျုရှင်မလိုဘူးပေါ့ဟဲ့။

အဲဒီကျောင်းက ကျောင်းသူကျောင်းသား တွေဆိုရင် ဂုဏ်ထူး ငါးခုခြောက်ခုထွက်ဖို့ မှန်း နေကြတာ။ ငါတို့ဆင်းရဲသားတွေက ရိုးရိုးအောင် ဖို့တောင် ဘယ်လိုဖြေရမှန်း မသိဘူး"

မြင့်မြင့်သိန်းက . . .

"ဟဲ့ နင်ပြောတာ ဘာမှလည်း မဆိုင်ဘူး။ ငါတို့လည်း ဆင်းရဲတာပဲ။ အောင်အောင်ဖြေခဲ့ တာပဲ။ အောင်မြင်မှုဆိုတာ သူဌေးတွေအတွက် ကွက်ချန်ပြီး ဆင်းရဲသားတွေအတွက် မထိုက်တန် တဲ့ အရာမှ မဟုတ်တာ"

မိမိုးက . . .

"နင် ပြောတာ ဟုတ်ချင်ဟုတ်မှာပေါ့။ ဒါပေမဲ့ ဆင်းရဲတဲ့သူတွေထက်စာရင်၊ ချမ်းသာ တဲ့သူတွေက ဘယ်နေရာ ဖြစ်ဖြစ်၊ တပန်းတော့





ပိုသာတယ်။ အဲဒါတွေ တွေးလိုက်တိုင်း ငါ စိတ် ဓာတ်ကျတယ်"

ကျွန်တော် ဘာမှ ဝင်မပြောခင် တာတီးက . . .

အဲဒီတော့လည်း၊ သူဌေးတွေ တစ်လှမ်း လှမ်းရင် ငါတို့ကလည်း၊ လေးငါးခြောက်လှမ်း လှမ်းလိုက်ရုံပေါ့ဟယ်။

ချမ်းသာတဲ့သူတွေရဲ့ သားသမီးတွေ သုံး နာရီ စာကျက်တော့၊ ငါတို့က ကိုးနာရီ စာကျက် လိုက်ရုံပေါ့။

ဆင်းရဲသားက ဝီရိယပိုထားရတယ်တဲ့။ ငါ့အဖေက ပြောတယ်"

မိမိုးက . .

"အပိုတွေပြောမနေနဲ့ တာတီး။ အခု နင် အောင်တာရော၊ ဂုဏ်ထူးပါလို့လား။

ငါတို့ ဆင်းရဲသားတွေက လှာထွက်အောင် စာကျက်နေမှ၊ ရိုးရိုးအောင်။ အလွန်ဆုံးဂုဏ်ထူး တစ်ခုနှစ်ခုပဲ။ ချမ်းသာတဲ့သူတွေက ဘာဆိုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လဲ ငွေထုပ်အဆင်သင့်။ ဘယ်ကျောင်းတက်ချင်
လည်း အားလုံး အဆင်သင့်။ အားလုံး အေးအေး
ဆေးဆေး။ ငါ့အမေကတော့ . . ပြောထားတာပဲ၊
ဆင်းရဲရင် ဘာမှလုပ်လို့မရတော့ဘူးတဲ့"

တာတီးက ခေါင်းကိုတဗျင်းဗျင်း ကုတ်သည်။ ကျွန်တော့်ဘက်သို့လှည့်ပြီး . . . ,

"မင်းကရော ပြန်ဖြေဦးမှာလား"

"ဖြေမှာပေါ့။ ငါ့အမေကို အားနာတာကလွဲပြီး ငါစိတ်ဓာတ်တော့ မကျဘူး"

ပြောပြီး မိမိုးကို ကြည့်လျက် . .

"မိမိုး နင်လည်း ပြန်ဖြေပါဟာ"

"မဖြေတော့ပါဘူး ဆိုနေမှပဲ"ဟု၊ ကျွန်တော့်ကို ပြန်ပြောသည်။

ကျွန်တော်က . . .

"နင် စိတ်မပါလို့ မဖြေချင်တာကိုတော့၊ ငါဘာမှ မဝေဖန်ချင်ဘူး။ ဒါပေမဲ့ ခုနက နင်ပြောတဲ့ စကားတွေက ဘာတွေမှန်းလည်း မသိ





ဘူး။ အတွေးအခေါ်တွေ မှားနေသလိုပဲ"

မိမိုးက . . .

"ဟဲ့ . . . စာမေးပွဲကျတဲ့သူအချင်းချင်း၊ ဆရာကြီးလာမလုပ်နဲ့"

ကျွန်တော်က . . .

"ငါက စာမေးပွဲကျတာ စိတ်ဓာတ်မကျဘူး။ မဖြစ်ဖြစ်တဲ့ နည်းနဲ့ကို ပြန်ဖြေမှာ"

မိမိုးက၊ နှုတ်ခမ်းမဲ့သည်။ သူ့အမဲအရွဲ့ကို ကြည့်လျက်

"ဒီနှစ် ပြန်ဖြေရင် . . ဘာကျူရှင်မှတောင် တက်ဖို့မလိုဘူး။ တာတီးနဲ့ မြင့်မြင့်သိန်းနဲ့က အောင်ပြီးသား။ မသိတာရှိရင် သူတို့ကို သွားမေးလိုက်ရုံပဲ"

"အေးလေ ဟုတ်သားပဲ" ဟု၊ မြင့်မြင့်သိန်းက ဝင်ပြောသည်။

"နင်က ပြန်မဖြေတော့ဘူးဆိုတော့၊ ဘာဝအတွက် ဘာဆက်လုပ်မှာလဲ"

မိမိုးက မျက်ခုံးလေးပင့်လျက် ..



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မစဉ်းစားထားဘူး။ ဟိုကွေ့တွေ့ရင် ဟိုတက်နဲ့ လှော်လိုက်မယ်။ ဒီကွေ့တွေ့ရင် ဒီတက်နဲ့ လှော်လိုက်မယ်။ ဒါပဲ"

"မိုးကျမယ်" ဟု ခေါ်သော သူ့အမည် လှလှလေးနှင့်ပင် မလိုက်ဖက်သော၊ လေယူလေသိမ်း။

ထိုနှစ်တစ်နှစ်လုံး၊ ဆယ်တန်းစာမေးပွဲကို ပြန်ဖြေဖို့၊ ကျွန်တော် ကြိုးပမ်းသည်။ သူငယ်ချင်းဖြစ်သူ တာတီးထံသို့လည်း ကောင်း၊ မြင့်မြင့်သိန်းထံသို့ လည်းကောင်း၊ မကြာခဏ ရောက်ဖြစ်သည်။ မသိနားမလည်သော သင်ခန်းစာများကို သူတို့ထံမှ မေးမြန်း မှတ်သားရသည်။ မိုးကျမယ်ဟု၊ ခေါ်သော မိမိုးထံသို့ ကျွန်တော် မရောက်။

ကျွန်တော့် အမေဒေါ်ခင်လေးက မုဆိုးမဖြစ်သည်။ သားသမီး သုံးယောက်အနက် ကျွန်တော်က အကြီးဆုံးသား။ အငယ်





နှစ်ယောက်မှာ မိန်းကလေးများ ဖြစ်ကြသည်။ အမေက အိမ်တွင်း စက်ချုပ်လုပ်ငန်းကို လုပ်ကိုင်သည်။ ကျွန်တော်တို့ မောင်နှမတွေက ဝိုင်းဝန်းကူညီကြရသည်။

ဆယ်တန်း နှစ်နှစ် ဆက်တိုက်ကျသည်ကို မဆူမပြော၊ အပြစ်မတင်၊ "အောင်မယ် ထင်သေးရင်တော့၊ ဆက်ဖြေပေါ့။ ကျူရှင်တက်ချင်လည်းတက်၊ မဖြေလည်းမဖြေချင်တော့ဘူး ဆိုရင်တော့၊ အိမ်အလုပ်ပဲ ပိုလုပ်ပေါ့။ ပညာတတ် ဘွဲ့ရလေးဖြစ်ရင်တော့ ကောင်းတာပေါ့ဟယ်။ လူဆိုတော့ လက်လှုပ်ရင် ပါးစပ်လှုပ်ဖို့တော့ မခဲယဉ်းဘူးပေါ့။ ပညာလေးနဲ့ လက်လှုပ်တော့၊ လက်လှုပ် သက်သာတာပေါ့" ဟု၊ ပြောပြီး သူ ပြောတတ်သလောက် စကားလုံးများဖြင့် အားပေးစကားပြောသည်။

ညီမနှစ်ယောက်အနက်၊ တစ်ယောက်က ဒီနှစ်ဆယ်တန်း တက်ပေလိမ့်မည်။ အငယ်ဆုံးတစ်ယောက်က ရှစ်တန်းတက်ရပေမည်။ ကျွန်တော့်မှာ ညီမဖြစ်သူနှင့် ဆယ်တန်းအတူဖြေရမည်ကို တွေးပြီး၊ နည်းနည်းတော့ ရှက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"တာတီး၊ မိမိုးကို တွေ့မိလား"

သချ်ာတွက်ရင်းဖြင့် ကျွန်တော် မေးသည်။

"မင်းက . . သချ်ာတွက်နေရင်းနဲ့ ဘယ်လိုလုပ် မိမိုး အကြောင်းကို ခေါင်းထဲ ရောက်လာတာလဲ" ဟု၊ တာတီးပြောသည်။

ကျွန်တော်က . . .

"မတွေ့တာကြာလို့ မေးမိတာပါကွာ။ သူ့အိမ်က သူ့ကို ဆယ်တန်းပြန်မဖြေခိုင်းဘူးလား မသိဘူး"

တာတီးက . . .

"သူ့ အိမ်ကဖြေခိုင်းတော့ရော၊ သူကိုယ်တိုင် စိတ်မပါဘဲနဲ့ဖြေရင်တော့ ဘယ်လိုလုပ် အောင်မှာလဲ။ မင်းတောင် မင်းအမေဖြေခိုင်းလို့ ဖြေတာလား၊ ကိုယ့်ဘာသာဖြေချင်လို့ ဖြေတာလား"

"ကိုယ့်ဘာသာ ဖြေချင်လို့ဖြေတာပေါ့ကွ" ဟု၊ ကျွန်တော် ပြောလိုက်၏။

"အဲဒါဆို မင်း သူများအကြောင်း ခေါင်း





ထဲ မထည့်နဲ့။ ကိုယ့်စာကိုယ်လုပ်"

"အေးပါကွာ။ မနက် အိပ်ရာထတာနဲ့ စာကျက်။ ပြီးတာနဲ့ အမေဝယ်ခိုင်းတဲ့ ပစ္စည်းတွေကို မြို့ထဲမှာ သွားဝယ်။

ပြန်လာရင် . . မင်းနဲ့ မြင့်မြင့်သိန်းဆီမှာ ကျူရှင်တက်၊ ပြီးလို့ရှိရင် အိမ်ပြန်ပြီး စာကျက်၊ တစ်နေ့ တစ်နေ့ တော်တော် မအားဘူး။ အဲဒါကြောင့် မိမိုးကို မတွေ့ဖြစ်ဘူး။ မတွေ့ဖြစ်လို့မေးတာ။ မိမိုးတွင်မဟုတ်ပါဘူးကွာ။ ဘယ်သူနဲ့မှကို မတွေ့ဖြစ်ဘူး"

တာတီးက . . .

"အဲဒီလို နေ့မနား၊ ညမနား လုပ်မှ စာမေးပွဲ အောင်မှာ"

"ဟုတ်ကဲ့ပါ ဆရာ" ဟု၊ ကျွန်တော် ပြောလိုက်သည်။

"ကဲတပည့်၊ ဆရာပြောတာ နားထောင်၊ ဒီတစ်ပုဒ် တွက်ပြီးရင်၊ မေးခွန်းဟောင်းထဲက တစ်ပုဒ် ပြန်တွက်ရအောင်။ မြန်မြန်လုပ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com

နေရင် အင်္ဂလိပ်စာ ဆရာမကြီး ဒေါ်မြင့်မြင့်သိန်း လာလိမ့်မယ်"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ တွက်လက်စ သင်္ချာ ပုစ္ဆာထဲတွင် အာရုံနှစ်လိုက်၏။

သင်္ချာပညာဖြင့် . . ဘဝကို ကြိုတင်တွက်ချက်နိုင်လျှင် ကောင်းလေစွ။

"မိမိုးရေ . . ။ မင်းညိမ်း လာတယ်"

မိမိုး၏ မိခင် ဒေါ်စံတင်က၊ ဆိုင်ခုံပေါ်မှ ဟင်းသီးဟင်းရွက်များကို၊ စီစီရီရီပြုရင်း၊ အိမ်အတွင်းသို့ လှမ်းအော်ပေးသည်။





ပြီးနောက် ကျွန်တော့်ဘက်သို့လှည့်ကာ -

"မင်းညိမ်း၊ မင်းက စာမေးပွဲ ပြန်ဖြေဦး မလို့ဆို"

"ဟုတ်ကဲ့ အဒေါ်၊ အခု ဖောင်တင်ပြီး ပြန်လာတာ။ မိမိုးရော ပြန်မဖြေဘူးလားလို့ လာမေးတာ"

"အမယ်လေး၊ နှစ်နှစ်ဖြေပြီးတာတောင် မအောင်တာ ထပ်ဖြေလည်း အပိုပဲပေါ့။

နင်တို့ တစ်အုပ်စုလုံး၊ ရှစ်တန်းနှစ်နှစ်၊ ကိုးတန်းနှစ်နှစ်၊ ဆယ်တန်းနှစ်နှစ်၊ တော်ရောပေါ့။ မိဘတွေ ရှာရဖွေရတာ မလွယ်ဘူး"

ကျွန်တော်က . . .

"မြင့်မြင့်သိန်းနဲ့ တာတီး အောင်ပြီးပြီ၊ အဒေါ်ရဲ့။ ကျွန်တော်နဲ့ မိမိုးပဲ ကျန်နေတာ"

"မပြောတတ်တော့ဘူးဟေ့။ ရှာရဖွေရ မလွယ်တာပဲ ငါသိတယ်"

ထိုစဉ် မိမိုးရောက်လာ၏။ ဒေါ်စံတင်က ဆိုင်ခုံပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းပြီး၊ အိမ်ထဲသို့ ဝင်သွားသည်။ မိမိုး၏ သနပ်ခါးပါးကွက်ကျား ပါးပါးလေးကွက်ထားသော မျက်နှာကို ကြည့်လျက် ကျွန်တော်က-

"နင် ဘာလုပ်နေတာလဲ"

"ထမင်းစားဖို့ ပြင်နေတာ၊ နင် စားသွားမလား"

"မစားတော့ဘူး။ ငါ အိမ်ရောက်မှပဲ စားတော့မယ်"

ပြောပြီး အိမ်အတွင်းသို့လှည့်ကြည့်ကာ-

"နင့် အဖေရော၊ မမြင်ပါလား"

မိမိုးက မျက်ခုံးတွန့်ကာ ခေါင်းရမ်းသည်။ ပြီးမှ . .

"ထုံးစံအတိုင်းပေါ့။ တစ်ညလုံးသောက် တစ်နေ့လုံး အိပ်"

"ဒုက္ခပဲ" ဟု၊ ကျွန်တော် ညည်းညူမိသည်။

"ဒုက္ခတွေ ဘာတွေလုပ်မနေနဲ့။ နင်အခု ဘယ်ကပြန်လာတာလဲ"

"ငါ ဖောင်တင်ပြီး ပြန်လာတာ။ ဖောင်ပိတ်ဖို့ သုံးလေးရက်လိုသေးတယ်။ အဲဒါ နင်လည်း





တင်လိုက်ပါလား၊ နင့်ကိုလည်း ပြန်ဖြေစေချင်တယ်။ မြင့်မြင့်သိန်းနဲ့ တာတီးတောင် ငါ့ကို စာလာလာပြပေးတယ်။ ကျူရှင်ခလည်း မကုန်ဘူး။ ဖြေလိုက်ပါလားဟာ"

"တော်ပြီဟာ မဖြေတော့ပါဘူး။ ဖြေလည်း အောင်မှာ မဟုတ်ဘူး။ တစ်နေ့တစ်နေ့ အိမ်ရဲ့ ဆင်းရဲဒုက္ခတွေကြည့်ပြီး ဘာမှမလုပ်ချင်တော့ဘူး။ စာလည်း ကျက်လို့ရမှာ မဟုတ်ဘူး"

"အဲဒါဆို နင့်ဘဝအတွက် ဘာဆက်လုပ်မလဲ"

"မသိဘူး။ ငါသိတာ တစ်ခုပဲရှိတယ်။ ဆင်းရဲတဲ့အလုပ်ဘာမှ မလုပ်ချင်ဘူး"

"ဆင်းရဲတဲ့ အလုပ် ဘာမှ မလုပ်ချင်ဘူးဆိုတော့ ချမ်းသာတဲ့အလုပ်က ဘာရှိလို့လဲ။ လူဆိုတာ ကိုယ့်အထွာနဲ့ ကိုယ်ပဲ။ ဆင်းရဲတဲ့ လူက ဆင်းရဲတဲ့ အလုပ်လုပ်ရမှာပဲ။ ကျောင်းသားက စာကျက်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိမိုးက . . .

"အမေက ငါ့ကို ကုန်စိမ်းဆိုင်တစ်ဆိုင် ထပ်ဖွင့်တဲ့ . . .။ အဲဒီ ကုန်စိမ်းတွေကို ဂိုဒေါင်ကြီးတစ်ခုစာ လှောင်ပြီးရောင်းရင်တောင်၊ ငါ ချမ်းသာမှာ မဟုတ်ဘူး။ အဲဒါကြောင့် ငါ ဘာမှ မလုပ်ချင်တော့ဘူး"

"နင့်အမေကရော၊ ဘာမှ မလုပ်တော့ဘူးလား"

"ဆန်အိတ်ထမ်းတဲ့သူ၊ ဆန်ဂိုဒေါင်တွေမှ မရှိတော့တာ၊ ဘာသွားထမ်းရမှာလဲ။ သူလည်း ညစ်ပြီးသောက်နေတာ နေမှာပေါ့"

"မဟုတ်သေးပါဘူး မိမိုးရယ်။ နင်တို့သားအဖတွေကတော့ ထိုင်ပြီး စိတ်ညစ်နေကြတာပဲ။ နင့်ကို ငါ ဘယ်လို အကြံပေးရမှန်းတောင် မသိတော့ဘူး။

ကျောင်းသားကျောင်းသူအရွယ်၊ စာကျက်တဲ့ အလုပ်တော့ လုပ်နေစေချင်တယ်ဟာ"





"ငါပြောပြီးပါပြီကော၊ စာကျက်တာလည်း ဒုက္ခ ကင်းကင်းဝေးဝေး စိတ်ချမ်းချမ်းသာသာ၊ လူချမ်းချမ်းသာသာလေးနဲ့ ကျက်ရမှ အဆင်ပြေမှာဟ"

ကျွန်တော် ခေါင်းကုတ်လျက်၊ ဈေးခုံပေါ်ရှိ ကန်စွန်းရွက်ဘွေ၊ ဆူးပုပ်ရွက်တွေ၊ ရှောက်သီးတွေ၊ သံပုရာသီးတွေနှင့် အခြားသီးနှံတွေကိုသာ၊ ငေးကြည့်နေဖြစ်တော့သည်။ စိမ်းလန်းသော ထို အသီးအရွက်တွေ ကြာရှည်မစိမ်းလန်းမှာကို ကျွန်တော် စိုးရိမ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၄)

"ကဲ မင်းညီမ်း။ နင် . . အက်ဆေးရေးမှာလား ၊မိုးကျမယ်အကြောင်းကို ပြောနေမှာလား"

မြင့်မြင့်သိန်းက ကျွန်တော့်ရှေ့မှ စာအုပ်ကို ဆွဲယူရင်း မေးသည်။ ကျွန်တော်က ဘော်ပင်အဖုံးကို ပိတ်ပြီး . . .

"မိမိုး အကြောင်းကို ပြောနေတာ မဟုတ်ဘူး။ မိမိုးတို့ မိသားစု ဒုက္ခကို ပြောနေတာ၊ အဲဒီ ဒုက္ခကို ငါ ဘယ်လို ကူညီရမှန်းလည်း မသိဘူး။ အဲဒါကို ငါ စိတ်မကောင်းဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့်သိန်းက . . .

"ဟဲ့ လူတိုင်း လူတိုင်း ဒုက္ခကိုယ်စီနဲ့ချည်းပဲ။ နေရာကွက်ကျား စိတ်ပူမနေနဲ့"

တာတီးက . . .

"ဟုတ်တယ် မင်းညိမ်း။ ငါတို့ နေတာ၊ ဆင်ခြေဖုံး ရပ်ကွက်၊ ဆင်းရဲသားရပ်ကွက်၊ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ၊ တောင်မင်း မြောက်မင်း မကယ်နိုင်ဆိုတဲ့အဖြစ်ပျက်မျိုးတွေ အများကြီးပဲ။ ဒီရပ်ကွက်ထဲမှာ အဲဒါတွေကို လိုက်ပြီး၊ ခံစားစိတ်ပူနေမယ်ဆိုရင်၊ အေးတဲ့နေရာ တစ်နေရာမှတောင် ရှိမှာ မဟုတ်ဘူး"

ကျွန်တော်က . .

"မိမိုးက၊ ငါတို့ သူငယ်ချင်းလေကွာ"

မြင့်မြင့်သိန်းက ကျွန်တော့်ရှေ့သို့ စာအုပ်ပြန်ချပေးရင်း

"သူငယ်ချင်း ဖြစ်ဖြစ်၊ သူစိမ်း ဖြစ်ဖြစ်၊ စောင်မ,ကြည့်ရှုရမယ့် တာဝန်တော့ ရှိတာပေါ့။ နှုတ်၏ စောင်မခြင်း၊ လက်၏ စောင်မခြင်း





တဲ့။ အပေးအကမ်းအစွန့်အကြဲနဲ့ ကူညီစောင်မလို့ မရတဲ့ကိစ္စ။ နှုတ်၏စောင်မခြင်းတွေနဲ့ အကြံကောင်းဉာဏ်ကောင်းပေးပြီးပြီပဲ၊ တော်ရောပေါ့။

သူတစ်ပါး ဒုက္ခကို ကူညီချင်ရင်၊ ငြိမ်းပေးချင်ရင်၊ ကိုယ့်ဒုက္ခကို ကိုယ် အရင်ငြိမ်းရတယ်။ အခု နင့်မှာ ဆယ်တန်းမအောင်သေးတဲ့ ဒုက္ခရှိနေသေးတယ်။ အဲဒီ ဒုက္ခကို အရင်ငြိမ်းလိုက်ဦး"

ကျွန်တော် ခေါင်းညိတ်လိုက်ရသည်။ ဘောပင် အဖုံးကို ပြန်ဖွင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်တွင်၊ ညီမနှစ်ယောက်၏ စက်ချုပ်သံ တဂျောင်းဂျောင်း။ အပေါ်ထပ်သို့တက်လာသော ခြေသံကိုကြားသော်လည်း ကျွန်တော် လှည့်မကြည့်ဖြစ်။ အမေ့ခြေသံမှန်း ကျွန်တော် သိသည်။

"ဟဲ့ သားကြီး။ စာကျက်တာလည်းကျက်၊ သိပ်လည်း အပင်ပန်းခံမနေနဲ့၊ ကျန်းမာရေး ထိခိုက်မယ်။ မနက်ကျရင် ပိတ်အုပ်ကို အမေပဲ သွားဝယ်လိုက်မယ်။ နင်သွားမဝယ်နဲ့တော့"

ကျွန်တော် အမေ့ကို လှည့်ကြည့်ပြီး . . .

"ရပါတယ်။ ကျွန်တော် သွားဝယ်ပါ့မယ်။ အလတ်မတောင် စက်ကူချုပ်နေတာပဲ။ ကျွန်တော် ပိတ်အုပ်သွားဝယ်တာ မပင်ပန်းပါဘူး"

"မဟုတ်ဘူး၊ နင်က နေ့မအိပ် ညမအိပ်၊ စာကျက်နေတော့၊ လောလောဆယ် အိမ်အလုပ်ကို ကူလုပ်မနေနဲ့။ စာမေးပွဲပြီးမှ လုပ်"

"အောင်မှ ဖြစ်မှာမို့လို့ ကြိုးစားနေရတာအမေ။ ကိုယ့်ထက်အငယ်က ကိုယ့်ကိုကျော်တက်





တော့မယ်။ အဲဒီ့ တစ်ခုတည်းနဲ့တင် ရှက်စရာကောင်းနေပြီ။ အဲဒါကြောင့် မအိပ်မနေကြိုးစားနေတာ"

အမေက ဘုရားစင်ရှိရာသို့ သွားရင်း . . .

"အေး . . .။ အောင်ချင်စိတ်ရှိတာပဲ . . အမေကျေနပ်ပါတယ်။ ကြိုးစားရင် အောင်မှာပေါ့ဟယ်။

ကဲ . . သားသမီးတွေ ကံကောင်းအောင်၊ အမေ ဘုရားရှိခိုးလိုက်ဦးမယ်"

ကျွန်တော် ထိုင်ရာမှ ထ,ပြီး၊ လှေကားရှိရာသို့ သွားသည်။

"အမေ၊ ခဏနေဦး။ ကျွန်တော် အောက်ထပ်ကို အော်စရာရှိလို့"

"ဘာအော်ဦးမလို့လဲ"

အမေက ဘုရားစင်ရှေ့တွင် ထိုင်လျက်မေးသည်။ အမေ့ကို ပြန်မဖြေတော့ဘဲ၊ အောက်ထပ်သို့ ခေါင်းငုံ့လျက် . .

"ဟဲ့ သင်းသင်းနဲ့ လင်းလင်း"

ကျွန်တော့် အော်သံကြောင့်၊ စက်ချုပ်သံများရပ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါကျမှ ကျွန်တော်က . .

"နင်တို့ အလုပ်ပြီးရင် စာကျက်ကြဦးနော်။

လင်းလင်း၊ နင့်ရှစ်တန်း စာမေးပွဲက ပိုနီးနေတာ

နင်ပိုပြီး ဂရုစိုက်"

ဟုတ်ကဲ့သံကြားမှ စာကြည့်စာပွဲသို့ ကျွန်တော် ပြန်ထိုင်သည်။ တီးတိုးညင်သာစွာသော၊ အမေ့ဘုရားရှိခိုးသံကို ကြားရ၏။





(၅)

ထိုအချိန်၊ ထို အခြေနေအထိ ကျွန်တော့်မှာ ဆယ်တန်းမအောင်သေးသည်မှအပ၊ မည်သည့် စိတ်ဒုက္ခမျှ မရှိသေး။ အိမ်ထောင်သည်ဘဝကို စောစီးစွာရောက်ရလိမ့်မည်ဟု၊ မထင်ဖြစ်သေး။ မိုးကျမယ်ဟု၊ ခေါ်သော မိမိုးသည် ကျွန်တော့် ဇနီးမယားဖြစ်လာလိမ့်မည်ဟု၊ စိတ်ကူးဖြင့်ပင် မရည်မှတ်မိသေး။

"အခု မင်းက မြန်မာပြည်ကို ပြန်မယ်ဆို

တာ မင်း အမေကိုလည်း အသိမပေးဘူးပေါ့"

"ဟုတ်တယ်၊ ဘယ်သူမှ အသိမပေးတော့ဘူး။ ငါ့ဘာသာ ဒီတိုင်းပဲ ပြန်သွားလိုက်တော့မယ်" ဟု၊ မိုးဇော်အောင်ကို ကျွန်တော် ပြောလိုက်သည်။ မိုးဇော်အောင်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ငွေရေးကြေးရေးကရော၊ မင်း အဆင်ပြေ ရဲ့လား။ ပိုပိုလျှံလျှံ မရှိဘူး မဟုတ်လား"

ကျွန်တော်က ခေါင်းခါပြီး . . .

"အကြွေးကျေသွားတယ် ပေါ့ကွာ။ အပို အလျှံတော့ ဘာမှ မရှိဘူး"

"အဲဒါဆို မင်း ဒီကို ပြန်လာမှာလား"

"မသိတော့ဘူးကွာ၊ မီးစင်ကြည့်ကရမှာပဲ"

"မင်း အမေနဲ့ မင်း မိန်းမဆက်ဆံရေးက ရော အဆင်ပြေရဲ့လား"

"မပြေဘူး ဆိုရမှာပေါ့ကွာ။ အကျင့်စရိုက် ချင်းမှ မတူကြတာ။ ဒါပေမဲ့ ငါ့အမေက,တော့ မလိုအပ်ဘဲ ငါ့ကို တိုက်တွန်းမှာ မဟုတ်ဘူး"

"အေးပေါ့ကွာ . . ။ မင်း ဟိုရောက်ရင် ငါ့ဆီ အခြေအနေ စာရေးဦး။ အကူအညီလိုရင် လည်း အချိန်မရွေးပြော။ ငါက တစ်ကိုယ်တည်း သမားဆိုတော့ မိဘကို လုပ်ကျွေးရုံအပြင် ဘာ ပြဿနာမရှိဘူး။ မင်းက အိမ်ထောင်သည်ဆိုတော့





ငါ့ထက် ပြဿနာ ပိုမှာပေါ့ကွာ။ အိမ်ထောင်သည် ဆိုတာ နဂိုဒုက္ခရော၊ အပိုဒုက္ခရော ပိုင်ဆိုင်နေ တဲ့သူတွေပဲကွ။ ရင်ဆိုင်လိုက်ပေါ့ သူငယ်ချင်းရာ။ ယောက်ျားပဲ"

ကျွန်တော် ခေါင်းကို ခိုင်မတ်စွာ ညိတ်ပြလိုက်သည်။

ပြည်တော်ပြန်ခရီးသည် မီးများစွာကို သယ်ဆောင်သွား မိလေသလား။ သို့တည်းမဟုတ် မီးများစွာက မျှော်စောင့်နေလေ သလား။ ကြိုတင် မစဉ်းစားရဲလောက်အောင် ပူလောင်နေရ၏။ မတောက်ဘဲလောင်သောမီး။ ပြာမလွင့် လေမသက်ဘဲ လှိုက်စား ပြင်းထန်လွန်းလှ၏။

မြန်မာနိုင်ငံသို့ ခြေချလျှင်ချခြင်း၊ ဖြစ်ပျက်ဖြတ်သန်းခဲ့ ရသော ဘဝအခြေအနေကို **တွေးရင်း** ဝမ်းနည်းစိတ်ဝင်သည်။ အိမ်အပြန်လမ်းသည် ကြိုဆိုသူမရှိ၊ ပကတိ အထီးကျန်။

မိဘကို အကြောင်းမကြားဘဲ ပြန်လာခြင်းအပေါ် အမေ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဆိုလေမလား။ မိုးကျမယ် အပြစ်ဆိုလျှင်ကော၊ မည်သို့သော အကြောင်းပြချက်၊ မည်သို့သော စကားလုံးဖြင့် ဖြေရှင်းပြရမလဲ စဉ်းစားတွေးတောရင်း၊ စိတ်မောလာရသည်။

ပြန်ချင်၍သာ ထ, ပြန်လာရသည်။ ရှေ့, **မနက်ဖြန်** ဘဝ တစ်သက်ပန်အတွက်၊ မည်သည့်ရည်ရွယ်ချက်မျှ **မရှိသေး။** ပြန် လာခဲ့ရာ ပြည်ပဒေသသို့၊ ပြန်သွားဖို့ရာလည်း၊ **စိတ်မပါတော့ချေ။** နောက်ဖြစ်နောက်ရှင်းဟူသော၊ စိတ်နှလုံးဖြင့်သာ **ဒုံးဒုံးချ၍** ပြန် ခဲ့ရသည်။

ဘာဖြစ်လို့ ပြန်လာတာလဲ၊ ဘာပြဿနာ ဖြစ်လာလို့လဲ ဟု၊ သိကျွမ်းသော တစ်စုံတစ်ယောက်က မေးမြန်းခဲ့လျှင် ရေငုံ နှုတ်ပိတ်နေရမလား၊ သို့မဟုတ် မုသားစကားအမျိုးမျိုးဖြင့် အကြောင်းပြရလေမလား စသော လားပေါင်းများစွာကိုစဉ်းစား ရင်း၊ စိတ်ခန္ဓာတစ်ခွင်လုံး ခွေကျမတတ် ကျဉ်းကျပ်လာသည်။

အိမ်အပြန်ခရီးပင် . . ဖြစ်လင့်ကစား၊ မည်သည့်အိမ်ကို အရင်ပြန်ရမည် မသိ။ ဇနီးမယားနှင့်သားဖြစ်သူကို အရင်မြင်ချင် ပါလျက် အမေ့အိမ်ကိုသာ အရင်ဝင်ဖြစ်ပေလိမ့်မည်။

ကျောင်းပြေးထားသော . . . ကျောင်းသားတစ်ယောက်၊





ကျောင်းခန်းတွင်းသို့ ဝင်ဖို့ခက်နေသည့်ပမာ။

ကျောင်းပြေးလာသော ကျောင်းသားတစ်ယောက်၊ စိတ် မလုံခြုံစွာဖြင့်၊ အိမ်ပြန်ရသည့်ပမာ၊ ရင်မှာ စိုးထိတ်နေရသည်။

မီးတောင်ကြီးများ၊ ဆီးကြိုနေလေမလား၊ ဟုန်းကနဲ ထ, တောက်တတ်သော ကောက်ရိုးမီးနဲ့များ၊ ကြုံရလေမလား။ **မီးငွေ့** မီးရောင်တို့ဖြင့်၊ အိမ်အပြန်ခရီးက ကြိုဆိုနေသည်ဟု၊ ခန့်မှန်း ပုပင်ရပြန်သည်။

သိုင်းဝိုင်းစုစည်း၊ ပျော်ပိုက်စွာ အိမ်ပြန်ချင်ပါလျက်၊ အိမ် မပြန်ရဲလောက်အောင် ကြိုတင်ကြောက်ရွံ့နေမိသည်။ မည်သည့် ကြိမ်ဒဏ်ချက်ကြောင့် အိမ်အပြန်ခက်ရလေမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



(၆)

"ကြိုးစားရင် အောင်မြင်တာပဲ" ဟု၊ အမေ ပြောသည်။ "သမီးလည်း ကြိုးစားတာပဲ" ဟု၊ အလတ်မ သင်းသင်းညိမ်းက, ပြောသည်။ အမေက ပြုံးလျက် . . .

"အေး . . ။ ကြိုးစားတာချင်း တူရင်တောင် အောင်ချင်စိတ်ပြင်းထန်တဲ့သူက အောင်ဖို့ပိုများ တာပေါ့။ အခု ညည်းကအဲဒီပြင်းထန်တဲ့ စိတ်လေး နည်းသွားလို့နေမှာပေါ့အေ။ မဟုတ်ဘူးလား"

အငယ်ဆုံး ညီမ လင်းလင်းညိမ်းက -

"မမလတ်ကလည်း၊ ကိုကြီးအောင်တာကို မနာလိုသလို ဖြစ်နေပြီ။ မမလတ် မအောင်ပေမဲ့ ကိုကြီး အောင်တာပဲ။ ပျော်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီး အောင်တာတော့ ပျော်တာပေါ့။

ဒါပေမဲ့ . . ငါကျတော့ ငိုချင်တာပေါ့"

ကျွန်တော်က၊ သင်းသင်းညိမ်းဘက်သို့ လှည့်ကာ . . .

"မငိုချင်ပါနဲ့ဟာ၊ စိတ်ဓာတ်လည်း မကျနဲ့၊ ငါတောင် နှစ်နှစ်ကျပြီးမှ အောင်တာပဲဟာ။ စာထဲပေထဲ ပါတဲ့ စကားတစ်ခွန်းပြောမယ်။ တစ်ခါတည်း မှတ်ထား။ ကျရှုံးဖူးမှ အောင်မြင်မှုရဲ့ . . အရသာကို ပိုသိမယ်တဲ့။ အဲဒီတော့ . . အောင်မြင်မှုရဲ့ အရသာကို သိဖို့ တစ်နှစ်ကျတယ်လို့၊ ကိုယ့်ကိုယ်ကို တွေးလိုက်။ နောက်တစ်ခါဖြေရင်တော့ အောင်အောင်ဖြေပေါ့၊ မဟုတ်ဘူးလား"

သင်းသင်းညိမ်းက, ခေါင်းညိတ်လေ၏။

ကျွန်တော် အမေ့ဘက်သို့လှည့်၍ . .

"အမေ့၊ ကျွန်တော် သူငယ်ချင်းတွေဆီ သွားလိုက်ဦးမယ်နော်"

"အေး၊ အေး။ အပျော်လည်း လွန်မနေနဲ့ဦးနော်" ဟု၊ အမေပြော၏။ "ဟုတ်ကဲ့ပါ" ဟု၊ ကျွန်တော် ပြော၏။ ကျွန်တော်





လွန်စွာ ပျော်သည်။ တာတီးနှင့် မြင့်မြင့်သိန်းတို့ကိုလည်း ကျွန်တော် ကျေးဇူးတင်သည်။ သူတို့လည်း ပျော်နေပေလိမ့်မည်။ မိုးကျမယ်ကိုလည်း၊ ကျွန်တော့်ကဲ့သို့ ပျော်စေချင်၏။

"မိမိုး . . နင်ရော ပြန်ဖြေပါလား" ဟု၊ မိုးကျမယ်ကို မြင့်မြင့်သိန်းက, ပြောသည်။ မိုးကျမယ်က နှုတ်ခမ်းမဲ့လျက် . . ,

"မဖြေတော့ပါဘူးဟာ ။ အောင်တော[illegible]ညီး ဘာလုပ်မှာလဲ။ အောင်ရင်တောင် တက္ကသိုလ်ဆက်တက်ဖို့ ငွေရေးကြေးရေးအကြောင်း ဦးနှောက်ခြောက်ရဦးမယ်"

တာတီးက . . .



www.burmeseclassic.com

www.burmeseclassic.com



"မိမိုး နင်ဘာတွေပြောနေတာလဲ။ နင်ပြောလိုက်ရင် အဲဒီ ငွေရေးကြေးရေးအကြောင်းတွေချည်းပဲ။ ငွေမရှိရင် လောကကြီးမှာ နေစရာမရှိတော့တဲ့ပုံ။

အခု မင်းညိမ်း စာမေးပွဲအောင်တာ ဘာငွေမှ မကုန်ဘူး။ နင် အခု မေးကြည့်လိုက်"

မိုးကျမယ်က . . .

"မမေးတော့ပါဘူး။ ဘာဖိုးမှ မကုန်ဘူးဆိုပေမဲ့ . . သူတို့ အိမ်တွင်းအလုပ်က ဝင်ငွေမှန်တယ်ဟဲ့။ ထွေထွေထူးထူး သိပ်ပူစရာ မလိုဘူး။ ငါတို့ အိမ်မှာက မိသားစု သုံးယောက်တည်း ရှာလည်နေတာ ကြာပြီလေ"

မြင့်မြင့်သိန်းက . . .

"ငါတို့လည်း ဆင်းရဲပါတယ်ဟယ် မိမိုးရယ်။ ဒီလိုပဲ . . အဆင်ပြေပြေ မပြေပြေ၊ ကိုယ့်စာကိုယ်တော့ ရအောင်ကျက်လာရတာပဲ"

မိုးကျမယ်က . . .





"မြင့်မြင့်သိန်းရယ် . . နင်တို့ မသိပါဘူး။ ကျောင်းဝတ်စုံတောင် နှစ်စုံတည်းနဲ့ ကျောင်းတက်ခဲ့ရတာ။ ကျောင်းက ဘာကြေးညာကြေးအတောင်းခံရတိုင်း အိမ်မှာ ဘယ်လို လက်ဖြန့်ရမှန်း မသိဘူး။ အဖေက မူးလိုက်၊ အမေက ညည်းလိုက်နဲ့၊ တစ်နေ့ ထမင်းနှစ်နပ်ကို၊ ဘာအရသာမှ မရှိဘဲ ငါ စားနေရတာ။ ထမင်း အလုပ်တိုင်း၊ အလုပ်တိုင်း၊ လည်ချောင်းထဲမှာ နင်,နင်နေတယ်။ အဲဒါ နင်တို့ သိလား"

မိုးကျမယ်၏ မျက်လုံးထဲတွင် မျက်ရည်ဝေ့ဝေ့ကို တွေ့ရ၏။ ကျွန်တော် ဘာမှ ဝင်မပြောမီ တာတီးက . . .

"လူတိုင်း ဆင်းရဲကြတာပဲဟ။ အဲဒီအပေါ်မှာ နှလုံးသွင်းနိုင်တဲ့ အယူအဆမှားရင် ဒုက္ခရောက်တတ်တယ်.

ဆင်းရဲတာက တစ်ပိုင်း။ ကြိုးစားစရာ ရှိတာကို ကြိုးစားရမှာက တစ်ပိုင်း။ အဲဒီလို အပိုင်းခွဲထားရတယ်။ အယူအဆမှားရင် အတွေးအခေါ်



www.burmeseclassic.com

www.burmeseclassic.com



မှားတယ်။ အတွေးအခေါ် မှားရင် စိတ်ဓာတ် ပျက်ပြားတတ်တယ်။ စိတ်ဓာတ်ပျက်ပြားပြီဆိုတာနဲ့ ကျန်တာ အားလုံး သွားပြီ။

မင်းညိမ်း အမေ မုဆိုးမ။ ကလေး သုံးယောက် မိခင်။ စက်ချုပ်တယ်။ မြင့်မြင့်သိန်း အဖေ ဆိုက္ကားသမား။ အမေ လမ်းဘေးဈေးသည်။ သားသမီး ငါးယောက်။ ငါ့အဖေ ညစောင့်။ ငါ့အမေ ပဲပြုတ်သည်။ သားနှစ်ယောက်။ ဘယ်သူ ချမ်းသာတာပါလဲ ပြော"

မိုးကျမယ်က၊ မျက်လုံးကို လက်ဖြင့်ပွတ်ပြီး . . .

"ဘယ်သူမှ မချမ်းသာပါဘူး။ ဒါပေမဲ့ . . အဲဒီ မိသားစုတွေထဲမှာ . . အရက်သမားတစ်ယောက်မှ မပါဘူး။ ဘစ်နေ့တစ်နေ့ ညည်းလိုက် ညူလိုက် အော်လိုက်ဟစ်လိုက်၊ တစ်ယောက်မှ မပါဘူး။

ငါက . . အမူးသမား အဖေနဲ့ မြည်တွန်တောက်တီးတတ်တဲ့ အမေကြားမှ နေ့နေရတာ။





ကျူရှင်လေးတစ်ခုလောက်တက်ချင်လိုက်တာလို့ ပြောမိလိုက်တာနဲ့ . . ပိုက်ဆံအပို အကုန်မခံနိုင်ဘူးဟေ့ ဆိုတဲ့ အသံကို ကြားရတော့တာပဲ။

ကြာတော့ . . ပိုက်ဆံချမ်းသာရင် သိပ်ကောင်းမှာပဲ ဆိုတဲ့ အတွေးကလွဲပြီး ငါ့ခေါင်းထဲမှာ ဘာမှ မရှိတော့ဘူးဟ။ ဘာစာမှလည်း မကျက်ချင်တော့ဘူး"

ကျွန်တော်က . . .

"ဒါဆို နင် ဒီတစ်နှစ်လုံး နင့်အိမ်မှာ ဘာလုပ်နေလဲ"

မိုးကျမယ်က . . .

"မရှိမဲ့ ရှိမဲ့လေးနဲ့ ကိုယ့်ကိုယ်ကို အလှပြင်ပြီး ကျော့ကျော့လေးနေတာပေါ့။ အမေက ဆိုင်ထိုင်ခိုင်းရင် ထိုင်လိုက်တယ်။ ထမင်းချက်ခိုင်းရင် ချက်လိုက်တယ်။ ဒါတောင် ငါယောကျ်ား **မဟုတ်လို့။ ယောကျ်ားလေးသာ ဆိုရင် အဖေက အရက်ဝယ်ခိုင်းဦးမလား မသိဘူး"**



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က . . .

"စာမေးပွဲ ပြန်မဖြေချင်တော့ဘူးဆိုလည်း နင် အလုပ်တစ်ခု လုပ်ပေါ့။ ငါ့အမေဆီမှာ စက် လာချုပ်မလား"

မိုးကျမယ်က . . .

"အဲဒီမှာတွင် ငွေရှိဖို့လိုလာပြီလေ။ နင်တို့ အိမ်မှာလာချုပ်တာနဲ့၊ ငါ့ အိမ်မှာ စက်ကလေး တစ်လုံးရှိရင် ငါ့ဘာသာ ချုပ်တာနဲ့ ဝင်ငွေချင်း အခြေအနေချင်း မတူတော့ဘူး"

ကျွန်တော်က . . .

"ရသလောက် ဝင်ငွေနဲ့ စပြီး၊ အဲဒီ ဝင်ငွေ လေးကို စု၊ စုပြီး စက်တစ်လုံးဝယ်။ အဲဒီလို . . အဆင့်ဆင့်တော့ ကြိုးစားရမှာပေါ့။

ငါ့ အမေလည်း၊ ဒီလိုပဲ စုလိုက် ဆောင်း လိုက်နဲ့ စက်သုံးလေးလုံးဖြစ်လာတာလေ။ ရေကန် အသင့်ကြာအသင့်တော့ လတ်တလောကြီးဘယ် ဖြစ်နိုင်မလဲဟ။ အဆင့်ဆင့် ကြိုးစားကြရတာပဲ"





မိုးကျမယ်က . . .

"ငါက,တော့ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်ဆိုတာပဲ စိတ်ဝင်စားတယ်။ မကြိုးစား ချင်လို့ ပြောတာမဟုတ်ဘူး။ ကြိုးစားဖို့ အင်အား ကို မရှိတာဟဲ့"

"ဒုက္ခပဲ" ဟု၊ ကျွန်တော် ညည်းညူမိသည်။ တာတီးက, ဘာမှ ဆက်မပြောနဲ့တော့ဟူသော အဓိပ္ပါယ်ဖြင့် ခေါင်းခါပြ၏။ သက်ပြင်းတစ်ချက် ခိုးချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၃)

ဆင်းရဲသူ ဆင်းရဲသားတို့၏ ထွက်ရာလမ်းဟူသည် အဘယ်နည်း။ ဆင်းရဲခြင်း၊ ချမ်းသာခြင်းဟူသော ကွဲပြားမှုသည် အဘယ်အကြောင်းကြောင့် ဖြစ်ရသနည်း။ တချို့က . . အလုပ်လုပ်လျက်၊ အလုပ်ကြိုးပမ်းလျက် ဆင်းရဲမြဲ ဆင်းရဲကြသည်။ တချို့က အလုပ်မလုပ်၊ အလုပ်မကြိုးပမ်းခြင်းကြောင့် ဆင်းရဲကြသည်။ အလုပ်မလုပ်ချင်၊ မကြိုးပမ်းချင်သူများ ဆင်းရဲသည်က ကိစ္စမရှိ။ လုပ်ကိုင်ကြိုးပမ်းပါလျက် ဆင်းရဲတွင်းနက်မှ ရုန်းမထွက်နိုင်သူများ ရှိနေတတ်ပြန်သည်။

အချို့က မွေးရာပါ ချမ်းသာကြ၏။ အထွေအထူး ကြိုးပမ်းနေစရာမလို။ ရှေးယခင် ကြွယ်ဝသူများ ရွှေလင်ပန်းနဲ့ အချင်းဆေးကြသကဲ့သို့၊ အထူးကု ဆေးရုံကြီးများတွင် ပါရဂူကြီးများဖြင့် အချင်းဆေးကြသည်။ သူတို့ကရော. . ဘာကြောင့် ကြွယ်ဝချမ်းသာနေကြရသလဲ။ "ကံကောင်းလို့ပေါ့"ဟူသော . . . သာမန် အဖြေစကားတစ်ခုလောက်နှင့်တော့၊ ကျွန်တော် ဘဝင်မကျချင်။



www.burmeseclassic.com

www.burmeseclassic.com



အဖြေမှန်ဟု၊ မယူဆချင်။ တခြား ကောင်းတာ တစ်ခုခုတော့ ရှိနေပေဦးမည်။ ကံကောင်းတိုင်းသာ ချမ်းသာမည်ဟု၊ ဆိုလျှင် ကျွန်တော့်အထင် ကမ္ဘာလောက၌ ကံကောင်းသူများ လွန်စွာ နည်းပါးနေပေသေးသည်။

ကံကောင်းလို့ ချမ်းသာတာဆိုရင်၊ ဆင်းရဲတာက ကံမ ကောင်းလို့ပေါ့။ ဆင်းရဲသားတွေ ဘယ်ကံမကောင်းတာလဲ။ တစ်ကိုယ်တည်း တွေးကြည့်နေမိသည်။ ကံမကောင်းတာတစ်ခုတည်းရော ဟုတ်ရဲ့လား။ တခြားမကောင်းတာ တစ်ခုခုရော ရှိနေသေးလား။ ကံမရှိ ဉာဏ်ရှိတိုင်းမွဲ ဟူသော ဆိုရိုးစကားကိုပင်၊ အလေး ဂရုပြုလျက် ထောက်ခံ ခေါင်းညိတ်ရမလား။ ကံ, ဉာဏ်, ဝီရိယ တူမျှလျှင်လည်း ဆင်းရဲခြင်းမှ လွတ်မြောက်နိုင်သည်ဟု၊ ယူဆ, ချင်သေးသည်။

တချို့က မျိုးရိုးအစဉ်အဆက်ချမ်းသာကြပြီး၊ တချို့က, မျိုးရိုးအစဉ်အဆက် ဆင်းရဲတွင်း နက်ခဲ့ကြသည်။

လောကလူ့ရွာ၏ အကောင်းစား အညွန့်အဖူး အဦး အဖျားတို့ကို၊ ချမ်းသာသူတို့သာမက ဆင်းရဲသူတို့သည်လည်း၊ ပိုင်ဆိုင်ခွင့် ရှိကြောင်း မိုးကျမယ်ကို ကျွန်တော် ပြောပြချင်သည်။





သက်သေခိုင်ခိုင်လုံလုံဖြင့်၊ လုပ်ပြချင်သည်။ သို့သော် . . . သူ နားလည်လောက်သည့် သက်သေ သဘောတရား၊ ကျွန်တော့် အနားတွင်မရှိ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်လည်း ဆင်းရဲ သား မိသားစုမှ ပေါက်ဖွားလာသော ဆင်းရဲသားတစ်ဦးပင် ဖြစ် နေသေးသည်။ နွံထဲကလူကို ရွှံ့ထဲကလူက၊ ဆရာလုပ်သည်ဟု၊ မိုးကျမယ် ထင်မြင်ပေလိမ့်မည်။ ဟားတိုက်ပေလိမ့်မည်။ လှောင် ပြောင်ပေလိမ့်မည်။

"အမေ့"

အလတ်မ သင်းသင်းငြိမ်းကို စာကျက်ခိုင်းပြီး သူလုပ်ရ မည့် အလုပ်တွေကို ကျွန်တော် ကူလုပ်နေသည်။ ပိတ်စများကို၊ တိုင်းထွာဖြတ်ညှပ်ရင်းမှ အတွေးများကို လက်စသတ်ပြီး၊ မီးပူထိုး နေသော အမေကို အားကိုးတစ်ကြီးခေါ်လိုက်မိသည်။

"အမေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဘာလဲ။ အလန့်တကြား"

"လူတွေက ဘာဖြစ်လို့ ဆင်းရဲကြတာလဲ ဟင်"

"အလုပ်မလုပ်လို့ ဆင်းရဲတာပေါ့ဟဲ့"

"အခု အမေရော ကျွန်တော်ရော တစ်အိမ်လုံး အလုပ်လုပ်နေကြတယ်လေ၊ ဘာလို့ ဆင်းရဲတာလဲ"

အမေက မီးပူကို နံဘေးတွင် တင်ပြီး . . .

"ဟဲ့ ငါတို့က ငတ်နေလို့လား။ ဆင်းရဲတယ်လို့ပြောရအောင်"

"မဟုတ်ဘူး အမေရဲ့၊ ကျွန်တော် ပြောချင်တာက၊ ဆင်းရဲသားရပ်ကွက်၊ သူဌေးရပ်ကွက်၊ ဆိုပြီး ခွဲခြားသလို အဲဒီ့လို ခွဲခြားမှု ဘာကြောင့် ဖြစ်နေတာလဲလို့ မေးတာ။ သူဌေးတွေလည်း အလုပ်လုပ်တယ်။ ကျွန်တော်တို့ ဆင်းရဲသားတွေလည်း အလုပ်လုပ်တယ်။ ဒါပေမဲ့ သူဌေးတွေကြတော့ ဇိမ်ခံကားတွေ၊ တိုက်တွေခြံတွေ၊ ရေကူး





ကန်တွေနဲ့။ ကျွန်တော် တို့ ဆင်းရဲသားတွေကြတော့ ထမင်းစားလောက်ရုံပဲရတယ်။ အဲဒါဘာကြောင့်လဲလို့ ကျွန်တော် မေးနေတာ"

"ဟဲ့ သူဌေးတွေက၊ အရင်းများတာကိုး။ အရင်းများလို့ အမြတ်များတာ အဲဒါကြောင့် ချမ်းသာတာပေါ့"

"သူတို့တွေက အရင်းများပြီး၊ ကျွန်တော်တို့တွေက အရင်းနည်းတာ ဘာကြောင့်လည်း။ သူတို့တွေက အရင်းများများ ဘယ်ကရတာလဲ"

"မင်းညီမ်း။ နင် ပိတ်ညှပ်မှာလား၊ စကားများမှာလား။ ဆယ်တန်းအောင်ပြီးဟာ နှစ်ရက်နဲ့ တစ်ပိုင်းပဲ ရှိသေးတယ်။ မအေကို စကားလုံးအကြီးတွေနဲ့ နှိပ်စက်တော့မယ်"

"ကျွန်တော် တကယ်သိချင်လို့မေးတာ . . အမေရဲ့"

"နင် သိချင်ရင် တက္ကသိုလ်တက်မှ ဆရာတွေကို မေး။ ငါ့ လာမမေးနဲ့၊ မသိဘူး။ ငါသိတာ



www.burmeseclassic.com

www.burmeseclassic.com



က အလုပ်မြန်မြန်ပြီးရင်၊ ပိုက်ဆံမြန်မြန်ရမယ်။ ပိုက်ဆံမြန်မြန်ရရင် လိုချင်တာ ဝယ်လို့ရတယ်။ ပိုက်ဆံရမှ သားသမီးတွေ လိုတာကို ဖြည့်ပေးလို့ရမယ်။

ငါ ဘာကြောင့် မုဆိုးမဖြစ်ရတာလဲ။ သူများတွေကျတော့ မုဆိုးမ မဖြစ်ဘဲ၊ ငါကျမှ မုဆိုးမဖြစ်ရလေခြင်းလို့ ထိုင်တွေးနေချိန်မရဘူး။ လူ့လောကမှာ ပိုက်ဆံရှိရင်ရှိ၊ မရှိရင် အရှိန်အဝါရှိ။ အဲဒီနှစ်ခု မရှိရင် ပညာရှိ။ အဲဒီ သုံးခုစလုံး မရှိရင် ဆင်းရဲတယ်။ အနည်းဆုံးတစ်ခုတော့ ရှိဖို့လိုတယ်။ ငါ့မှာမရှိလို့ ငါ့သားသမီးတွေမှာရှိအောင် ကျောင်းထားပေးနေတာ"

ပြောပြီး အမေက မီးသွေးမီးပူကို ယစ်တောင်ဖြင့်ခပ်နေသည်။ မီးပွားအနည်းငယ်မျှ လွင့်စင်ဖွာထွက်လာ၏။ အမေပြောသည်ကို ကျွန်တော် သိပြီး၊ ကျွန်တော် သိလိုသည်ကို အမေ,မပြောတတ်။





"နင်က သံလျှင်မှာ ဘာလို့သွားနေမှာလဲ" ဟု၊ မိုးကျမယ်က မြင့်မြင့်သိန်းကို မေးသည်။ မြင့်မြင့်သိန်းက . .

"အဲဒီမှာ ငါ့အဒေါ်ရှိတယ်။ ကျောင်းသွားရလာရတာနီးအောင်တဲ့၊ ငါ့အမေ သွားနေခိုင်းတာ။ အိမ်မှာဆိုရင် အိမ်အလုပ်ကူလုပ်ပေးရင်း၊ စာမကျက်ဖြစ်မှာ စိုးလို့တဲ့။ ငါက, သိပ်မသွားချင်ပါဘူးဟာ။ အမေလွှတ်လို့ သွားရတာ"

"နင့်အမေက, ဘာလို့လွှတ်တာလဲ"

"စာမေးပွဲထပ်ကျမှာ စိုးလို့တဲ့။ ရှစ်တန်းရော၊ ကိုးတန်းရော ဆယ်တန်းရော၊ တဖုန်းဖုန်းဖုန်းနဲ့ ကျခဲ့တာ တက္ကသိုလ်ရောက်မှာ ထပ်မကျစေချင်တော့ဘူးတဲ့။

ငါလည်း စာမေးပွဲက ကျပါများတော့၊ ကျတာကြီးကို ကြောက်လာပြီ။ နောက်ထပ် ဘာစာမေးပွဲမှ မကျချင်တော့ဘူး။ အဲဒါကြောင့် အမေ့စကားကို နားထောင်လိုက်တာ။ တက္ကသိုလ်မှာ ဆရာမ ပြန်လုပ်လို့ရတဲ့ အထိ ငါ ကြိုးစားချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဟ"

"ဒါဆို နင် ပိုက်ဆံတွေအများကြီး ကုန်မှာ ပေါ့"

"အများကြီး မကုန်ပါဘူးဟယ်။ ဘာကုန် စရာရှိလို့လဲ။ ကျောင်းသွားတယ်။ စာသင်တယ်။ စာကျက်တယ်။ ဒါပဲလေ။

ဝတ်ကောင်းစားလှလေးဝတ်။ ကျောင်းကို ကျော့ကျော့လေးသွား။ ဟေးလားဟားလား လုပ် ချင်တယ်ဆိုရင်တော့ နင်ပြောသလို ပိုက်ဆံကုန် မှာပေါ့။

ဘွဲ့တွေ၊ ဒီဂရီတွေဆိုတာ ပိုက်ဆံပေးပြီး ဝယ်လို့ရတဲ့ဟာတွေမှ မဟုတ်တာ။ ကြိုးစားတဲ့ သူတိုင်း ရနိုင်တဲ့ ဥစ္စာတွေ"

မိုးကျမယ်က . . .

"မသိပါဘူးဟာ။ တက္ကသိုလ် ရောက်ရင် ပိုက်ဆံပိုကုန်လိမ့်မယ်လို့ ငါက ထင်နေတာ"

"မထင်နဲ့။ မဟုတ်ဘူး။ နင်ထင်နေသလို





ဆိုရင် ဆင်းရဲတဲ့ လူတွေထဲမှာ ဘွဲ့ရပညာတတ် တွေ ဘယ်လိုလုပ်ရှိတော့မလဲ"

"မသိပါဘူးဟာ" ဟု၊ မိုးကျမယ် ညည်းပြောပြောသည်။ မြင့်မြင့်သိန်းက၊ ကျွန်တော့်ဘက်သို့ လှည့်ပြီး . . .

"မင်းညီမ်းတောင် အောင်သွားပြီ။ နင်လည်း ပြန်ဖြေပါလား"

"မဖြေတော့ပါဘူးဟာ။ လောလောဆယ် ငါ အလုပ်ပဲ လုပ်ချင်နေတယ်။ ဘာလုပ်ရမလဲ ငါ မသိဘူး"

သူတို့နှစ်ဦး ပြောဆိုနေကြချင်းများကို တာတီးနှင့် ကျွန်တော် ဘာမှ ဝင်မပြောဘဲ နားထောင်နေဖြစ်သည်။ ကျွန်တော် ဝင်ပြောချင်သော အရာသည် မိုးကျမယ်၏ ပညာရေး မဟုတ် တော့။ ကိုယ်ရေးကိုယ်တာ ကိစ္စများဖြစ်နေမလား စဉ်းစားရသေး သည်။ ထိုင်နေရာ အသီးအရွက် ဆိုင်ခုံပေါ် မှနေ၍ အိမ်အတွင်းရှိ မိုးကျမယ်၏ အဖေနှင့်အမေကို မသိမသာ လှမ်းကြည့်ဖြစ်သည်။ အရိပ်အရောင်မျှ မတွေ့။

တာတီး နှင့် မြင့်မြင့်သိန်း ပြန်သွားမှ၊ ပြောစရာ မေး



www.burmeseclassic.com

www.burmeseclassic.com

စရာကို မေးမြန်းပြောဆိုမည်ဟု၊ စဉ်းစားထားသော်လည်း စိတ်ကို ချုပ်တည်းမရ။ ထို့ကြောင့် တာတီးနှင့် မြင့်မြင့်သိန်း ရှိလျက်နှင့်ပင် မေးမြန်းတော့မည်ဟု၊ ဆုံးဖြတ်၏။

"ငါနင့်ကို မေးစရာရှိတယ် မိမိုး"

"ဘာမေးမှာလဲ"

"နင့်အိမ်ကို လူကြီးတစ်ယောက်၊ ဝင်ထွက်နေတာ တစ်ပတ်ဆယ်ရက်လောက်ရှိပြီ။ အဲဒါဘယ်သူလဲ"

မိုးကျမယ်က နှုတ်ခမ်းမဟဘဲ မဲ့မဲ့လေးပြုံးလျက် ...

"ဘာလို့ မေးတာလဲ"

"ဟဲ့ မေးပါတယ်ဆိုမှ အဖြေသိချင်လို့ပေါ့"

"ဘယ်လို အဖြေကို သိချင်တာလဲ"

"မိမိုး နောက်မနေနဲ့။ ငါ အတည်မေးနေတာ။ အဲဒီလူကြီးက နင့်ကို လာကြောင်နေတာတဲ့၊ ပတ်ဝန်းကျင်မှာ ပြောနေကြတယ်။ အဲဒါဘယ်သူလဲ"

မိုးကျမယ်က၊ ဆိုင်ပေါ်မှ ခွေ့ကနဲဆင်းပြီး ထမီပြင်ဝတ်လျက် ...





"ဘယ်သူ ပါးစပ်သရမ်းတာလဲ .. ပြော။ နင် မေးတာကို ငါမဖြေခင် ငါမေးတာကို နင်ဖြေ၊ ဘယ်သူ ဘာပြောတာလဲ ငါပါးသွားရိုက်မယ်"

မြင့်မြင့်သိန်းက၊ မိုးကျမယ်ကို လှမ်းဆွဲ၏။ ကျွန်တော်က ...

"ဟဲ့ ပတ်ဝန်းကျင်ကို နင် အဲဒီလို ရင်ဆိုင်လို့မရဘူးလေ"

"ဘာလို့မရရမှာလဲ။ ကိုယ့်ကိစ္စနဲ့ကိုယ် ညစ်နေတာ။ ဘုမသိဘမသိနဲ့ ပါးစပ်သရမ်းလို့ကတော့ အကုန်ပါးဆွဲရိုက်လိုက်မယ်။ ကိုယ့်ထမင်းကိုယ်စားပြီး သူများအိမ် မေးထောက်ကြည့်နေတဲ့ဟာတွေ။ ဘယ်ဘက်ပါးနဲ့ ညာဘက်ပါး ပြောင်းသွားမယ်"

မြင့်မြင့်သိန်းက ...

"ဟဲ့။ တိုးတိုးပြော နင့်အမေကြားသွားဦးမယ်"

မြင့်မြင့်သိန်း လှမ်းဆွဲထားသဖြင့် မိုးကျမယ် ပြန်ထိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က . . .

"မိမိုး။ ငါ သိချင်တာလေး အေးအေးဆေး ဆေး သိပါရစေ။ ပြဿနာမရှာစမ်းပါနဲ့."

မိုးကျမယ်က . . .

"အဲဒါ ငါ့အဖေ သူငယ်ချင်း။ အဖေ နေမကောင်းလို့ လာကြည့်တာ။ အလုပ်လေး ဘာလေး ရှာပေးဖို့ ငါက ပြောထားတာ။ နာမည်က ဦးမင်းအောင်တဲ့။ ကဲ နင်ဘာသိချင်သေးလဲ"

ကျွန်တော်က လက်ဝါးနှစ်ဖက်ကာလျက် "ဘာမှ မသိချင်တော့ဘူး။ ဘာမှ မသိချင်တော့ဘူး" ဟု ပြောလိုက်၏။ တာတီးက ရယ်မောနေလေ၏။ ပြောလိုရာ စိုးရိမ်စကားတို့ ပြည့်စုံစွာ မဆိုပြောရသဖြင့်၊ ရယ်မောဖို့ ကျွန်တော် ခက်ရသည်။





(၈)

"မြင့်မြင့်သိန်း သွားနေတဲ့ သံလျင်လိပ်စာ မင်းသိလား" ဟု၊ တာတီးကို ကျွန်တော် မေးသည်။ တာတီးက . . .

"သေချာတော့ မသိဘူး။ မင်း ဘာလုပ် မလို့လဲ"

"ငါ သူ့ဆီကို သွားချင်တယ်။ သူနဲ့တွေ့ချင် တယ်"

"မြင့်မြင့်သိန်းက Day တက်နေတာ။ သွားချင်ရင် ကျောင်းပိတ်ရက်သွားမှ ရမှာ"

"နေစမ်းပါဦး။ ငါမေးတာ ဖြေပါဦး။ မင်းက ဘာကိစ္စ သွားတွေ့ချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သက်ပြင်းချသည်။ ပြီးမှ . . .

"မိမိုးအတွက် ငါ စိတ်ညစ်နေတယ်"

တာတီးက၊ မျက်ခုံးတွန့်လျက် . .

"မိုးကျမယ်အတွက် မင်းက စိတ်ညစ်နေတယ် ဟုတ်လား။

ဩော် . . . သိပြီ။ မြင့်မြင့်သိန်းက Day တက်နေတယ်။ ငါက အဝေးသင်တက်နေတယ်၊ မင်းကလည်း . . မကြာခင် first year တက်ရတော့မယ်။ အဲဒီတော့ မိမိုး ဆယ်တန်းမအောင်သေးတာနဲ့ ပတ်သက်ပြီး မင်း စိတ်ညစ်နေတယ်ပေါ့ ဟုတ်လား"

ကျွန်တော် လက်ခါပြလျက် . . .

"မဟုတ်ဘူး။ စာမေးပွဲ ကိစ္စ စိတ်မညစ်တော့ဘူး။ သူ့ဘာသာသူ ဖြေဖြေမဖြေဖြေ။

အခုဟာက သူ့လူမှုရေးကိစ္စ။ ငါကိုယ်တိုင်မပြောချင်လို့ မြင့်မြင့်သိန်းကို ပြောခိုင်းမလို့ . . စဉ်းစားတာ"





"ဘာပြောခိုင်းမှာလဲ။ ငါ့ကိုလည်း သေချာလေးပြောစမ်းပါ"

ကျွန်တော်က . . .

"မိမိုး စားသောက်ဆိုင်မှာ အလုပ်လုပ်နေတယ်လို့ ကြားတယ်။ ဘာလုပ်တာလဲတော့ မသိဘူး။ အဲဒါ ငါ မလုပ်စေချင်ဘူးကွာ"

တာတီးက . . .

"မလုပ်စေချင်တာဘဲ၊ မလုပ်စေချင်တဲ့ အကြောင်း မင်းကိုယ်တိုင်သွားပြောပေါ့။ ဘာလို့ မြင့်မြင့်သိန်းကို ပြောခိုင်းမှာလဲ။ ကိုယ်တိုင်ပြောလည်း ရတာပဲ"

"မိန်းကလေးချင်း ပြောတော့၊ ပိုကောင်းမလားလို့ပါ"

"မြင့်မြင့်သိန်းလည်း သူငယ်ချင်းပဲ။ မင်းလည်း သူငယ်ချင်းပဲ။ မလုပ်စေချင်တဲ့ အကြောင်း ပြောတာပဲ။ မင်းပြောပြော ငါပြောပြော၊ ဘယ်သူပြောပြောပေါ့။ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ငါ ပြောရင် နားမထောင်မှာ စိုးလို့"

"အဲဒါဆို ငါပြောပေးရမလား"

"မင်းက ဘယ်လို ပြောမှာလဲ"

"နင် စားသောက်ဆိုင်မှာ လုပ်တာ မင်းညီမ်းက မကြိုက်ဘူး။ အဲဒါ ငါ့ကို ပြောခိုင်းလို့ ငါလာ ပြောတာလို့ ပြောမှာပေါ့"

"အဲဒီလို ပြောမှတော့ ငါ့ကိုယ်တိုင်ပဲ ပြောတော့မှာပေါ့ တာတီးရဲ့"

"အဲဒါဆို မင်းဘာသာပဲပြောတော့"

"ဟုတ်တယ်။ ငါ့ဘာသာပဲ ပြောတော့မယ်" တာတီးက ကျွန်တော့်ကို သေသေချာချာကြည့်လျက်,

"မင်းက မိမိုးအတွက် စိတ်ညစ်နေတာလား။ စိတ်ပူနေတာလား"

"နှစ်ခုစလုံးပေါ့ကွာ"

"စိတ်ညစ်တာတော့ ထားပါတော့။ စိတ်ပူတာ ဘယ်လိုပူတာလဲ"





"စိတ်ပူတာက ပူတာပေါ့ကွာ။ စိတ်ပူတာကို ငါက စင်တီဂရိတ်နဲ့ တိုင်းပြရဦးမှာလား"

"မဟုတ်ဘူး။ သူငယ်ချင်းလို ပူတာလား၊ တခြားစိတ်နဲ့ ပူတာလား" ဟု၊ တာတီး မေးသည်။ တာတီး၏ အမေးစကားကို ကျွန်တော် ချက်ချင်း မဖြေနိုင်။

ပြည့်ရှင်မင်းသည် တိုင်းပြည်အတွက် ပူပန်၏။ အဖအမိတို့သည် သားသမီးတို့အတွက် ပူပန်၏။ ဆရာသည် တပည့်တပန်းတို့ အတွက် ပူပန်၏။ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်း နှင့် အပေါင်းအသင်း မိတ်ဆွေ သူငယ်ချင်းတို့သည် တစ်ဦးအတွက် တစ်ဦး အကြောင်းအမျိုးမျိုးဖြင့် ပူပန်ပေးတတ်ကြလေသည်။ မည်သူ့အပူက ပို၍ပြင်းထန်လေသည်ဟု၊ မသတ်မှတ် မတွက်ချက်စကောင်း။

တစ်ဦးအတွက် တစ်ဦး၊ ပူပန်ကြသည်ဆိုရာ၌ အကြောင်းပေါင်းများစွာ ကိုယ်စီရှိကြပေမည်။ မိုးကျမယ် အပေါ်၌ ပူပန်မိသော ကျွန်တော့်စိတ်ထားသည် အကြောင်းအခြင်းအရာ တစ်ခုခုမှ မကင်းလွတ်နိုင်ရာ။ သို့သော် . . မည်သို့သောအကြောင်းကြောင့်ဟု၊ မည်မည်ရရ မလှစ်ဟနိုင်ချေ။ "ပူချင်လို့ ပူတာပေါ့"ဟု၊



www.burmeseclassic.com

www.burmeseclassic.com



သမံကာလျှံကာ အကြောင်းပြချက်မျှဖြင့် ထင်ရှားမြင်သာလိမ့်မည် မဟုတ်။ သို့သော် . . အပူစိတ်၏ အရင်းအမြစ်သည် မည်သည့် နေရာ၌ ငုတ်လျှိုးကိန်းဝပ်နေသည်ဟု၊ မဆိုသာနိုင်ချေ။

"မင်းညိမ်းရေ . . မင်းညိမ်း"

ညဆယ့်တစ်နာရီတိတိ။

အိမ်အပေါ်ထပ်တွင် အမေ ဘုရားရှိခိုးနေသည်။ သင်းသင်းညိမ်းက စာကျက်နေသည်။ လင်းလင်းညိမ်းက အထည်များကို ကြယ်သီးတပ်နေ၏။ အိမ်ရှေ့မှ ကျွန်တော့်အမည်ကို ခေါ်သံကြားသောကြောင့် အပ်ချုပ်စက်၏ ခြေနင်းခုံမှ၊ နင်းထားရာ ခြေထောက်ကို အရှိန်လျှော့လိုက်ပြီး၊ အိမ်တံခါးဝသို့ ငဲ့ကြည့်လိုက်သည်။





မိုးကျမယ်ကို မြင်ရသည်။

မြန်မာမဆန်သော ရောင်စုံမျက်နှာ။ မြန်မာမဆန်သော ခေတ်လွန်အဝတ်အဆင်။ ပိတုန်းရောင်ကေသာဟူသော မြန်မာဝေါဟာရကို ပျက်ပြားစေသည့် နီကြောင်ကြောင် ဆံပင်ပုံစံ။ ညနှင့် မလိုက်ဖက်သောခြေတံသွယ်နှင့် ဖိနပ်လှလှလေးတစ်ရံ။

ထိုအဆင်အမြန်းအသွင်အပြင်တို့ကို နီးကပ်စွာကြည့်မြင်ရင်း အံ့ဩမင်သက်နေမိသည်။ ပြီးမှ . . .

"ဟဲ့ . . နင်ဘယ်ကပြန်လာကာလဲ မိုးချုပ်လိုက်တာ"

"အလုပ်က ပြန်လာတာလေ။ နင်တို့အိမ်အတွက် ဘဲသားကင် လာပေးတာ"

သူပေးသော အထုပ်ကို လှမ်းယူပြီး, ထိုင်ခုံတစ်လုံးချပေးလိုက်သည်။ အဝတ်အစားတို့၏ အခက်အခဲကြောင့် ကြမ်းပြင်ပေါ်တွင် ထိုင်ရခက်နေပေလိမ့်မည်။ အပေါ်ထပ်မှ အမေဆင်းလာ၏။ မိုးကျမယ်ကို မြင်လျှင်မြင်ချင်း အမေ့မျက်ခုံးအနည်းငယ်မျှ တွန့်သွားသည်။ အမေက . . .

"မိုးချုပ်လှချည်လားအေ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးကျမယ်က . . .

"ဒီနေ့စောတာ။ အခါတိုင်း ဒီ့ထက်နောက်ကျတယ်"

အမေက နံရံမှ နာရီကို ဝေ့ကနဲကြည့်လိုက်သည်။ ပြီးနောက် ကျွန်တော့်အနားတွင် မတ်တပ်ရပ်လျက် . . .

"ညည်းက အလုပ်လုပ်နေပြီဆို။ ဘာတွေလုပ်နေတာလဲ"

"စားသောက်ဆိုင်မှာလုပ်တာ"

"ဘာလဲ သီချင်းဆိုတာလား"

"သီချင်းဆိုတာ မဟုတ်ဘူး . . ။ cat walk လျှောက်တာ"

"ဘာလဲ ကတ်တဝပ် လျှောက်တယ်ဆိုတာ"

အမေ့၏ မပီသသော အင်္ဂလိပ်စကားသံကြောင့် မိုးကျမယ်က ရယ်လျက် . . .

"အလှပြင်ပြီး စင်ပေါ်မှာ လမ်းလျှောက်ပြရတာကို ပြောတာ"

"ဘယ်သူတွေကို လျှောက်ပြရတာလဲ"





"ဆိုင်မှာ လာစားသောက်တဲ့ လူတွေကိုပေါ့ ကြီးကြီးရဲ့"

အမေက . . .

"အသီးအရွက်ဆိုင်လေးကိုပဲ တိုးတိုးချဲ့ချဲ့ ရောင်းရင် မကောင်းဘူးလားအေ"

"အဲဒါက . . အမေ့အလုပ်။ဒါက . . ကျွန်မ အလုပ်။ ဘာမှ ပင်ပန်းတာမှ မဟုတ်တာ"

"ပြောတတ်ပါဘူးအေ . . ။ ငါတို့က ဆင်းရဲသားတွေဆိုတော့ နဖူးကချွေး ခြေမ,ကျမှ အလုပ်လို့ ထင်ကြတာ။ မပင်ပန်းတဲ့ အလုပ်ကို တစ်ခါမှ မလုပ်ဖူးဘူး"

ကျွန်တော်က၊ လက်ထဲမှ အထုပ်ကို စက်ခုံပေါ်တွင် တင်ပြီး . . .

"ကဲ မိမိုးလာ။ မိုးချုပ်နေပြီ။ နင့်အိမ် ငါ လိုက်ပို့မယ်။ အမေ ကျွန်တော် သူ့ကိုလိုက်ပို့လိုက်ဦးမယ်"

မိုးကျမယ်နှင့်အတူ အိမ်အပြင်သို့ ထွက်ခဲ့၏။ မိုးကျမယ်



www.burmeseclassic.com

www.burmeseclassic.com



၏ အိမ်သည် ကျွန်တော့်အိမ်နှင့် ၂ တစ်ခေါ် သာသာ။ ဈေးရှိရာ လမ်းဘက်၏ ထောင့်အစွန်ပိုင်း။

ကျွန်တော်တို့ ဆင်းရဲသားများ နေထိုင်ရာ ဆင်ခြေဖုံး ရပ်ကွက်သည် ညနက်သော်လည်း ပိန်းပိတ်အောင် မမှောင်မိုက်သေး။ စဉ်းငယ်မျှသော အလင်းရောင်ဖြင့် မှိန်ပြပြလှုလျက် ရှိနေသေးသည်။

လိုက်ပို့ရာ လမ်းတစ်လျှောက်၌ မိုးကျမယ်ကို မည်သည့် စကားမျှ ကျွန်တော် မပြောဖြစ်။ ပြောစရာ စကား မရှိ၍ မဟုတ်။ ပြောစရာစကား,များလွန်လွန်းသဖြင့် စကားအစကို ဖွေရှာမရဖြစ်ကာ ဘာစကားမျှ မပြောဖြစ်ခြင်းဖြစ်ပေသည်။ မိုးကျမယ်ကတော့, သူ . . . အလုပ်လုပ်ရာ စားသောက်ဆိုင်ကြီး၏ ထည်ဝါမှုအကြောင်း။ လာရောက် စားသောက်ကြသူများ၏ သုံးဖြုန်းပုံအကြောင်းတို့ကို ရွှန်းရွှန်းဝေဝေ ပြောပြနေလေသည်။





ကျွန်တော် အိမ်သို့ ပြန်ရောက်သောအခါ ကျွန်တော့် ခက်ချျပ်ခုံ ိုင်ခုံတွင် အမေထိုင်နေ၏။ အမေက

"ရှေးတုန်းက အငြိမ့်မင်းသမီးတစ်ယောက် ခုနစ်လွှာအကဆိုပြီး ခုနစ်လွှာခူ ်ကတာတောင် လုံချည်အနားခတ်လိုက်မှ ခြေသလုံးသားလေး ပေါ်ရုံပဲ။ အခုခေတ် ဟာတွေကတော့, အနားခတ်စရာ ထမီတောင်မရှိကြတော့ဘူး။ အလှပြင်တဲ့ခေတ်၊ အလှပြတဲ့ခေတ်ကိုကျော်သွားပြီ။ ဘဝပါ ပြကုန်ကြပြီ"

ညီမနှစ်ယောက်ဖြစ်သော သင်းသင်းညိမ်းနှင့် လင်းလင်းညိမ်းတို့အား မိုးကျမယ်ကို အကြောင်းပြု၍ပြောနေသော ဆုံးမမြည်တွန်စကားဟု၊ ကျွန်တော် သိလိုက်သည်။ အနီးတွင်ရှိသော ထိုင်ခုံတွင် ကြုံ့ကြုံ့လေး ကျွန်တော် ဝင်ထိုင်၏။

"ဆရာတော် ဦးဉာဏိဿရ ဟောဖူးတယ်။

ဆင်းရဲသားတို့ရဲ့ ကိုယ်ပိုင်ပစ္စည်းဟာ ကိုယ်ကျင့်တရား . . . တဲ့။

ကြိုက်သလောက်ဆင်းရဲ ကြိုက်သလောက်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်း ကိုယ်ကျင့်တရားကို ဘာနဲ့မှ ရောင်းမစားနဲ့။ လူက ဆင်းရဲလို့ မွဲတေလို့ သေချင်သေသွားပါစေ။ ကိုယ်ကျင့်တရားရှိနေသမျှ နာမည်မသေဘူး။

အဲဒီတော့ . . . , ယောကျ်ားလေးရော၊ မိန်းကလေးရော၊ တစ်ခါတည်းမှတ်ထားကြ။ လူတစ်ယောက်အတွက် မရှိမဖြစ်လိုအပ်တာ ငွေလည်းမဟုတ်ဘူး။ ရွှေလည်း မဟုတ်ဘူး။ ဂုဏ်အရှိန်အဝါလည်း မဟုတ်ဘူး။ ကိုယ်ကျင့်တရား"

ကျွန်တော်က စကားဝိုင်းထဲသို့ ဝင်လိုသဖြင့် -

"အမေ့။ ဆင်းရဲသားတို့ရဲ့ ကိုယ်ပိုင်ပစ္စည်းက ကိုယ်ကျင့်တရားဆိုရင်၊ ချမ်းသာတဲ့ သူဌေးတွေ အတွက်က,ရော ဘာလဲဟင်"

"ဂုဏ်သိက္ခာ" ဟု၊ အမေပြော၏။ ပြီးမှ စကားထပ်ဆက်၏။

"သူဌေးတွေ လူချမ်းသာတွေကျတော့ ချမ်းသာတဲ့ အပြင် လူကြီးလူကောင်းလည်း ဖြစ်ချင်





ကြမှာပဲ။ သူတို့အတွက်ကျတော့ ကိုယ်ကျင့်တရားအပြင်၊ ဂုဏ်သိက္ခာတော့ လိုတာပေါ့"

"ဂုဏ်သိက္ခာဆိုတာ ဘာလဲအမေ"

"ဂုဏ်သိက္ခာ ဆိုတာ သူဌေးကြီးတို့၊ ကုမ္ပဏီပိုင်ရှင်ကြီးတို့၊ ဘုရင်ကြီးတို့၊ မိဖုရားကြီးတို့၊ ဒေါက်တာကြီးတို့၊ ဒေါက်တာမကြီးတို့ဆိုတဲ့ ဂုဏ်အရှိန်အဝါတွေကို ဆိုလိုတာ မဟုတ်ဘူး။

ဂုဏ်ဆိုတာ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ ပြည့်စုံတာမျိုးကို ခေါ်တာ။ သိက္ခာဆိုတာ အဲဒီဂုဏ်တွေကို မယိုယွင်းအောင် ဖြည့်ကျင့်နေတာကို ခေါ်တာ"

"ဒါဆိုရင် ဆင်းရဲသားတို့ရဲ့ ကိုယ်ပိုင်ပစ္စည်းက ကိုယ်ကျင့်တရား။ ချမ်းသာသူတို့ရဲ့ ကိုယ်ပိုင်ပစ္စည်းက ဂုဏ်သိက္ခာ။ အဲဒီလိုလား အမေ"

"အကြမ်းဖျင်းတော့ အဲဒီလိုပေါ့။ ဒါပေမဲ့ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာဟာ ဒင်္ဂါးတစ်ပြားရဲ့ ခေါင်းနဲ့ပန်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဆင်းရဲသားကျတော့ ဂုဏ်သိက္ခာ ရှိဖို့ မလိုဘူးလား အမေ"

"ဟဲ့ လိုတော့ လိုတာပေါ့။ ဒါပေမဲ့ လုံး အပွန်းအပဲ့ မခံရအောင် မရှိမဖြစ်လိုအပ်တာ တော့ ကိုယ်ကျင့်တရားပဲ။

သာတဲ့လူရော၊ ဆင်းရဲတဲ့ လူ ကိုယ်ကျင့်တရားက အခြေခံပေါ့ဟယ်။ ဆင်း သားတွေက အဲဒီအခြေခံတရားကို လုံးဝအပွန် ခံလို့မရဘူး။

နင်တို့ခေတ်, လူတွေ ပြောပြောနေကြ ဂျင်းတဲမန်းဆိုလား၊ ဂျန်းတဲမန်းဆိုလား။ အဲ ဖြစ်ချင်ရင် ကိုယ်ကျင့်တရားရော ဂုဏ်သိက္ခာ ရှိအောင်နေလိုက်။ သူဌေးတွေကလေ အဲဒီ . . အဲ ဂျန်းတဲမန်း သိပ်ဖြစ်ချင်ကြတာ။

ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာရှိရင် . ဂျင်းတဲမန်း ဖြစ်ရုံတွင်မကဘူး။ စူပါမန်းပါ ဖြ သွားမယ်"





အမေ့စကားကြောင့် ကျွန်တော်တို့ မောင်နှမတွေ သဘော ကျစွာ ရယ်မောဖြစ်ကြသည်။ ရယ်မောရင်းမှ ကျွန်တော့်စက်ခုံ ပေါ်သို့ ကြည့်လိုက်စဉ်၊ မိုးကျမယ် ပေးခဲ့သော ဘဲကင်ထုပ်ကို မတွေ့ရတော့ချေ။ ထို့ကြောင့် ကျွန်တော်က . . .

"အမေ့ . . ဒီပေါ်က ဘဲကင်ထုပ်ရော"

အမေက ထိုင်ရာမှထလျက် ကျွန်တော့်ကို သေချာကြည့် ပြီး . . .

"ခွေးစားခွက်ထဲ ထည့်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



(၉)

တာတီးက အဝေးသင်တက္ကသိုလ်တက်ပြီး၊ အပြင်အလုပ်လုပ်မည်။ ကျွန်တော်က . . . မြင့်မြင့်သိန်းကဲ့သို့ နေ့ကျောင်းသားအဖြစ်တက်ရောက်ရန်၊ ပြင်ဆင်နေဆဲဖြစ်၏။ နောက် . . စာသင်နှစ်မှ တက်ရောက်ရပေမည်။

ကျောင်းပိတ်ရက်တွင်၊ မြင့်မြင့်သိန်း ခဏ ပြန်လာစဉ်၊ မိုးကျမယ်နှင့် ပတ်သက်ပြီး၊ ကျွန်တော်တို့ ပြောဆိုဆွေးနွေးဖြစ်ကြ၏။

"သူ့ အမေကိုယ်တိုင်က,ကို၊ တားလို့မရတာ"

မြင့်မြင့်သိန်း၏ စကားကိုကြားပြီး၊ ကျွန်တော် အံ့ဩချင်သည်။ သို့သော် . . အံ့ဩဟန်မပြုတော့ဘဲ . . .

"ဘာလဲ။ အဲဒီအလုပ်ကို၊ သူ့အမေကိုယ်တိုင်ကပါ၊ သဘောတူတယ်ပေါ့။ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့်သိန်းက . . .

"သဘောတူတယ်ရယ်လို့ မဟုတ်ဘူး။ ဖအေရော . . မအေရော၊ အလုပ်မှ ရှာမပေးနိုင်တာ . . တဲ့။ ကုန်စိမ်းဆိုင် နောက်တစ်ဆိုင် ဖွင့်ပေးမယ်ဆိုရင်တောင်၊ အရင်း မရှိဘူး . . တဲ့။

အဲဒါနဲ့ပဲ၊ သူ့အဖေရဲ့ သူငယ်ချင်း၊ ဦးမင်းအောင် အဆက်အသွယ်နဲ့၊ အဲဒီ့ အလုပ်, ဝင်လုပ်လိုက်တာတဲ့"

"နင်သွားတော့၊ မိမိုး မရှိဘူးလား" . . . ဟု၊ ကျွန်တော်မေးသည်။ မြင့်မြင့်သိန်းက . . .,

"အိပ်နေတယ် . .။ ငါ မနှိုးချင်တာနဲ့၊ သူ့အမေကိုပဲ ပြောခဲ့တယ်။ သူ့ အဖေက,တော့၊ သောက်ထားတဲ့ လေသံနဲ့၊ ဘာမှ အန္တရာယ် . . မှ မရှိပါဘူးတဲ့။ တစ်ခွန်းဝင်ပြောသေးတယ်"

တာတီးက . . .

"ကဲ . . . မင်းညိမ်း။ မင်း ကိုယ်တိုင်ပဲ . . . တားပေတော့"





"နင်က . . အရမ်းစိတ်ပူနေတာလား"

မြင့်မြင့်သိန်း၏ အမေး။

ကျွန်တော်က . . .

"ပူတာပေါ့ဟာ။ ဒီအလုပ်ကို . . . ဘယ်မိန်းကလေး လုပ်လုပ်, ငါ ပူမှာပဲ။ မိမိုးက၊ သူငယ်ချင်းဆိုတော့၊ ပိုပူတာပေါ့"

"သူ . . . ထိန်းသိမ်းနိုင်မှာပါဟာ"

"ထိန်းသိမ်းနိုင်တယ်ပဲ . . ထား။ ကျားရဲရာကြမှာ မရိုးသာ . . ဆိုသလိုပေါ့။ ထိန်းရင်းထိန်းရင်း၊ ယိမ်းသွားမှာ၊ ယိုင်သွားမှာကို ငါ စိုးရိမ်တာ"

တာတီးက . . .

"မင်း တားလို့မရရင်၊ ဘယ်လိုလုပ်မလဲ"

"မရ ရတဲ့နည်းနဲ့၊ ငါတားမယ်။ တားလို့ရအောင် တားမယ်ကွာ"

ပြောပြီး၊ အုတ်နံရံကို ဦးခေါင်းနှင့် ပြေးဆောင့်မည့်သူ . . .၊ ကိုယ့်ကိုယ်ကို ထင်မြင်လိုက်မိသည်။

နံရံတွင် သွေးချင်းချင်းနီရဲစေ။ နံရံမပြိုပျက်သည့်တိုင်၊ နံရံ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်က ၄င်းအား ဖြိုလှဲတားဆီးနေသည် . . ဟု၊ သိလျှင်ပင် ကျွန်တော် ကျေနပ်မည်။

"ည . . ခုနစ်နာရီလောက်သွားပြီး၊ ဆယ့်နှစ်နာရီ၊ တစ်နာရီမှ ပြန်လာတာ။ မိတ်ကပ်က, လိမ်းထားသေးတယ်။ အဝတ်အစားက ဟော့ရှော့။ ပျံလန်နေတာပဲ"

"ဘာလုပ်တာလဲ မသိဘူးနော်"

"ဩော် . . . ဒီအချိန် ဒီအခါ၊ ဒီအဝတ်အဆင်နဲ့ သွားမှတော့။ Night duty ပဲနေမှာပေါ့။ ဟင်းဟင်း"

"သူ့အဖေနဲ့အမေက,တော့၊ လက်မြှောက်ထားကြပြီနဲ့ တူတယ်"





"အမယ်လေး။ မသိချင်ယောင်ဆောင်ထားတာ နေမှာပေါ့။ ဆင်းရဲတာကိုး။ ရရာ အလုပ်,လုပ်နိုင်းတာနေမှာပါ"

"ဆယ်တန်းမှ မအောင်တာ။ တခြား ဘာအလုပ်,လုပ်လို့ရမှာလဲ"

"ဟဲ့ . . . ပဲပြုတ်ရောင်းလည်း ရတာပဲ ဟားဟား"

. . . စသော၊ အ,မနာပ အတင်းစကားများစွာသည်၊ ကျွန်တော့် နားထဲတွင် မဆန့်တော့ချေ။ ဖိတ်လျှံလျက်ရှိနေ၏။ အတင်းစကား ဆိုသူတို့ကို၊ မကျေမချမ်း ဖြစ်မိသော်လည်း . . .၊ ကျွန်တော် ဘာမျှ ဝင်မဟန့်နိုင်။ မကြားဟန်ပြုရသည်။



www.burmeseclassic.com

www.burmeseclassic.com



"စင်ပေါ်မှာ လမ်းလျှောက်ပြရတာပဲဟယ်။ ငါက . . ဘာဖြစ်သွားမှာ မို့လို့လဲ"

"နင် မရှက်ဘူးလား"

"ဘာကို ရှက်ရမှာလဲ"

"နင့်ကို၊ အရက်မူးနေတဲ့သူတွေ၊ ဝိုင်းကြည့်နေကြတာကိုလေ"

"ကြည့်တာ။ အသားပုံပါသွားတာမှ မဟုတ်ဘဲ"

"နင့်ကို ထိကပါးရိကပါး လုပ်ရင်ရော"

"ထိတော့ ဘာလုပ်လို့ရမှာလဲ။ ထိပေါ့။ ငါ့မှာ . . စင်ပေါ်မှာ လျှောက်ရတာ၊ တစ်နေ့တစ်နေ့ ရင်တုန်ပန်းတုန်။ ချော်လဲမှာလည်း ကြောက်ရသေးတယ်။ နင် ပြောတာတွေ၊ တွေးတောင် မတွေးမိဘူး"

"နင်တို့ အဲဒီလို အလှပြင်ပြီး၊ အလှပြနေကြတာကို၊ စင်အောက်က လူတွေက၊ ငါ့နှမလေး ငါ့တူမလေး . . ငါ့သမီးလေး . . လို့ သဘော . . . ထား





ပြီး၊ ကြည့်နေကြတာ မဟုတ်ဘူး . . ဟဲ့။

ရှိရှိသမျှ အာရုံ ပေါင်းစုံနဲ့ အရသာခံပြီး ကြည့်နေကြတာ။ သိရဲ့လား"

"ဒုက္ခပါဘဲ မင်းညိမ်းရယ်။ ငါ . . အလုပ်မရှိလို့ လုပ်နေတာ။

ငါတွင်မဟုတ်ဘူး။ တခြား ကောင်မလေးတွေရောပဲ။ ဘယ်သူမှ စိတ်ပါ၊လက်ပါ မလုပ်ချင်ကြဘူး။ မဖြစ်လွန်းလို့လုပ်နေကြရတာ။ မပင်မပန်းနဲ့ ပိုက်ဆံရတာလေ။ တခြားအလုပ်တွေက၊ ပင်ပန်းလွန်းတယ်။ ပင်ပန်းသလောက် ပိုက်ဆံမရဘူး"

"ပတ်ဝန်းကျင်ကို . . . နင်၊ ထည့်မတွက်တော့ဘူးလား . . မိမိုး"

"လာပြန်ပြီလား . . ဒီပတ်ဝန်းကျင်။ ငါ . . ဂရုမစိုက်ဘူး။ ငါ့မိဘတောင်၊ မတားဘူး။ နင်လည်း၊ လာမတားနဲ့"

"နင် . . ဘာစကားပြောတာလဲ . . မိမိုး"



www.burmeseclassic.com

www.burmeseclassic.com



မိုးကျမယ်က၊ လေသံမာထန်သွားသော ကျွန်တော့်စကားသံကြောင့် မိုးကျမယ် ခေါင်းငုံ့သွားသည်။

"ငါ့မှာ တားပိုင်ခွင့် မရှိတော့ဘူးပေါ့ .. ဟုတ်လား။ နင် .. ဘဝပျက်သွားမှာစိုးလို့ ငါ ပြောနေတာ"

"ဘဝဆိုတာ၊ ကိုယ်တိုင်ဖျက်မှ ပျက်တာပါ။ ဘယ်သူမှ လာဖျက်လို့မရဘူး။ ကိုယ် ... ကောင်းရင် ခေါင်းဘယ်မှ မရွှေ့ဘူး။

ပတ်ဝန်းကျင် ... ဆိုတာကလည်း၊ ငါ့ .. အခက်အခဲကို သိကြတာမဟုတ်ဘူး"

"သိတယ်။ နင်တွင် မဟုတ်ဘူး။ လူဆင်းရဲတွေ အားလုံးရဲ့ အခက်အခဲကို သိတယ်။ ဒါပေမဲ့ ... ရင်ဆိုင်တဲ့နည်း မှားနေလို့၊ ငါ .. ပြောတာ"

"အမြင်ကျယ်စမ်းပါ မင်းညိမ်းရယ်။ အငြိမ့်ကမှ ပိုက်ဆံရမယ်ဆိုရင်၊ ငါ .. အငြိမ့်က,နေမှာပဲ။ ခေတ်ကို နားလည်စမ်းပါဟာ။

ငါ ... ပျက်ပျက်စီးစီး၊ ငွေ ရှာနေတာ





မဟုတ်ဘူး။ ကြိုးတန်းလမ်းလျှောက်ပြီး၊ ငွေရှာနေတာ။ အန္တရာယ်များမှန်း သိတယ်။ ဒါပေမဲ့ ..., ငါ မိန်းမပျက် မဟုတ်ဘူး"

"ငါ နင့်ကို၊ အဲဒီလို စကားကြမ်း၊ မသုံးဘူးနော် .. မိမိုး"

"သုံးလိုက်စမ်းပါဟာ။ ပတ်ဝန်းကျင်က,ပါ၊ ငါ့ကို၊ အဲဒီလို သမုတ်နေပြီ .. လို့ ပြောလိုက်စမ်းပါ။ ငါ မမှုဘူး။

ရထားတစ်စီးက၊ သူ့ဘူတာ မရောက်မချင်း ဘယ်သူတားတား၊ သူ .. ရပ်မှာ မဟုတ်ဘူး။ ငါ့ကိုယ်ငါ .. ရထားတစ်စီးလို သတ်မှတ်တယ်။ ပတ်ဝန်းကျင်ကို၊ လမ်းခုလတ်က, လက်လှမ်းတားတဲ့ လူတွေလို့ ငါ သတ်မှတ်တယ်။ ဒါပဲ"

"ပတ်ဝန်းကျင်မှာ အပြစ်မရှိဘူး .. မိမိုး"

"ငါ့မှာလည်း အပြစ်မရှိဘူး .. မင်းညိမ်း။ ငါ့အလုပ်, ငါ လုပ်တာ။ ငါ့ အခက်အခဲ ငါဖြေရှင်းတာ။



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းနည်း မှားနေတယ် . . လို့ နင် . . မပြောနဲ့။ ဘယ်စက်ရုံ ဘယ်အလုပ်ရုံမှာ လုပ်လုပ် ရတဲ့ လ,စာနဲ့ ငါ . . မကြွယ်ဝနိုင်ဘူး။

ဟင်းရွက် ကန်စွန်းရွက်ကို ဘယ်မှာ . . ဘယ်လိုပဲ ရောင်းရောင်း။ စိန်တွေ ရွှေတွေ ရောင်း သလောက်တော့ အမြတ်အစွန်းကြီးမှာ မဟုတ် ဘူး။

အခု . . ငါ့ လုပ်နေတာ စင်ပေါ်မှာ လင် လျှောက်ပြရုံလေးပဲ။ အရင်းမစိုက် လှေထိုးလိုက် လုပ်နေတာ"

ထို စကားလုံးကြောင့် ကျွန်တော် မျက်လုံးဝိုင်းကာ . .

"ဟဲ့ . . မိမိုး။ နင့်ကိုယ်နင် အရင်းအနှီး ကြီးမားနေတာ နင် မသိဘူးလား။

ကြွေ . . ဆိုတာ မိန်းကလေးတစ်ယောက် ရဲ့ အကြီးမားဆုံး အရင်းအနှီး ဆိုတာ နင် . . မသိဘူးလား"

"ငါမှ ကြွေမပျက်ဘဲ။ စားသောက်ဆိုင်





ဆိုတာ ဂုဏ်ဖြပ်ကြီးတဲ့ သူတွေ အလာများပါတယ် ဟာ။

အုတ်ရောရော ကျောက်ရောရောတွေတော့ ပါချင်ပါမှာပေါ့။

ယောကျ်ားတွေ သိက္ခာပျက်တိုင်း . . . မိန်းခလေးတွေ ကြွေလိုက်ပျက်လိမ့်မယ် မထင် နဲ့။

ငါ . . အလှပဲပြတာ။ အလှအပကို ရောင်း မစားဘူး . .။ သိလား . . မင်းညိမ်း။ နင် . . မြဲမြဲမှတ်ထား"

"နင် . . အဲဒီအလုပ်လုပ်တာ။ ချမ်းသာ မယ် ထင်လို့လား"

"ဟဲ့။ ကျိုကျိုတက်တော့ ချမ်းသာပါ့မလား။ ဟင်းရွက်စိမ်း ရောင်းတာထက်တော့ အများကြီး အသက်ရှူချောင်ဘာပေါ့"

"ဒါပေမဲ့ . . နင့်ကိုကြည့်ပြီး ငါ . . အသက် ရှူကြပ်နေတယ် . . မိမိုး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့၊ ငါ . . . နင့်ကို၊ နောက်ဆုံး တောင်းပန်တယ်။ နင် . . အဲဒီအလုပ်ကို၊ လုံးဝ၊ မလုပ်ပါနဲ့တော့။ ပြောလို့မရရင်။ ငါ . . တစ်ခုခု လုပ်ရလိမ့်မယ်။

နင့်ကို စဉ်းစားချိန်တစ်ရက်ပေးမယ်။ နင် ဆက်လုပ်ဖို့ ဆုံးဖြတ်ထားတယ်ဆိုရင်။ ငါ . . . တစ်ယောက်ယောက်ကို သတ်မယ်"

"နင် . . ဘယ်သူ့ကို သတ်မှာလဲ"

ကျွန်တော် မိုးကျမယ်ကို သေချာစူးရဲစွာကြည့်ပြီး . .

"ငါ့ကိုယ်ငါ သတ်မယ်။ ဒါမှမဟုတ်၊ နင့်ကို သတ်မယ်"

ပြောပြီး၊ ချာကနဲ လှည့်ထွက်ခဲ့၏။ ထိုစဉ်တွင် မိုးကျမယ်သည်၊ တင်းတောင့်နေသော ကျောက်ရုပ်တစ်ရုပ်။





(၁၀)

"ဟဲ့ ဘာဖြစ်နေတာလဲ"

အမေ့ အသံကြားတော့မှ အပ်ချုပ်စက်၏ ခြေနင်းကို အနည်းငယ်နင်းပြီး၊ ချုပ်နေသောပိတ်စပေါ်သို့ အာရုံပြန်ရောက်သည်။ စက်ကိုနင်းရင်း၊ ကျွန်တော်က . . .

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှသာ မဖြစ်တယ်၊ သက်ပြင်းတချချနဲ့။ အလုပ်လုပ်တာလည်း ဆတ်တောက်တောက်နဲ့"

"ဒီလိုပါပဲ အမေရာ။ မိုးကျမယ် ကိစ္စကို၊ ခေါင်းစားနေတာ"

"နင်နဲ့ ဘာဆိုင်လို့ ခေါင်းစားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းလေ အမေရယ် . .။ အဲဒီ့လို ညရေးညတာ လုပ်တဲ့ အလုပ်မျိုး မလုပ်စေချင်ဘူး"

အမေက ကော်သုတ်ပြီးသား အထည်များကို စက်ခုံပေါ်သို့ တင်ပေးရင်း . . .

"သူ[illegible]အဖေအမေရှိတယ်။ သူ့ အဖေအမေ ပူလိမ့်မယ်။ နင့်မှာ နှမနှစ်ယောက်ရှိတယ်။ ပူချင်ရင် အဲဒီ့နှမ နှစ်ယောက်အတွက်ပူ"

"သူ့အဖေက ယစ်ထုပ်ကြီး . . အမေရဲ့။ မအေကလည်း တဗျစ်တောက်တောက်ပဲ ပြော တတ်တာ တခြားဘာမှ သိတာမဟုတ်ဘူး။

ဘယ်အလုပ်က သင့်တော်တယ်။ ဘယ် အလုပ်က မသင့်တော်ဘူးဆိုတာကို ပြောပြတတ်တဲ့ မိဘမျိုးတွေ မဟုတ်ဘူး"

အမေက . . .

"အဲဒီ့တော့ နင်က ဘာလုပ်ချင်တာတုန်း"

"အကူအညီတစ်ခုခုတော့ ပေးချင်တာပေါ့





. . အမေရယ်"

"နင်က . . ဘာကူညီနိုင်မှာလဲ။ အဲ . . . ကူညီချင်သပ, ဆိုရင်တော့၊ ဒီ. . အော်ဒါချုပ်တွေကို ပေးချုပ်လိုက်ပေါ့။ ဒီမှာ . . လာချုပ်ချင်ချုပ် လာမချုပ်ချင်ရင်၊ သူ့အိမ်ကို ၊ ဒီက . . စက်တစ်လုံးပေးပြီး ချုပ်ခိုင်းလိုက်ပေါ့"

"ဒီအလုပ်လည်း၊ သူက . . စိတ်ဝင်စားမှာ မဟုတ်ဘူး"

"အိုးမကွာ၊ အိမ်မကွာ၊ ကြွေရရအလုပ်မှ စိတ်မဝင်စားဘူးဆိုလည်း၊ မလျှောက်တတ်တော့ဘူး။

နင်လည်း၊ ဆရာသွားလုပ်မနေနဲ့။ သူ့မိသားစုနဲ့ . . သူ။ သူ့အကြောင်းနဲ့ . . သူ။ အဆင်ပြေသလို နေပေ့စေ။ ငါပြောတာကြားလား"

ခေါင်းကို၊ လှုပ်ရုံမျှသာ ညိတ်လိုက်သည်။ အမေက စကားဆက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု အလုပ်လုပ်၊ အခုချက်ချင်း ဝင်ငွေ ဘုန်းပေါလအောရတာမျိုးက . . ၊ သွေးရိုးသားရိုး အလုပ်ထဲမှာ ရှိမယ်မထင်ဘူး။ နင့်အဖေက . . ဝန်ထမ်း၊ သူ့လစာနဲ့ ဒီမိသားစုနဲ့ မလောက်ဘူး။ ငါ စက်ချုပ်တော့ အိမ်မှာစက်သုံးလေးလုံး တပြိုင် တည်းရောက်လာတာ မဟုတ်ဘူး။ သူများဆီမှာ လက်ခစား အဖြစ်နဲ့ သွားချုပ်။ ရတဲ့ပိုက်ဆံလေး ချွေတာစုဆောင်းပြီး စက်တစ်လုံးဝယ်။

အဲဒီစက်နဲ့ အိမ်မှာယူချုပ်။ နောက်ထပ် ချွေတာစုဆောင်း၊ နောက်ထပ် စက်တွေဝယ် . . အော်ဒါတွေ အများကြီးလက်ခံ။ အခုဆို ကိုယ့် လုပ်ငန်းလေးနဲ့ ကိုယ်ဖြစ်သွားပြီ။ နင်တို့အဖေဆုံး တော့ အားကိုးမဲ့သွားသလိုလည်း မဖြစ်ဘူး။ စား ရမဲ့မဲ့ သောက်ရမဲ့မဲ့လည်း ဖြစ်မသွားဘူး။ ကျိုကျို တက် မချမ်းသာပေမဲ့ ဝမ်းစိုစိုလေးနဲ့ ရပ်တည်နိုင် တယ်။ နင်တို့ အမြင်ပဲ။ ယောကျ်ားဆုံးသွားတော့ ကလေးသုံးယောက်နဲ့ အားကိုးရာမဲ့ပြီလို့ ပတ်ဝန်း





ကျင်က ထင်ချိန်တောင် မရလိုက်ဘူး။

ရိုးသားတဲ့ အလုပ်နဲ့ ချမ်းသာချင်ရင် . . စည်းစနစ်ကျကျတဆင့်ချင်း လုပ်ရတယ်။ ရိုးသား တဲ့ အလုပ်က မချမ်းသာရင်တောင် စိတ်မဆင်း ရဲရဘူး။ ဘာအန္တရာယ်မှ မရှိဘူး။

တစ်နပ်စားဉာဏ်နဲ့ ဖြတ်လမ်းက,လုပ်တဲ့ ဘယ်စီးပွားရေးအလုပ်မဆို၊ ငွေပုံကြီးပေါ် ထိုင်ချင် ထိုင်နေရမယ်။ အတွင်းစိတ်က,တော့ အိပ်ကောင်း ချင်း မအိပ်ရ၊ စားကောင်းချင်း မစားရဖြစ်နေ ဟက်တယ်။ စေတနာရှိရှိမရှိရှိ၊ မပေးချင်သည် ဖြစ်စေ၊ ပေးချင်သည်ဖြစ်စေ။ တခြား ဝေစားမျှ စားတွေကိုလည်း ဝေရမျှရသေးတယ်။ ဆင်းရဲ တယ်ဆိုတာ အဲဒါကို ပြောတာ။

တချို့ အရပ်ထဲပြောနေကြသံတွေကြားပါ တယ်။ ရှာလို့ဖွေလို့ မကောင်းဘူး . . . တို့ကာလ ပျက်နေတယ် . . . တို့ ခေတ်မကောင်းဘူး . . တို့ သူတို့ ပြောတာဟုတ်ချင်လည်း ဟုတ်မှာပေါ့ . ။



www.burmeseclassic.com

ဒါပေမဲ့ . . , ငါအထင်တော့, ကာလပျက်နေတာလည်း မဟုတ်ဘူး။ ခေတ်ပျက်နေတာလည်း . . မဟုတ်ဘူး။ စိတ်ဓာတ်တွေ ပျက်နေကြတာ။

တော်တော်များများက သက်သက်သာသာနဲ့ ဝင်ငွေများများရချင်တဲ့ စိတ်ဓာတ်တွေ ဖြစ်ကုန်ကြပြီ။ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း ရုန်းရုန်းကန်ကန် မလုပ်ချင်ကြတော့ဘူး။ အဲဒါ . . ခေတ်ပျက်တယ် ဆိုတာ၊ စိတ်ဓာတ်ပျက်တာက စတာ။ လူတွေရဲ့ မကောင်းတဲ့ စိတ်ဓာတ်တွေကြောင့်၊ ခေတ်ပျက်တာလား။ ခေတ်စနစ်ကြောင့် လူတွေရဲ့စိတ်ဓာတ်တွေ ပျက်ပြားတာလား။ နင်တို့ လူငယ်တွေ စဉ်းစား"

အမေ ကျွန်တော့်ကို ဆုံးမပြောဆိုနေတာလား။ မိုးကျမယ်များကို စောင်းမြောင်းပြောဆိုနေသည်လား ကျွန်တော် မခန့်မှန်းတတ်တော့ချေ။





သူ့မိဘတွေ နိုးသွားမှာ စိုးသဖြင့်၊ ကျွန်တော် . . တံခါးကို ဖြည်းဖြည်းခေါက်ရသည်။ စိတ်ရှိတဲ့အတိုင်း ခေါက်ရမည်ဆိုလျှင်တော့, တစ်ဝုန်းဝုန်း ထုနှက်လိုက်ချင်၏။

"ဟဲ့ . . ဘာလဲ။ မင်းညိမ်း".

"နင် . . ဘာလဲ လုပ်မနေနဲ့။ နင့် . . အိမ်ရှေ့မှာရပ်ထားတဲ့ကားက၊ ဘာလဲ"

မိုးကျမယ် ခေါင်းကုတ်နေ၏။

"ဟဲ့ ဖြေလေဟာ"

"တီးတိုးပြောပါ မင်းညိမ်းရယ်။ အမေ နိုးသွားဦးမယ်"

"နိုးလည်း မတတ်နိုင်ဘူး။ နင့်ကို လိုက်ပို့တဲ့ကားနောက်က၊ အဲဒီကား ပါလာလို့ ငါ ကြည့်နေတာ။ နာရီဝက်လောက်ရှိနေပြီ။

ကားထဲမှာ၊ အကောင်နှစ်ကောင်။ ငါတွေ့တယ်။ နင်နဲ့ ဘယ်လိုပတ်သက်မှန်း မသိလို့ ငါ . . နင့်ကို အရင်လာမေးတာ"

"ငါနဲ့ မပတ်သက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၊ အံ့ကြိတ်လိုက်မိသည်။

"မိမိုး။ အဲဒါ . . နင့်အဖြေ၊ အပြည့်အစုံ မဖြစ်နိုင်ဘူး။ ငါ့ကို ပြည့်ပြည့်စုံစုံပြော"

"ဆိုင်မှာဟာ။ ပန်းကုံးလာစွပ်တဲ့ လူကြီးတွေ။ အဲဒါ ငါပြန်ခါနီးတော့၊ စကားပြောချင်လို့တဲ့။

ငါ . . . ဘာမှ ပြန်မပြောဘဲနဲ့၊ ဖယ်ရီပေါ် တက်ပြီး အိမ်ပြန်လာတာ။ အဲဒါ . . နောက်က လိုက်လာတာ"

"နင် . . ညှုတုတု လုပ်ခဲ့သေးလား"

"ဟဲ့။ လုပ်စရာလား"

"မှတ်ထား . . . မိမိုး။ အဲဒါ . . . ပန်းကုံး မဟုတ်ဘူး။ ပန်းခွေ . . ပန်းခွေ။

နင်တို့က ပန်းကုံးစွပ်တယ် ထင်နေတာ။ တကယ်က . . ပန်းခွေချတာ။ သိလား"

"တော်ပါဟယ်။ မင်းညိမ်းရယ်။ အမေ နိုးသွားရင်၊ ထပ်ရှင်းပြနေရဦးမယ်။ နင်ကြန်တော့"





"နင် . . အဲဒီ ကားထဲက . . ကောင်တွေနဲ့ မပတ်သတ်တာ၊ သေချာတယ်နော်"

"သေချာပါတယ်ဟာ။ ဒါပေမဲ့ . . . နင်၊ ရန်သွားမဖြစ်နဲ့နော်။ မသိချင်ယောင်ဆောင်နေ"

"မသိချင်ယောင်ဆောင်နေလို့ ရမလား။ ဒါ . . ဆင်းရဲသားရပ်ကွက်။

လူကုံထံတွေ တောကစားထွက်တဲ့ ဥယျာဉ်တော် မဟုတ်ဘူး"

"နင် . . ဘာသွားလုပ်ဦးမလို့လဲ"

"ကားကို မီးရှို့မယ်။ လူကို ခေါင်းခွဲမယ်"

"နင် . . အဲဒီလိုလုပ်ရင်၊ ငါ အရှက်ကွဲမှာပေါ့။ ငါ . . အိမ်တံခါးပိတ်ထားပါတယ်ဟာ။ အိမ်ဝင်းထဲတော့၊ မကျူးကျော်ပါဘူး။ နင် . . အေးအေးဆေးဆေး ပြန်စမ်းပါ"

"ဟဲ့ . . မိမိုး။ ဆင်းရဲသားရပ်ကွက်ထဲမှာ၊ အဲဒီလို ကားမျိုး၊ ဒီလို အခြေအနေနဲ့လာရပ်တာ၊ အသုဘကားရပ်ထားတာထက် ပိုပြီး ကျက်သရေ



www.burmeseclassic.com

www.burmeseclassic.com



ယုတ်တယ်"

"အေး . . ၊ နှင်ပြောတာ မှန်ပါတယ်။ အခုဟာက၊ ငါ့ကို ကိုယ်ထိလက်ရောက် လာစော်ကားနေတာလည်း မဟုတ်ဘူး။ သူ့ဘာသာ လမ်းပေါ်မှာ၊ ကားရပ်ထားတာ။

ဘယ်လို စွဲချက်နဲ့ နှင်ထုတ်နိုင်မှာလဲ။ ဒီအတိုင်းလွှတ်ထားလိုက်ပါဟာ။

ပြီးတော့ . . . ,

ငါ . . အလုပ်လည်း ထွက်ခဲ့ပြီးပြီ။ ဒီ . . အလုပ်ထွက်လာပြီးမှ၊ ဒီအလုပ်နဲ့ ပတ်သတ်တဲ့ ပြဿနာတက်တယ်ဆိုရင် လုံးဝ . . မကောင်းဘူး မင်းညိမ်း"

ကျွန်တော် တအံ့တဩဖြစ်သွားသည်။

"နှင် . . ။ နှင် . . အလုပ်, ထွက်လိုက်ပြီဟုတ်လား"

"အေး"

ရုတ်တရက်၊ ဘာပြောရမှန်း မသိတော့။ အတန်ကြာ





ငြိမ်သက်သွားမိသည်။ ပြီးမှ . . .

"နှင် . . အိပ်တော့ဟာ။ ငါ . . ဟိုကားကို ဘာမှ မလုပ်တော့ဘူး"

မိုးကျမယ်က . . .

"နှင် . . ဘာဖြစ်သွားတာလဲ"

"ဘာမှ မဖြစ်ပါဘူး။ ဝမ်းသာသွားတာ။ အင်း . . . ဝမ်းသာတာလည်း မဟုတ်ဘူး။ ဝမ်းသာလုံးဆို့သွားတာ။ နှင် . . , ငါ့စကားကို နားထောင်တာ။ ငါ သတ်မှာစိုးလို့လား"

"မဟုတ်ပါဘူးဟာ။ နှင် . . . စေတနာနဲ့ ပြောနေမှန်း ငါသိတာပေါ့။ အဲဒါကြောင့်, နောက်ဖြစ် နောက်ရှင်း . . လို့ တွေးပြီး၊ တစ်ခါတည်း . . ဆုံးဖြတ်ခဲ့တာ။ ငါလည်း ပျော်လို့လုပ်နေတာမှ မဟုတ်တာ"

"အေးပါဟာ။ ငါ့စကားကို နားထောင်တာ ငါ . . အရမ်းကျေးဇူးတင်တယ်။ ကဲ . . အိပ်တော့၊ ငါ . . မနက်ဖြန် လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

မိုးကျမယ် တံခါးပိတ်သည်။ မီးမမှိတ်သေး။ ထို့ကြောင့် ညသည်၊ မမှောင်လွန်းသေး။

လမ်းမီးအလင်းရောင်အောက်တွင် ရပ်နေသည့်၊ လူကို ထံ ဇိမ်ခံကား ရှိရာဘက်သို့၊ ငဲ့မကြည့်ဖြစ်အောင် ကြိုးပမ်းသည်။





## (၁၁)

"ငါ . . နင့်ကို ယူချင်တယ် မိမိုး"

ပြောချင်ရာ စကားလုံးတို့ကို စီကာပတ်ကုံး ကျွန်တော် မပြောတတ်၊ ချစ်တယ်၊ ကြိုက်တယ်၊ လက်ထပ်မယ်ဟူသော စကားလုံးများကိုပင် အစီအစဉ်တကျမပြောတတ်သဖြင့် လိုချင်ရာစကားကို တိုတုတ်စွာ ကျွန်တော် ပြောလိုက်မိသည်။

မိမိုးက . . .

"နင့် စကားက ဘာစကားလဲ မင်းညိမ်း"

ကျွန်တော်က မိုးကျမယ်၏မျက်နှာကို ဝံ့ရဲစွာကြည့်လျက်,

"ငါ ပြောတတ်သလို ပြောလိုက်တဲ့ စကားပေါ့။ ငါ ပြောချင်တာတွေက အများကြီးပဲဟ။ နင့်ကို ငါ စိတ်မချဘူး။ နင့်ဘေးနားမှာ ငါ မရှိရင် နင့်ဘဝ မလုံခြုံဘူးလို့ ငါ ထင်နေတယ်။ အဲဒါကြောင့် နင့် ဘေးနားမှာ ငါနေချင်လို့ ဒီစကား



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောတာ။ ရည်းစားစကားတော့ မဟုတ်ဘူး မိမိုး။ ပြောရတဲ့ အကြောင်း၊ ပြောချင်တဲ့ အဓိပ္ပါယ်က, အခု ပြောလိုက်တဲ့ စကားထက် ပိုကျယ်ပြန့်မယ် ထင်တယ်"

မိုးကျမယ်က မျက်ခုံးလေးတွန့်ကွေးကာ ပြုံးပြီး . . .

"သူငယ်ချင်း အချင်းချင်းဘာလို့ ဒီစကားတွေ ပြောနေတာလဲ"

"စကား မဟုတ်ဘူး မိမိုး။ ငါ့ ဆန္ဒ, စိုးရိမ်စိတ်က ဖြစ်လာတဲ့ ဆန္ဒ။

နင့်အဖေနဲ့ နင့်အမေကလည်း ခက်ခဲကျပ်တည်းနေကြတာ။ နင့်ကို ပစ်ထားသလို မဖြစ်ပေမဲ့ ဂရုစိုက်မှုမပေးနိုင်ကြဘူး"

မိုးကျမယ်က . . .

"ငါ့ပျက်စီးမှာကို စိုးရိမ်တာလား မင်းညိမ်း"

ကျွန်တော် ခေါင်းခါလျက် . . .

"ပျက်စီးမှာ စိုးရိမ်တာမျိုးမဟုတ်ဘူး။ နင်တစ်ယောက်တည်း ရုန်းကန်နေရမှာကို ငါ မလို





လားဘူး။ ပြီးတော့ . . ., နင့်ကို တခြားလူကိုထံတစ်ယောက်ယောက်က . . မျက်စိကျသွားမှာကိုလည်း ငါ မလိုလားဘူး။ အဲဒီမလိုလားတဲ့ စိတ်တွေကြောင့် စိုးရိမ်လာတာပေါ့"

မိမိုးက . . .

"ငါက . . မဆင်းရဲချင်ဘူးနော် မင်းညိမ်း နင့်ကို ယူရင်၊ မဆင်းရဲမှန်းတော့ ငါ သိတယ်။ ဒါပေမဲ့ ကျိကျိတက် ချမ်းသာမှာတော့ မဟုတ်ဘူး။

အဲ . . ချမ်းသာတဲ့ သူကို ယူပြီးတော့, သူဌေးကတော် လုပ်မယ့်အစီအစဉ်လည်း ငါ့မှာ မရှိဘူး။ ငါကိုယ်တိုင် သူဌေးမကြီး လုပ်ချင်တာ"

"နင်တစ်ယောက်တည်း လုပ်ရင် မလုံခြုံဘူးလေဟာ . ."

"နင့်ကို ယူရင် လုံခြုံမယ်ပေါ့ ဟုတ်လား"

ကျွန်တော် ခေါင်းညိတ်လိုက်၏။ မိုးကျမယ်က ကျွန်တော့်ကို မခို့တရို့ကြည့်ရင်း . . .

"နင်က ဘယ်လောက်အထိ လုံခြုံမှုပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ"

"တစ်ကိုယ်လုံးကို မိုးမလုံရင်တောင် နင့်ခေါင်းလေးကိုတော့ လက်ဝါးလေးနဲ့ အုပ်ပေးထားနိုင်မှာပါဟာ။ ချစ်တဲ့စိတ်နဲ့ အုပ်မိုးထားရင် တစ်ဘဝလုံးလုံခြုံပါတယ်ဟာ"

မိမိုးက . . .

"မိုးသည်းသည်းအောက်မှာ ကောင်မလေးတစ်ယောက်ကို ကောင်လေးတစ်ယောက်က၊ ကြာဖက် ကြာရွက်လေးနဲ့ အုပ်မိုးပေးထားတာ ပန်းချီကားထဲမှာပဲ ကြည့်လို့ကောင်းတာနော်။ သဘာဝကျကျ တွေးကြည့်ရင် တစ်ကိုယ်လုံးရွှဲရွှဲစိုနေမှာ အမှန်ပဲ"

"ဘာပဲ ဖြစ်ဖြစ်ဟာ ငါ့စိုးရိမ်စိတ်ကိုတော့ အသိအမှတ်ပြုပါ"

"ငါရောနင်ရော ငယ်သေးတယ်မင်းညိမ်း။ အသက်နှစ်ဆယ့်နှစ်နှစ်ဆိုတဲ့ အရွယ်က ကိုယ်လုပ်တာကို ကိုယ်မှန်တယ် ထင်တဲ့ အရွယ်နော်။ ငါ





တောင် စားသောက်ဆိုင်မှာ လမ်းလျှောက်ပြတဲ့ အလုပ်ကို ငွေများများရတာ တစ်ခုတည်းနဲ့ မစိုးပါဘူးလို့ တွေးခဲ့မိသေးတာ။ အခု အဲဒီအတွေးမှားမှန်း ငါသိတယ်။

အဲဒီလိုပဲ . . နင် အခုပြောတဲ့ စကားတွေ အခု ဖြစ်နေတဲ့ စိတ်တွေ အကုန်လုံးကို အခုလောလောဆယ်တော့ မှန်တယ်လို့ ထင်နေမှာပဲ။ မှားသွားပြီလို့ တွေးလိုက်မိတဲ့ အချိန်မှာ . . . ပြင်ဖို့ခက်သွားလိမ့်မယ်"

ကျွန်တော်က . . .

"နင့်ဘေးမှာ နေချင်တဲ့ ငါ့ စိတ်ကို မှားတယ်လို့၊ ငါ ဘယ်တော့မှ မထင်ဘူး။ ဘယ်တော့မှ ,လည်း မပြင်ဘူး"

မိမိုးက . . .

"ငါ့အမေက မိုးကျမယ်လို့ နာမည်ပေးခဲ့တာ မိုးပေါ်က ကျလာတဲ့နတ်သမီးလေးလို လှလှပပ ကျော့ကျော့ မော့မော့လေးနေစေချင်လို့

www.burmeseclassic.com

www.burmeseclassic.com



မှည့်လိုက်တယ် ထင်ပါရဲ့။ မိုးပေါ်ကကျမကျတော့ မသိဘူး။ စိတ်ဓာတ်က,တော့ ဟော်ကော်ကျတယ်။

ဒါပေမဲ့ သေချာ စဉ်းစားကြည့်လိုက်ရင်. မိဘတိုင်းက,တော့ သားသမီးတိုင်းကို မိုးပေါ်က ကျလာတဲ့ နတ်သမီးလေးလို၊ နတ်သားလေးလို ဖြစ်စေချင်မှာပဲ။ နင့် အမေလည်း နင့်ကို တောက်တောက်ပပ ထည်တည်ဝါဝါ ဝံ့ဂံ့ကြွားကြွားရှိတဲ့ နတ်သားလေးတော့ ဖြစ်စေချင်မှာပဲ"

"ဒါကတော့ လူ့သမိုင်း အစကတည်းက, ဒီနေ့အထိ မိဘတွေရဲ့ တူညီတဲ့ဆန္ဒပဲ"

မိုးကျမယ်က ပြုံးလျက်,

"အမေ။ ကျွန်တော် . . .။ မိမိုးကို လိုချင်လို့ အခုချက်ချင်း လိုက်တောင်းပေးပါ . . လို့ နင့် အမေကို နင်ပြောရင်၊ ဝမ်းသာအားရနဲ့ ထ ကမှာလား။ အကြောက်အကန် ဘားမှာလား"

ကျွန်တော် မထင်မှတ်ထားသော၊ မတွေးတောထားသော အမေးစကား။





"ဟဲ့ . . ဖြေလေ"

ကျွန်တော်က . . .

"နည်းနည်းတော့ တားမှာပေါ့"

"ဘာဖြစ်လို့ တားမှာလဲ"

"ငယ်သေးတာကိုး"

"ဒါဆိုနင့်ကို ငါက ယူချင်တယ်ဆိုပါတော့ နင် ဘယ်လို စီစဉ်မလဲ"

"ခိုးပြေးမှာပေါ့"

"ခိုးရာပါ ပစ္စည်းဆိုတာ သိပ်မထည်ဝါဘူး နော် . . မင်းညီမ်း။ ပြန်ရောင်းချင်ရင်တောင်, သူခိုးဈေးပဲ ရမယ်"

"ပေါက်ကရတွေ မပြောပါနဲ့ မိမိုးရယ် . .။ ငါက အလှိုက်သည်းလှိုက်ပြောနေတာ။ နင်က, လှောင်နေသလိုပဲ"

"အခု ဒီကိစ္စကို နင် ဘယ်သူနဲ့ တိုင်ပင်ပြီးပြီလဲ" . . ဟု မိုးကျမယ်က မေးသည်။

"ငါက ဘယ်သူနဲ့ တိုင်ပင်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တာတီးတို့၊ မြင့်မြင့်သိန်းတို့နဲ့ တိုင်ပင်ပေ

"သူတို့နဲ့ တိုင်ပင်ရင် တားမှာပေါ့ဟ"

"ဘာကြောင့် တားမယ်လို့ နင်ထင်တာ

"ငယ်သေးလို့ပေါ့"

"ဆွေမျိုးသားချင်းတွေ၊ နီးစပ်ရာ လူ
အားလုံးနဲ့ တိုင်ပင်ရင်ရော၊ အေး . . . ကော
တယ်။ လုပ်သာလုပ်လို့ အားပေးကြမှာလား။
ကြမှာလား"

ကျွန်တော်က စိတ်မွန်းစွာဖြင့် . . .

"ဩော် . . ဒါကတော့ဟာ။ ဒီအရွယ်
ဒီလိုမျိုးကိစ္စကို ပြောမိတိုင်ပင်မိရင်တော့ အာ
က တားကြမှာပေါ့"

မိုးကျမယ်က ကျွန်တော့်ကို ကြည့်ပြီး ရယ်မောလျက်

"ဟဲ့ . . .။ အများစုက တညီတညွ
တားဆီးနေပြီဆိုရင် အဲဒီ ကိစ္စက လုံးဝရပ်
သင့်တဲ့ ကိစ္စပဲ။

ငါ အရက်သမားတွေကို လမ်းလျှော





တဲ့ အလုပ်လုပ်တုန်းက နင်တားခဲ့တယ်နော် . .။ တာတီးနဲ့ မြင့်မြင့်သိန်းလည်း တဆင့်စကားနဲ့ တားကြတာ ငါ သိတယ်။ ဒါပေမဲ့ ငါ့စိတ်တိုးခဲ့သေးတယ်နော်။ ခလုတ်တိုက်ခါနီးမှ ရပ်လိုက်တာ။ နင်တို့တားလို့ ငါရပ်လိုက်တယ် ဆိုပါတော့ဟာ။ အခု နင်ပြောတဲ့ ကိစ္စကို လောလောဆယ် ငါ တားချင်သေးတယ်။ မီးနီပြတာမျိုး မဟုတ်ပါဘူးဟာ . .။ မီးဝါပြထားတဲ့ သဘောမျိုးပေါ့ နော် မင်းညိမ်း"

"ဘာလဲ . . ငါက ကျိုးကျိုးတက် ချမ်းသာတဲ့ သူဌေးသားမဟုတ်လို့လား"

"နင့်ကို ငါက စဉ်းစားပါရစေဦးရှင် . . လို့ ပြောနေတာ မဟုတ်ဘူး။ မိုးဆိုတာ အခါလွန်တဲ့ မိုးလည်း မကောင်းဘူး။ ရွာချိန်တန်လျက်နဲ့ မရွာရင်လည်း မကောင်းဘူး။ အချိန်မကျဘဲ ရွာရင်လည်း မကောင်းဘူး။

နင်ကြားဖူးတယ်မဟုတ်လား။ အချိန်မတန်



www.burmeseclassic.com

www.burmeseclassic.com



ခင် ရှာတဲ့ မိုး၊ ရေလို မအေး နွေလိုပူ ဆိုတဲ့
သီချင်းလေ။ အဲဒီလိုပေါ့"

"ဘာတွေ ပြောနေတာလည်း မသိဘူး" ဟု၊ ကျွန်တော်
တစ်ကိုယ်တည်း ညည်းဖြစ်သည်။ ပြီးနောက် . . .

"အဲဒါဆိုရင် . . နင်က ငါ့အပေါ် ဘယ်လို
သဘောထားမှာလဲ။ ငါက ဘာဆက်လုပ်ရမှာလဲ"

မိုးကျမယ်က ကောင်းကင်သို့ မော့ကြည့်လျက် . . .

"ငါ့ဘာသာ ငါဆောင်းဖို့၊ ထီးတစ်လက်
ဖန်တီးလိုက်ဦးမယ်။ ထီး အခက်အခဲရှိခဲ့ရင် နင့်
လက်ခုပ်မိုးလေး အောက်ကို ငါ ဝင်လာပါ့မယ်
ဟယ်"

ပြောပြီး ကျွန်တော်ပခုံးပေါ်သို့ သူ့လက်ဖဝါးလေးဖြင့်
ဖျတ်ကနဲ ရိုက်လိုက်သည်။ သူ့ကို ငုံ့မကြည့်ပဲ ကောင်းကင်ပေါ်
သို့ ကျွန်တော် မော့ကြည့်လိုက်သည်။ ထိုစဉ်က မိုးမရွာသေး။





## (၁၂)

အမေက "နင်က ဘာဖြစ်လို့ အဝေးသင်တက်ရတာလဲ"
ဟူသော အမေးစကားကို ကျွန်တော် တိကျခိုင်လုံသော အဖြေ
မပေးဖြစ်။ တက္ကသိုလ်ကျောင်းသွားတက်ရတာ ဝေးလွန်းသလိုလို
ပင်ပန်းသလိုလို စသော အကြောင်းပြချက်များကိုသာ ရည်ညွှန်း
ဖြေကြားဖြစ်သည်။ အဖြေမှန် အဖြစ်မှန်ကို မဖြေရဲ၊ မပြောရဲ။

မကွယ်ဝှက်တမ်း ဖြေရမည်ဆိုလျှင် တက္ကသိုလ်တက်သော
ကျောင်းသားတစ်ယောက်အဖြစ်ထက် . . , ဝင်ငွေရှိသော လူတစ်
ယောက်သာ ကျွန်တော် ဖြစ်ချင်သည်။ တစ်နေကုန်နီးပါး ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တက်ခြင်းဖြင့် အချိန်ကုန်မည့်အစား အမေ့အလုပ်ကို ပိုမိုလုပ်ကိုင်လျက် ကိုယ်ပိုင်ဝင်ငွေရှိအောင်သာ ကျွန်တော် ဆောင်ရွက်ချင်တော့သည်။

သွယ်ကာ ဝိုက်ကာ တင်စားကာဖြင့် ပြောပြရမည်ဆိုလျှင် မိုးကျမယ် မိုးမိသည့်အခါ ခန္ဓာတစ်ခုလုံး လုံခြုံရေးအတွက် ထီးတစ်လက်ကို အမြန်ပိုင်ဆိုင်ထားချင်သည်။ ထို့ကြောင့် နေ့ကျောင်းသား ၁ ဖြစ်ကို ကျွန်တော် မခံယူဘဲ အဝေးသင်ကျောင်းသားအဖြစ်သာ ဖြေဆိုဖို့ ဆုံးဖြတ်မိလေသည်။ အဖြစ်မှန် ဆန္ဒအမှန်ကို မည်သူ့ကိုမျှ ကျွန်တော်မပြောကြား။ မည်သူမျှလည်း မရိပ်စားမိ။

အမေက . . .

"သူများတွေများ . . နေ့ခင်းတက်ချင်တာတောင် အခက်အခဲတွေရှိကြလို့ အဲဒီ အဝေးသင်ကို ပြောင်းကြရတာ။ နင့်မှာ အခက်ခဲ မရှိဘဲနဲ့ မတက်ချင်ဘူးဆိုတော့ တော်တော်ထူးဆန်းတာပဲ"

အလတ်မ သင်းသင်းငြိမ်းက . . .

"သင်းသင်း အောင်ရင်တော့ Day ပဲတက်မှာနော် အမေ"





အငယ်မ လင်းလင်းငြိမ်းက . . .

"ကိုကိုကြီးက သားအကြီးဆုံးဆိုတော့ . . ရှုပ်ရှင်တွေ ဗီဒီယိုတွေ ထဲကလို Day မတက်ဘဲ အဝေးသင်တက်ပေးတာ နေမှာပေါ့ အမေရဲ့"

သင်းသင်းငြိမ်း၏ စကားကို အကြောင်းပြုလျက် အမေက "ဟုတ်လား" ဟု မေးသည်။ ကျွန်တော် ခေါင်းကို လှုပ်ရုံသာ ညိတ်၏။ ကျွန်တော် ဦးခေါင်းအညိတ်သည် ဇက်ကြောတက်နေသော ပုတ်သင်ညိုတစ်ကောင်ပမာ၊ အလှုပ်အရှား အသက်မပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ငါ့အခက်ခဲနဲ့ ငါမို့ အဝေးသင်တက်ရတာ။ မြင့်မြင့်သိန်းကတော့ စာကို ပိုလိုက်ချင်လို့ အခက်အခဲကြားထဲက မရရတဲ့နည်းနဲ့ Day တက်နေတာ။ မင်း Day တက်ရင် မြင့်မြင့်သိန်း အဖော်ရပြီလို့ ငါက ထင်နေတာ။ အခု မင်းက ဘာစိတ်ကူးပေါက်ပြီး အဝေးရောက်မင်းကြီး လုပ်လိုက်ရတာလဲ"

"ဒီလိုပါဘဲကွာ" . . ဟု၊ စိတ်လက် မကြည်မသာဟန်ဖြင့် ဇဝေဇဝါ ကျွန်တော် ဖြေသည်။ တိကျသော အဖြေစကား မဟုတ်သဖြင့် တာတီးက ရုတ်ချည်း လက်မခံ။

ထို့ကြောင့် တာတီးက . . .

"မင်းအမေက, မတက်ခိုင်းလို့လား။ မင်းတို့ မိသားစု အရမ်းကို ကျပ်တည်းနေလို့လား။ မင်း ဝင်ငွေမှ မရှိရင် မင်းတို့ မိသားစု အဆင်မပြေတော့လို့၊ မင်းက အဝေးသင် ပြောင်းတက်ပြီး အလုပ်လုပ်ရတော့မှာလား။ ဟုတ်လား မင်းညိမ်း"

ကျွန်တော်က . . .





"အဲဒီလိုလည်း မဟုတ်ပါဘူးကွာ။ သွားရေးလာရေး ဝေးလို့ပါ။ ပြီးတော့ နေပူတယ့်သိုလ်ကိုယ်ပိုင်ကား ရှိတဲ့လူတွေက ဝေါကနဲဆို ဂေ့အရပ်ထဲကိုရောက်သွားတာ။ ကျော့ကျော့ကလေးဂေ့ဖို့ရှိတက်လို့ရတယ်။

ငါတို့ကျတော့ ကြိုပို့ကားစီးရင်စီး၊ မစီးရင် ဘတ်စကား ကြပ်ကြပ်ညပ်ညပ်စီး။ ချွေးတစ်လုံးလုံးနဲ့ကွာ။ ကျောင်းထဲလည်းရောက်ရော ချွေးတွေက ရွှဲနေတာပဲ။ နေ့တိုင်းဆိုတော့ အချိန်တွေကို နှမြောတယ်ကွ။ အဲဒါကြောင့်ပါ"

တာတီးသည် မျက်မှောင်ကြုတ်၏။ ထိုမျက်နှာထားဖြင့် ကျွန်တော့်ကို ကြည့်၏။ ထိုမျက်နှာထားဖြင့် ကျွန်တော့်ကို စူးစမ်း၏။ သို့သော် သူအဖြေမရ။

"မင်း အကြောင်းပြချက်ကြီးက ငါးပိကောင်ကို နေခြောက်လှမ်းထားသလိုပဲ။ ခြောက်ကပ်ကပ်ငန်ကျိကျိနဲ့။ အဆီအနှစ် မရှိဘူး။

အေးလေ . . .။ ဘာပဲဖြစ်ဖြစ် အိမ်တွင်း



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လေး အဆင်သင့်ရှိတော့ မင်းအတွက် ၊ အဆင်ပြေတာပေါ့။ ငါကတော့ ဟိုလျှပ်စစ်ပစ္စည်းလေးပြင်လိုက်၊ ဟိုတီဗွီလေး ပြင်လိုက်၊ ဟို အောက်စက်လေး ပြင်လိုက်နဲ့ မရေမရာ ဝင်ငွေရှာနေရတာပဲ။ ကောင်းပါတယ်ကွာ . . မင်းအဝေးသင်တက်တာ။ ကျောင်းအပြီး အလုပ်ကရှိပြီးသား။ သူများလို ကျောင်းပြီးရင် ဘွဲ့လက်မှတ်ကိုင်ပြီး အလုပ်ရှာမနေရတော့ဘူးပေါ့။

ဘွဲ့ရပြီးတဲ့ အခါ တက္ကသိုလ် မင်းညိမ်း၊ အထည်ချုပ်လုပ်ငန်း၊ အပ်ထည်အမျိုးမျိုး လက်ခံသည် ဘာညာပေါ့ကွာ။ မဆိုးပါဘူး"

"မင်းက ပေါက်ကရ တော်တော် ပြောတာပဲ"

"ဩော် . . . ပေါက်ကရပြောတာ မဟုတ်ဘူး။ ကိုယ့်သူငယ်ချင်းမို့ မရှိမဲ့ရှိမဲ့ အရည်အချင်းလေးတွေကို ရှာကြံပြီး ကြိုတင်ဂုဏ်ပြုတာလေ။

အပ်ချုပ်သမား အချင်းချင်း ဘွဲ့ရပြီးသား





အပ်ချုပ်သမားနဲ့ ဘွဲ့မရသေးတဲ့ အပ်ချုပ်သမား ဘယ်သူ ဂုဏ်ပိုရှိမလဲ မင်း စဉ်းစား။ တက္ကသိုလ်ကျောင်းသူ ရောင်းတဲ့ မုန့်ဟင်းခါးနဲ့ ရိုးရိုးအရပ်သူ ရောင်းတဲ့ မုန့်ဟင်းခါး ဘယ်ဟာ ဂုဏ်ပိုရှိလဲ မင်း စဉ်းစား။

ငါတောင် . . . ဘွဲ့ရပြီးရင် ဆိုက္ကားသုံးစီးလောက် ပိုင်အောင်လုပ်မယ်။ ပြီးရင် တက္ကသိုလ်တာတီး အထွေထွေ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုပြီး ဆိုက္ကားဂိတ်အကြီးကြီးထောင်ထားမယ် မကောင်းဘူးလား"

"ဟော့ကောင် တာတီး။ မင်း ငါ့ကို နောက်နေတာလား။ ဒါမှမဟုတ် . . . ဘယ်သူ့ကို လှောင်နေတာလဲ"

"ငါ့ကိုငါ လှောင်နေတယ်လို့ပဲ မင်းယူဆလိုက်ပေါ့ကွာ"

ဟု၊ တာတီး ပြောသည်။ ပြီးနောက် . . . ၊

"မြင့်မြင့်သိန်းရဲ့ ရည်ရွယ်ချက်က ငါ့ထက် အဆင့်မြင့်တယ်ကွ။ Ph.D ယူမယ်လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူက တိတိကျကျအားထုတ်နေတဲ့ အချိန်မှာ မင်းတို့ ငါတို့ မိုးကျမယ်တို့က မရေမရာဖြစ်နေသေးတယ်။ တစ်ခုခု ဆုံးဖြတ်ထားမှ သင့်တော်မယ် သူငယ်ချင်း"

"မရေမရာ ဆိုတာ ဘာကို ပြောတာလဲ တာတီး"

"ဘာလုပ်မယ်လို့ တိတိကျကျမသတ်မှတ်ရင် အဲဒါ မရေရာတာဘဲ။

မိုးကျမယ်လည်း စီးပွားရှာမှာလိုလို ဘာလိုလို။ မင်းနဲ့ငါလည်း ဒီအတိုင်းပဲ အလုပ်လုပ်ရမှာလိုလို၊ ဘွဲ့ယူရမှာ လိုလို။

အဲဒီလို ဟိုလိုလို ဒီလိုလို အခြေအနေကို မရေမရာလို့ ခေါ်တာကွ။ ဘာမှ မဖြစ်သေးပေမဲ့ ဘာလုပ်မယ်လို့ တိတိကျကျ သတ်မှတ်ထားရင် အဲဒါ ရေရာတယ် အဆင့်မြင့်တယ်။

မြင့်မြင့်သိန်းက ဘာပဲဖြစ်ဖြစ် အဆင့်မြင့်တယ်။ သူဘာလုပ်မယ် ဆိုတဲ့ ရည်ရွယ်ချက် တိတိ





ကျကျ ရှိတယ်"

ကျွန်တော်က ရယ်မောလျက် "ဒီစကားကို မြင့်မြင့်သိန်းကြားရင်တော့ သူ့ကို မြှောက်ပေးတယ်ဆိုပြီး မင်းကို မုန့်ဝယ်ကျွေးမှာ သေချာတယ်" ဟု၊ ကျွန်တော် ပြောလိုက်သည်။

တာတီးက . . .

"မြင့်မြင့်သိန်းကို မြှောက်ပြောသလို မိုးကျမယ်ကို လည်း ငါ မြှောက်ပြောချင်တယ်ကွာ။ ဒါပေမဲ့ သူဆီမှာ မြှောက်စရာ ဘာမှ မရှိဘူး။ အခုလည်း ထုတ်တန်းလမ်းလျှောက်တဲ့ အလုပ်လည်း မလုပ်တော့ဘူးတဲ့။ ဘာထပ်လုပ်ဦးမလဲ မသိဘူး"

ကျွန်တော်က . . .

"ဘာလဲ ထုတ်တန်း လမ်းလျှောက်တာ"

"cat walk လေကွာ။ cat walk ဆိုတာကို သူတို့ ဘယ်လိုဘာသာပြန်ကြလည်းတော့ မသိဘူး။ ငါ ဘာသာပြန်ကြည့်တာတော့ ကြောင်လမ်းလျှောက်တယ်လို့ အဓိပ္ပါယ်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြောင်တွေ လမ်းလျှောက်တာ ထုတ်တန်း ပေါ်မှာ လျှောက်တာပဲ ငါ မြင်ဘူးတယ်။ အဲဒါ ကြောင့် ထုတ်တန်းလမ်းလျှောက်တယ်လို့ ငါ ပြော တာ"

ကျွန်တော်က . . .

"ကြောင်လေး လမ်းလျှောက်သလို ညင် ညင်သာသာ လျှောက်တဲ့ပုံစံမို့လို့ cat walk လို့ ခေါ်တာ နေမှာပါကွာ။

မိမိုး လျှောက်တယ်ဆိုတာကလည်း . . . သက်ဆိုင်ရာ အေဂျင်စီမှာ စည်းစနစ်ကျကျ သင် ကြားပြီး ထည်ထည်ဝါဝါ လျှောက်တာမျိုး မဟုတ် ဘူး။ ကြုံတဲ့နေရာမှာ ကြုံသလိုသင်ပြီး မတတ် တတတ်နဲ့ လျှောက်တာနေမှာပါ။ တကယ့်Model Agency တွေကတော့ အရက်သမားတွေကို လမ်းလျှောက်ပြမယ် မထင်ပါဘူးကွာ။ မိမိုးလည်း အဲဒါကြောင့် ထွက်လိုက်တယ် ထင်တာပဲ"

တာတီးက . . .





"ကြုံသလို စီးပွားရှာနေရတဲ့ ခေတ်ကြီး မှာ အဲဒီလို အုတ်ရောရော ကျောက်ရောရောနဲ့ ရောင်တော်ပြန် ရောလွတ်တဲ့ ကိစ္စတွေတော့ ရှိ မှာပဲကွ။ အဲဒီရောင်တော်ပြန်တွေထဲရော၊ အုတ် ခဲ အကျိုးအပဲ့တွေထဲရော၊ ဒေါ်မိုးကျမယ်ကြီး မပါအောင် မင်းပဲ ဆုံးမလိုက်ပါကွာ။ ငါကတော့ လျှောင်ဖို့ပြောင်ဖို့ပဲ သိတယ်။ ဩဝါဒ မချွေတတ် ဘူး"

"အေးပါ" ဟု၊ ကျွန်တော် ပြောလိုက်ပြီး "မိမိုးလည်း နောက်ထပ် ဘာလုပ်ဦးမလဲ မသိဘူး" ဟု၊ တစ်ကိုယ်တည်း ညည်း ပြောပြောမိသည်။ ပြောမိ ညည်းမိသမျှ ရင်ထဲမှာ ဟာတာတာ၊ ဟရာရာ ဇဝေဇဝါ။



www.burmeseclassic.com

www.burmeseclassic.com



## (၁၃)

"နင် . . အဝေးသင်ပြောင်းတက်တာ ငါ့ကြောင့်ပေါ့ ဟုတ်လား မင်းညိမ်း"

မိုးကျမယ်၏ အမေးစကားကို မဆိုင်းမတွ ကျွန်တော်ဖြေသည်။

"ဒီပြင်လူမေးရင်တော့ ငါ ဝန်ခံမှာ မဟုတ်ဘူး။ နင်ကိုယ်တိုင်မေးလို့ ငါ ဝန်ခံတယ် မိမိုး။ အမေ့အလုပ်ကို ကူလုပ်နေရုံအပြင် ငါ တဲထဲဝင်



www.burmeseclassic.com

www.burmeseclassic.com



ဝင် လုပ်ချင်တယ်။ ပြီးရင် . . ဝင်ငွေရှိတဲ့လူဖြစ်အောင် ငါ ကြိုးစားချင်တယ်။ အဲဒါကြောင့် ငါ အဝေးသင်တက်ခဲ့တာ။ ရည်ရွယ်ချက်က, တော့ ဟာ နင့်ကို ယူတဲ့နေ့ကျရင် ကိုကိုတက် မချမ်းသာတာတောင် အလုပ်အကိုင်နဲ့ ဝင်ငွေနဲ့ အဲဒီလို အဆင်သင့် ဖြစ်နေချင်တယ်"

မဲ့ကနဲ ပြုံးရင်း မိုးကျမယ်က . . .

"ငါက နင့်ကို ယူမယ်လို့ ပြောထားလို့လား"

"နင် မပြောပေမဲ့ ငါက ပြောထားတာလေ။ ချစ်စကား ကြိုက်စကားပြောပြီး အလုပ်အကိုင် မယ်မယ်ရရ မရှိတဲ့လူတွေထဲမှာ ငါ မပါချင်ဘူး။ နင့်ကို ငါ ယူမယ်ဆိုတာ စာသံပေသံနဲ့ပြောရင်တော့ လက်ထပ်ခွင့်တောင်းတာပေါ့ဟာ။

ရတနာ စိန်ရွှေငွေတွေ၊ တွဲလောင်းချိတ် မပေးနိုင်ရင်တောင်၊ ဆန်ဆီဆား ငရုတ်ကြက်သွန် အပြည့် နင်နဲ့ငါနဲ့ နေမယ့်အိမ်ရဲ့ မီးဖိုချောင်ထဲမှာ ဖြည့်ပေးထားချင်တယ်"





"မင်းညီမ်း"

"ဘာလဲ"

"စိတ်ကူးယဉ်တယ်ဆိုတာ . . စိတ်ကူးထဲမှာ တော်တော် ပျော်ဖို့ကောင်းတာနော်။ တော်တော် ကျေနပ်ဖို့ ကောင်းတာ။ ဒါပေမဲ့ . . အဲဒီ စိတ်ကူးကို တကယ်ဖြစ်လာအောင် လက်တွေ့ အကောင်အထည်ဖော်တဲ့အခါ တော်တော်ပင်ပန်းတယ်။ အဲ . . ., လက်တွေ့လုပ်လိုက်တဲ့ အခါ စိတ်ကူးထဲက အတိုင်းဖြစ်မလာရင် ပင်ပန်းတာ ထက် ပိုပြီး အဆမတန် ပင်ပန်းလိမ့်မယ်။ ဖြစ်အောင်လုပ်ရင် လူပင်ပန်းတာပေါ့ဟာ . .။ ဖြစ်အောင် လုပ်ရက်နဲ့ ဖြစ်မလာရင် စိတ်ပင်ပန်းတယ်ပေါ့ဟာ။ အဲဒါကို ပြောတာ"

မိုးကျမယ်၏ စကားများကို သေသေချာချာ နားထောင်ပြီး ကျွန်တော်က . . .

"ဆိုင်မဆိုင်တော့ မသိဘူး။ လွတ်လပ်ရေး ဗိသုကာကြီးရဲ့စကားနဲ့ ပြောရရင် အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ မျှော်လင့်ထားတာပဲ။ အဆိုးဆုံးနဲ့ တွေ့ရင်လည်း ရင်ဆိုင်ဖို့ အဆင်သင့်ပဲ"

မိုးကျမယ်က . . .

"နင်က ငါ့ဆီက အကောင်းဆုံးမျှော်လင့်ထားလို့လား"

ကျွန်တော်က မဆိုင်းမတွ ဖြေလိုက်သည်။

"မိမိုး . . .။ ငါ အခုပြောမယ့် စကားကို သေချာနားထောင်။ ဖြစ်နိုင်ရင် နားနဲ့နားမထောင်နဲ့။ နှလုံးသားနဲ့ နားထောင်။

ငါက နင့်ဆီက အကောင်းဆုံးတစ်ခုခုကို မျှော်လင့်နေတာ မဟုတ်ဘူး။ နင့်ကို အကောင်းဆုံး တစ်ခုခု ပေးနိုင်အောင် ကြိုးစားနေတာ။ ငါ ပေးချင်တာ ငါပေးနိုင်တာ ထည်ဝါမှု ကြွယ်ဝမှု မဟုတ်ဘူး။ နင့် အတွက် အကောင်းဆုံးလုံခြုံမှု။

အဲဒီလို ဆန္ဒနဲ့ကြိုးစားရင်းက အခြေအနေတစ်ခုခုကြောင့် ဆိုးဆိုးရွားရွားရင်ဆိုင်ရရင် အဆင်သင့်ပဲလို့ ငါပြောတာ"

"ငါက ချမ်းသာချင်တာလေ မင်းညိမ်း"

"ဘယ်လောက် ချမ်းသာတဲ့လူပဲ ဖြစ်ဖြစ် အဲဒီ ချမ်းသာမှုမလျော့ပါးအောင် လိုအပ်တဲ့ အရာက လုံခြုံမှုပဲလေ။

ကုန်ကုန်ပြောရရင်ဟာ . .။ နန်းတော်ကြီး တစ်ခုလုံးကို ဦးစီးဦးဆောင်ပြုနိုင်တဲ့ ဘုရင်ကြီး မဖြစ်နိုင်ရင်တောင်၊ အဲဒီ နန်းတော်ကြီးကို အကာကွယ်ပေးနိုင်တဲ့ မြို့စောင့်၊ တံခါးစောင့်၊ ကင်းသမားလောက်တော့ ငါ ဖြစ်ချင်တယ်ဟာ။

နင့်ဘဝကို လုံခြုံမှုပေးဖို့ ကိုယ်ရံတော်စစ်သူကြီး မဖြစ်ရင်တောင် ခပ်လှမ်းလှမ်းက . . မျက်ခြေမပြတ် ကြည့်နေနိုင်တဲ့ ကင်းသမားပေါ့ဟာ"

"မင်းညိမ်း . .။ နင် စကားတွေတတ်လှချည်လား"

"နင့်ကို ငါ ခုနက ပြောထားသားပဲ။





www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံးနဲ့ နားထောင်ပါလို့။ အသည်းနှလုံ
ထဲက လာတဲ့စကားတိုင်း၊ ပါးစပ်ကပြောတဲ့ စကား
တွေထက်တော့ ပိုပြီးလေးနက်တယ်ဟ"

"ဒီကြားထဲမှာ ငါက တခြားတစ်ယောက်
ကို ယူသွားရင် ဘယ်လိုလုပ်မလဲ"

"ဩော် . . အခုတွင် ပြောပြီးပြီပဲ။ ဘုရင်
ကြီး၊ စစ်သူကြီး မဖြစ်လည်း ကင်းသမားဖြစ်ရင်
တော်ပြီလေ။ ကင်းသမားဆိုတာ အိမ်ထဲတော့ . .
ဝင်ခွင့်မရဘူးပေါ့ဟာ။ အိမ်ဝ၊ တံခါးဝ၊ နန်းတော်
လုံခြုံရေးကို ဦးစားပေးနေရတာပေါ့"

"ငါက နင့်ကို ထိုင်စောင့်နေရမှာလား
ဟုတ်လား မင်းညိမ်း"

"မရေရာတဲ့ အခြေအနေတစ်ခုခုကို ထိုင်
စောင့်နေတာဟာ လူညံ့တွေရဲ့အလုပ် . . လူပျင်း
တွေရဲ့ အလုပ်"

"နင်က ငါ့ကို လူပျင်းလို့ ပြောတာလား"

"ဘာမှ မလုပ်ရင်လူပျင်းပေါ့။ မိန်းကလေး





ဖြစ်ဖြစ် ယောကျ်ားလေးဖြစ်ဖြစ်၊ တစ်ခုခုတော့
လုပ်နေရမှာပဲ"

"ကောင်းပါပြီ" ဟု၊ မိုးကျမယ် ပြော၏။ ပြောပြီး ကျွန်တော့်ကို ပြုံးလျက် ကြည့်နေ၏။ ထိုအပြုံး၏ အနီးဝန်းကျင်တွင် အစဉ်သဖြင့် ကျွန်တော် ရှိချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

"ငါ အခု အလုပ်တစ်ခုလုပ်နေပြီ" ဟု၊ မိုးကျမယ် ပြော၏။ "ဘာအလုပ် လုပ်ပြန်ပြီလဲ" ဟု၊ ကျွန်တော် မေးသည်။

"အလှပြင်ဆိုင်မှာ လုပ်တာ။ ခေါင်းလျှော် မျက်နှာသစ်၊ ဆံပင်ညှပ်၊ ဆံပင်အလှပြင်၊ မျက်နှာ အလှပြင် အစုံပဲ"

ကျွန်တော်က . . .

"သူများကို အလှပြင်ပေးရင်းနဲ့ နင်လည်း လှလှပပ ဝတ်ရဆင်ရတာပဲ မဟုတ်လား"

"ဒါပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးတွေရော လာသလား"

"လာတာပေါ့ဟဲ့"

ကျွန်တော် နှာခေါင်းရှုံ့လိုက်မိ၏။

"ဒီနေ့ခေတ်က ယောက်ျားလေး၊ မိန်းခလေး ခွဲခြားနေရမယ့် ခေတ်မဟုတ်ဘူးနော် မင်းညိမ်း"

"ငါက ဘာပြောလို့လဲ"

"ဘာမှ မပြောပေမဲ့၊ နင် နှာခေါင်းရှုံ့တယ်လေ။ ပိုက်ဆံရှာတာ၊ အလုပ်လုပ်တာ ဆင်မယဉ်သာ တွေးခေါ်နေလို့ မရဘူး။ ဣန္ဒြေ သိက္ခာ မထိခိုက်အောင် ထိန်းသိမ်းပြီး လုပ်ရင် ပြီးတာပဲ။ ဘာမှ တွန့်တွန့် ရွံ့ရွံ့ ဖြစ်နေစရာမလိုဘူး"

"မိမိုး နင်ကဆယ်တန်းသာအောင်အောင်မဖြေတာ ပြောလိုက်တဲ့စကားက ကြီးကြီးကျယ်ကျယ်တွေချည်းပဲ။ အဲဒီစကားတွေ နင် ဘယ်ကတတ်ထားတာလဲ"

"ဟဲ့ . . . မွေးရာပါ ဗီဇကြောင့် နေမှာပေါ့။ လူဆိုတာ ပညာရှိကြီး မဟုတ်ပေမဲ့ အရေးကြုံလာ





ရင်တော့၊ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ ပြောတတ်ဆိုတတ်ရမှာပေါ့။ ပြီးတော့ နင့်ကို ငါ တစ်ခု ပြောရဦးမယ်"

"ဘာပြောမှာလဲ"

"ငါ စာမေးပွဲ ပြန်ဖြေမယ်"

"နင် တကယ်ပြောနေတာလား"

ကျွန်တော် အံ့ဩတကြီးဖြင့်မေးသည်။

"တကယ်ဖြေမှာ။ အောင်အောင် ဖြေမှာ။ ကျူရှင်လေးဘာလေးတက်မယ်။ မသိတာရှိရင် နင့်ကို မေးမယ်။ တာတီးကို မေးမယ်။ နင်တို့ကိုကြည့်ပြီး ငါ အားကျတာလည်း ပါတာပေါ့ဟာ"

ကျွန်တော်က နောက်ပြောင်လိုသော သဘောဖြင့် . . .

"နင် ငါတို့ကိုကြည့်ပြီး မနာလို စိတ်တွေ တဖွားဖွားနဲ့အောင်ချင်စိတ် ပေါ်လာတာ မဟုတ်လား"

"မနာလိုတာ မဟုတ်ဘူးဟေ့။ အားကျတာ၊ အားကျတာ။ နင်ပဲ ဟိုနေ့က ပြောတယ်လေ။ လူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တစ်ခုခု လုပ်နေရတယ်ဆို။ အခု ငါ တစ်ခု မဟုတ်ဘူး။ နှစ်ခုလုပ်မှာ။ အလှပြင်ဆိုင်မှာ အလုပ်လုပ်မယ်။ ပိုတဲ့အချိန် စာကျက်မယ်"

"ဩော် . . နင်လိမ္မာလာပြီပဲ"

"ငါက ဘယ်တုန်းက မိုက်နေလို့လဲ။ ဆင်းရဲလို့ စိတ်ဓာတ်ကျတာက လွဲရင်၊ ငါ ဘာမှ မိုက်မိုက်ကန်းကန်း မလုပ်ရသေးဘူး။ ငါသာ ယောကျ်ားလေးတစ်ယောက်ဖြစ်ရင် စီးပွားရေးကို မိုက်မိုက်ကန်းကန်း လုပ်ပစ်လိုက်မှာ။ နိုင်ငံခြား ရုပ်ရှင်တွေထဲကလို ကြမ်းကြမ်းရမ်းရမ်း ချမ်းသာအောင် လုပ်လိုက်မှာ"

"နင်ပြောပုံကလည်း၊ ချမ်းသာတဲ့ လူတွေကပဲ မိုက်မိုက်ကန်းကန်းလုပ်လို့ ချမ်းသာသလို ဖြစ်နေတယ်။ မိုက်ကန်း ကြမ်းရမ်းတဲ့ စီးပွားရေးသမားဆိုတာ လောကမှာ မရှိပါဘူး...။ ရှိတယ်ဆိုရင်လည်း အဲဒါ လူချမ်းသာတော့ မဖြစ်နိုင်ဘူး၊ လူရမ်းကားတွေပဲ ဖြစ်လိမ့်မယ် ထင်တယ်"





မိုးကျမယ်က နှုတ်ခမ်းတွန့်ရုံ မဲ့လျက် . . .

"ဒီမယ် မင်းညိမ်း။ မသေမချင်း မှတ်ထား၊ ကြောက်ရင်လွဲ ရဲရင်မင်းဖြစ်တဲ့ကြားဖူးတယ် မဟုတ်လား"

ကျွန်တော်က . . .

"ကြားဖူးပါတယ်။ နင်လည်း မကြားဖူးရင် နောက်တစ်ခု ထပ်မှတ်ထားလိုက်။ ကြောက်တတ်ရင် ဝန်ကင်းတယ်တဲ့။ ကြောက်ကြောက်ရွံ့ရွံ့လေး နေတာ အန္တရာယ်အကင်းဆုံးပဲ မိမိုးရဲ့"

"မကင်းရင် နေပေ့စေ။ ကြောက်တတ်ရင် နှစ်ခါသေရတယ်။ နှစ်ခါတော့ အသေမခံနိုင်ဘူး၊ ချမ်းချမ်းသာသာနဲ့ တစ်ခါတည်း သေပစ်လိုက်မယ်။ အခွင့်ရေး မကြုံသေးလို့၊ အခွင့်ရေးကြုံလို့ကတော့ လုံးဝပဲ။ မီးကုန်ယမ်းကုန်ပဲ"

ကျွန်တော်က မိုးကျမယ်ကို လက်နှစ်ဖက်ကာရံပြလျက်-

"တော်ပါတော့ မိမိုးရယ်။ နင့်ကို ငါ လက်လန်တယ်။ ခြေလန်တယ်။ တစ်ကိုယ်လုံး လန်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပါတယ်"

မိုးကျမယ်က၊ ကျွန်တော့်ကို ကြည့်ပြီး၊ အားပါးတရ ရယ်မောလေသည်။ ကျွန်တော့်မှာ မချိပြုံးသာ ပြုံး၍နေရ၏။

ဝင်ငွေ အသင့်အတင့်ဖြင့် မိုးကျမယ် အလုပ်လုပ်သည်။ ကျွန်တော်က စက်ချုပ်လုပ်ငန်းကို ဖိဖိစီးစီးလုပ်သည်။ ကျွန်တော်ရော မိုးကျမယ်ရော အားလပ်သော အချိန်တွင် သူ့ကို ကျွန်တော်က စာပြပေးသည်။ တာတီးလည်း လာပြပေးသည်။ ကျောင်းပိတ်ရက် တချို့တွင် မြင့်မြင့်သိန်းလည်း လာပြပေး၏။ မိုးကျမယ်ကို ကျွန်တော် ပြောဆိုထားသော စကားများကို တာတီးနှင့်မြင့်မြင့်သိန်းကို ကျွန်တော် မပြောဖြစ်။ မိုးကျမယ်လည်း မပြောထား။





"ဟဲ့ မြင့်မြင့်သိန်း။ နင် . . ပိုလှလာတယ် သိလား"

"လှလာတာ မဟုတ်ပါဘူးဟယ်။ အိမ်မှာကျတော့ တခြား ဟာဟီရကီစွတွေ ခေါင်းထဲဝင်တော့ စိတ်ကမလန်းဘူး။ လူက နွမ်းဖတ်ဖတ်နဲ့။ အခေါ် အိမ်မှာက စာကျက်ရုံပဲ။ ဘာမှ ခေါင်းထဲ မထည့်ရဘူး။ အဲဒီတော့ စိတ်လန်းလာတော့၊ လူလည်း လန်းလာတာ နေမှာပေါ့။

နင်လည်း စာမေးပွဲကလွဲပြီး ဘာမှ ခေါင်းထဲ မထည့်ပါနဲ့ဟာ။ အချိန်တွေ အများကြီးရှိပါသေးတယ်။ အဲဒီတော့ ဘာပဲဖြစ်ချင်ချင် တစ်လှမ်းချင်း ကြိုးစားကြတာပေါ့ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ငါက တစ်လှမ်းချင်းဆိုတာချည်းကို စိတ်မရှည်တာ"

ကျွန်တော်က . . .

"ကဲ မိမိုးနဲ့ မြင့်မြင့်သိန်း စာအကြောင်းပဲ ပြောကြတော့။ ကြာရင် မိုးကျမယ်ရဲ့ ဒသမ



www.burmeseclassic.com

www.burmeseclassic.com



တွေ နာထောင်ပြီး နင်ပါ စိတ်မောသွားလိမ့်မယ်"

တာတီးက . . .

"မိုးကျမယ်။ နင် သေချာတော့ ဖြေနော်။ ဆင်းရဲတဲ့လူရော၊ ချမ်းသာတဲ့လူရော ဒီမေးခွန်းပဲ ဖြေရမှာ။ အဲဒါကို ဆင်းရဲတဲ့လူက ဘာဖြစ်တယ်။ ချမ်းသာတဲ့ လူက ဘာဖြစ်တယ်ဆိုပြီး နင် ပေါက်ကရတွေ လျှောက်တွေးမနေနဲ့"

မိုးကျမယ်က . . .

"ငါက တွေးနေတာ မဟုတ်ဘူး။ တွေ့နေတာ။ အခုပဲကြည့်။ ငါသာ ချမ်းသာလို့ကတော့ နင်တို့ကို စာမပြနိုင်းဘူး။ အိမ်မှာပဲ ဝိုင်းသင်လိုက်မှာ။ ဝိုင်းတောင် ရိုးရိုးဝိုင်း မဟုတ်ဘူးနော်။ ရှယ်ဝိုင်း။ ရှယ်ဝိုင်း"

"ဘာလဲ ရှယ်ဝိုင်း"

"မသိဘူးလေ။ ကြားဖူးတာ ပြောတာ"

ကျွန်တော်က ပေတံဖြင့် စာအုပ်ထူထူတစ်အုပ်ကို ရိုက်လိုက်ပြီး . . .





"ကဲ ဝိုင်းတွေ ရှယ်ဝိုင်းတွေ လုပ်မနေနဲ့။ ဒါ ထူးရှယ်ဝိုင်း။ နင့်ကို သုံးယောက်ဝိုင်းသင်တာ။ သင်တန်းကြေးတောင် ရိုးရိုး မဟုတ်ဘူး။ ဒေါ်လာနဲ့ FEC နဲ့ ရှင်းရမှာ။ လောလောဆယ် မယူသေးဘူး။ နင်သူဌေး ဖြစ်မှ ယူမယ်။ ကျေနပ်ပြီလား"

မိုးကျမယ်က ဘာမှပြန်မပြောဘဲ ပြုံးလျက် စာအုပ်နှင့် မျက်နှာအပ်သည်။



မိုးကျမယ် ဖြေဆိုသော စာဖြေဌာနသို့ ကျွန်တော်နှင့် တာတီး လိုက်ပို့လိုက်ကြိုလုပ်သည်။ မိုးကျမယ် ကောင်းမွန်စွာ ဖြေဆိုနိုင်လေ၏။

"ဟော့ကောင် မင်းညိမ်း။ မိုးကျမယ်က ဘာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးပေါက်ပြီး စာမေးပွဲ ပြန်ဖြေချင်စိတ်ပေါက်သွားတာလဲ"

"ငါတို့ မင်းတို့ကို အားကျလို့တော့ ပြောတာပဲ"

"အဲဒီ အားကျတဲ့ စိတ်က ဘယ်ကရောက်လာတာလဲ"

"မသိပါဘူးကွာ။ သူက သိပ်စိတ်မမှန်ဘူး" တာတီးက မျက်လုံးဝိုင်းလျက် . . .

"ဘာလဲ သူက ရူးနေတာလား"

"စိတ်အတက်အကျ မြန်တာကို ပြောတာကွ။ ဝုန်းဝုန်းဒိုင်းဒိုင်း စိတ်ကို ပြောတာ"

"ဟိုမှာ လာနေပြီ" ဟု၊ တာတီး ပြောသည်။ ကျွန်တော်တို့ထံသို့ အပြေးလာနေသော မိုးကျမယ်ကို မြင်ရ၏။ သူ့ ခြေလှမ်းများ ပေါ့ပါးနေလေသည်။ သူ အောင်လိမ့်မည်ဟု၊ ကျွန်တော် ထင်၏။





(၁၅)

မိုးကျမယ်၏ အောင်စာရင်းကို တာတီးနှင့် ကျွန်တော် ကြည့်ပြီးသော အချိန်သည် မနက်မလင်းတတ်သေး။ မိုးကျမယ် အိမ်သို့ အလာတွင် လမ်းခုလတ်၌ မိုးကျမယ်နှင့်တွေ့သည်။ မိုးကျမယ် မျက်နှာမကောင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ နင် ဘာဖြစ်လာတာလဲ" ဟု၊ ကျွန်တော် မေးသည်။ "နင် စာမေးပွဲ အောင်တယ်လေ" ဟု၊ ကျွန်တော် စကားဆက်၏။ တာတီးက "ဂုဏ်ထူးမပါလို့ စိတ်မကောင်းဖြစ်နေတာလား" ဟု ဝင်ပြောသည်။ "မဟုတ်ပါဘူးဟာ" ဟု၊ မိုးကျမယ် ပြော၏။

ကျွန်တော်က . . .

"နင် စာမေးပွဲအောင်တာ သိတယ် မဟုတ်လား"

"မသိဘူး။ အခု နင်တို့ပြောမှ သိတာ"

"အေးလေ။ အခု ငါတို့ ပြောလို့ သိပြီပဲ။ နင် အောင်တယ်လေ။ အဲဒါ နင့်မျက်နှာက ဘာဖြစ်နေတာလဲ"

"ငါ . . ."

မိုးကျမယ်က စကားကို မဆက်ဘဲ တာတီးမျက်နှာကို လှမ်းကြည့်သည်။ ပြီးမှ . . .

"ငါ နင်နဲ့ခိုးရာလိုက်တော့မယ်"

"ဘာပြောတယ်"

ရှင်းလင်းစွာ ကြားရသော်လည်း . . အံ့ဩခြင်းကြောင့်





ကျွန်တော် မေးမိသည်။

"နင် ငါနဲ့ ခိုးရာလိုက်မယ် ဟုတ်လား။ ရုတ်တရက်ကြီးပါလားဟာ။ ဘယ်လိုဖြစ်တာလဲ"

"ဘာလဲ နင်က ငါပြောတာကို လက်မခံချင်လို့လား။ တကယ်တမ်း ခေါ်ငါးညိတ်တော့ နင်. . သတ္တိမရှိတော့တာလား"

"မဟုတ်ပါဘူး။ ရုတ်တရက်ကြီးဆိုတော့ ငါ အံ့ဩသွားလို့ပါ"

"အဲဒါဆို မအံ့ဩနဲ့။ အခု နင့်မှာ ပိုက်ဆံ ဘယ်လောက်ပါလဲ။ ငါ့မှာတော့ ပိုက်ဆံငါးသောင်း ပါတယ်"

"အခု လောလောဆယ်တော့ များများစားစား မပါဘူးပေါ့။ အိမ်မှာ သိမ်းထားတာတော့ သုံးလေးသောင်းလောက်ရှိမယ် ထင်တယ်"

"အဲဒါဆို မြန်မြန်သွားယူလိုက်။ ငါနဲ့တာတီး ကျောင်းရှေ့က စောင့်နေမယ်။ နင်မြန်မြန်လာခဲ့"

"အေး" . . . ဟု၊ ပြောပြီး ကျွန်တော် ခြေလှမ်းမြင်စဉ်



www.burmeseclassic.com

www.burmeseclassic.com



တာတီးက. . .

"ဟ။ နေကြစမ်းပါဦး။ မင်းတို့နှစ်ယောက်
က ဘာတွေလဲ။ အတိုင်အဖောက်တွေ တယ်ညီနေ
ပါလား"

ပြောပြီး ကျွန်တော့်ကို တစ်လှည့် မိုးကျမယ်ကို တစ်လှည့်
ကြည့်ရင်း . . .

"မိမိုး"

"ဘာလဲဟာ . ."

"ငါ ကြားဖူးတာတော့လေ။ အောင်စာရင်း
ထွက်တဲ့နေ့ စာမေးပွဲကျလို့ တချို့တွေ ဂယောင်
ဖတ်ပြီး ခိုးရာလိုက်ပြေးကြတာ။ အခု နင်က . .
စာမေးပွဲကျတာလည်း မဟုတ်ဘဲနဲ့ ဘယ်နှယ့် ခိုး
ရာလိုက်ပြေးမှာလဲ။

ထားပါ။ အဲဒီကိစ္စ။ ငါ ထပ်သိချင်တာက
မင်းညိမ်းကို နင်က ခိုးခိုင်းရအောင်၊ မင်းညိမ်းနဲ့
နင်က သမီးရည်းစားတွေ မို့လို့လား။ ငါ့ကို ရှင်း
ပြပါဦး။ ရှင်းပြကြပါဦး"





မိုးကျမယ် ခေါင်းကုတ်၏။ ကျွန်တော်က မိုးကျမယ် ဘက်
မှ ကူပြောလိုသဖြင့် . . .

"ဒီလိုကွာ တာတီးရာ . . ။ ငါက သူ့ကို ယူ
ဖို့ ပြောထားတယ်။ သူက ခွင့်မပြုသေးဘူး။ အဲဒါ
အခုမှ ခွင့်ပြုတာ၊ အခုမှ ခိုးခိုင်းတာ"

ကျွန်တော့် စကားအဆုံးတွင် တာတီးက . . .

"အဲဒါလည်း ငါရှင်းပြီ။ အသေးစိတ် မဟုတ်
ပေမယ့် နားရှင်းပြီ။ ဒါပေမဲ့ အောင်စာရင်းထွက်တဲ့
နေ့ကြီး ဘာလို့ ခိုးခိုင်းတာလဲ"

ကျွန်တော်က . . .

"အဲဒါတော့ ငါလည်း မသိဘူးလေ"

ထိုအခါ မိုးကျမယ်က . . .

"တာတီး နင့်ကို ငါရှင်းပြဖို့ အချိန်မရဘူး။
အဲဒီတော့ အကျဉ်းချုပ် ပြောမယ်။

ငါ့အဖေရဲ့ သူငယ်ချင်း ဦးမင်းအောင်က
ငါ့ကို သူ့သားနဲ့ ပေးစားဖို့ အမေ့ကို ပြောထား
တယ်။ ငါက ဟိုလိုလို၊ ဒီလိုလို လုပ်ထားတာကြာ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဒီမနက် လာပြီး စေ့စပ်လိမ့်မယ်။ ငါ တစ်ည လုံး သေချာစဉ်းစားပြီး မင်းညိမ်းနဲ့ လိုက်ဖို့ ဆုံး ဖြတ်တာ။

အထုပ်ပိုးယူနေရင် အမေရိပ်မိမှာ စိုးလို့ ဘာမှယူမလာဘူး။ အခု ပိုက်ဆံပဲ ယူလာတာ"

တာတီးက . . .

"နင့်အမေကို သေသေချာချာ ပြောပြီး . . ငြင်းလို့ မရဘူးလားဟာ"

မိုးကျမယ်က . . .

"ဦးမင်းအောင်တို့က နည်းနည်းချမ်းသာ တယ်ဟ။ အဲဒီလို ချမ်းသာတဲ့ အသိုင်းအဝိုင်းက လူတွေနဲ့ ပေးစားချင်မှာပေါ့ဟာ။ အဲဒီ စေတနာ ကို သိတော့ ငါလည်း မငြင်းရက်ဘူး။ ခါးခါးသီး သီးလည်း မငြင်းမိဘူး။ ဒီနေ့မနက် လာပြီးစေ့စပ် ကြမှာကိုလည်း သိရော . . တစ်ညလုံး ငါ အိပ်လို့ မရဘူး။

အဲဒီ ဦးမင်းအောင်သားကို ယူလိုက်ရင် . .





ပြေပြေလည်လည် နေရမယ်ဆိုတာ ငါသိတယ်။ ဒါပေမဲ့ ငါက သူဌေးပဲ ဖြစ်ချင်တာဟ။ သူဌေး ကတော် မဖြစ်ချင်ဘူး။ သူဌေးချွေးမလည်း မဖြစ် ချင်ဘူး။ ပြီးတော့ . . .,

ကိုယ်မချစ်မနှစ်သက်တဲ့ လူကိုလည်း၊ ဘယ် လောက်ပဲ ချမ်းသာချမ်းသာ မယူချင်ဘူးဟ"

"ဒါဆို နင်က မင်းညိမ်းကို ချစ်တယ်ပေါ့ ဟုတ်လား"

-ု၊ တာတီး မေးသည်။ မိုးကျမယ်က ရှက်ရွံ့စွာ ပြုံးရယ်လျက်၊

"ကဲပါ တာတီးရယ်။ နောက်မနေပါနဲ့ . . ငါ အိမ်မှာ စာရေးထားခဲ့တယ်။ မနက်လင်းရင် သိတော့မှာ။ အဲဒါ မနက်မလင်းခင် တစ်နေရာရာ ကို မြန်မြန်သွားချင်တယ်။ ပိုက်ဆံနည်းနေမှာ စိုးလို့ မင်းညိမ်းကို အိမ်ပြန်ယူခိုင်းတာ။ အဝတ် အစားယူချင်ရင်ယူခဲ့။ ငါကတော့ အဝတ်တစ် ထည် ကိုယ်တစ်ခုပဲ။ နင်လည်း အိမ်မှာ စာရေး ချင် ရေးခဲ့။ ငါကို ခိုးသွားပြီ . . . လို့၊ ငါလည်း အိမ်မှာ မင်းညိမ်းနဲ့ ခိုးရာလိုက်သွားပြီလို့ ရေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"အေး။ ရေးခဲ့မယ်" ဟု၊ ကျွန်တော် ပြောသည်။ တာတီး က ကျွန်တော့် ပခုံးကို ဖိကိုင်လျက် . . .

"မင်းညီမ်း။ ခိုးရာလိုက်ပြေးပြီးရင်၊ အိမ် ထောင်ပြုကြရတော့မှာနော်။ အိမ်ထောင်ပြုဖို့ မင်း တို့နှစ်ယောက်စလုံး အဆင်သင့်မဖြစ်သေးဘူး။

မိုးကျမယ်။ နင် ငါ့ကို စိတ်မဆိုးနဲ့နော် . .။ အိမ်ပိုင်ယာပိုင်၊ အလုပ်အကိုင် အတည်တကျ မဖြစ်သေးခင်မှာ ဒီကိစ္စကိုမလုပ်လို့ဖြစ်ရင် မလုပ် စေချင်သေးဘူး"

မိုးကျမယ်က . . .

"တာတီးရယ် . . .။ အဲဒါတွေ ငါမသိဘဲ နေပါ့မလား။ ငါ့အမေက အတင်းအကျပ်စီစဉ်လို့ ငါ ခိုးရာလိုက်ပြေးရတာလည်း မဟုတ်ဘူး။ အမေ စေတနာနဲ့ စီစဉ်တယ် ဆိုတာကို ငါသိလို့၊ ငြင်းဖို့ ခက်တယ်။ ငြင်းဖို့ ခက်မယ့်အတူတူ ငြင်းပြီးသား ဖြစ်သွားအောင် ငါ အခုလို ဆုံးဖြတ်တာ"





စကားဖြတ်ပြီး ကျွန်တော့်ကို ငဲ့ကြည့်လျက် . . .

"မင်းညီမ်း။ နင်လည်း နင့်အတွက် ထိခိုက် မယ် ထင်ရင် ငါ့ကို ငြင်းလိုက်။ ငါ စိတ်မဆိုးဘူး။ နားလည်တယ်။ ငါကတော့ အိမ်မှာ နင့်နာမည် နဲ့ ရေးခဲ့ပြီ"

ကျွန်တော်က အကြောက်အကန်လေသံဖြင့် . . .

"ဟာ . . . ဘာဖြစ်လို့ ငြင်းရမှာလည်း . . ငါအခု အိမ်ခဏပြန်လိုက်မယ်။ နင်နဲ့တာတီးနဲ့ ကျောင်းရှေ့က လက်ဖက်ရည်ဆိုင်က စောင့်နေ။ ငါ အမြန်ဆုံးလာခဲ့မယ်"

ပြောပြီး ကျွန်တော် ခြေလှမ်းဒုန်းဆိုင်းခဲ့သည်။ မိုးကျစ ာလမျှသာ ဖြစ်သဖြင့်၊ ဒုန်းစိုင်းသော ခြေလှမ်းများအောက်တွင် ုန်မထ။ ခြေထောက်တွင် ရေပွက်အနည်းငယ် ပေမည်ဟု၊ သိ၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေသော ညီမနှစ်ယောက်၏ မျက်နှာကို .. ကျွန်တော် ငေးကြည့်နေမိသည်။ ခိုးရာလိုက်ကြတယ်၊ ခိုးပြေးကြတယ် ဟူသော ဝေါဟာရကို ကိုယ်တိုင်ကိုယ်ကျ ကြုံဆုံရတော့မှာပါလားဟု တွေးမိလိုက်စဉ် ရင်ထဲတွင် လှပ်ကနဲဖြစ်သွားသည်။ အမှန်အမှားကိုပင်၊ ချင့်ချိန်တွက်ဆဖို့ မဖြစ်နိုင်တော့သည့် အခါကာလ။

အပေါ်ထပ်သို့ တက်ပြီး အမေ အိပ်ပျော်နေရာ အခန်းတွင်းသို့ ချောင်းမကြည့် လှပ်မကြည့်ဘဲ အခန်းပြင်မှသာ ရှိခိုးကန်တော့လိုက်သည်။ ဝမ်းနည်း သလိုလို ဖြစ်၏။ စိတ်ကို တမင်တင်းလိုက်သည်။

စုဆောင်းထားသော ငွေ ငါးသောင်းနှစ်ထောင်ခန့်ကို အဝတ်အစားထည့်ထားရာ ကျောပိုးအိတ်အတွင်းသို့ ညင်သာစွာထည့်လိုက်၏။ ဇစ်ဆွဲရင်း လှေကားဆင်းသည်။ အိမ်တံခါးဝသို့ ထွက်မည်အပြု အရိပ်တစ်ခုကို ဘွားကနဲတွေ့လိုက်ရ၏။

"ကိုကိုကြီး"

အလတ်မ သင်းသင်းငြိမ်း၏ အသံ။

"ကျောပိုးအိတ်ကြီးနဲ့ ဘယ်သွားမလို့လဲ"





ကျွန်တော် သင်းသင်းငြိမ်း၏ ပါးစပ်ကို ကမန်းကတန်း ပိတ်လိုက်၏။ ပြီးမှ . . .

"ဟဲ့ . . ။ ငါ သွားစရာရှိတယ်၊ အမေ့ကို မနက်လင်းမှ ပြောလိုက်နော်။ အခု မပြောနဲ့"

အသံအုပ်အုပ်ဖြင့် မှာကြားသည်။ "ဘယ်သွားမှာလဲ" ဟု၊ သင်းသင်းငြိမ်းက အသံတိုးတိုးဖြင့် ပြန်မေးသည်။

"မနက်ကျမှ ပြောနော် . . . ။ ငါ မိုးကျမယ်ကို ခိုးသွားပြီလို့ ပြောလိုက်"

"အာ . . . ကိုကိုကြီးကလည်း . . ဘာတွေ လျှောက်လုပ်နေတာလဲ"

"ကဲပါ။ စကားများမနေပါနဲ့။ အမေ နိုးသွားလိမ့်မယ်။ အိမ်တံခါးသေချာ ပိတ်။ ငါ တစ်ရက် နှစ်ရက်နေရင် ပြန်လာခဲ့မယ်"

ပြောပြီး အိမ်တံခါးကို စေ့သည်။ ပြီးမှ လေသံသဲ့သဲ့ဖြင့်

"ဩော် . . ။ ဟဲ့ . . သင်းသင်း။ နင် စာမေးပွဲအောင်တယ်"

"အဲဒါ သင်းသင်းက အခု သွားကြည့်မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်မနေနဲ့။ အောင်ပါတယ်ဆိုမှ၊ ကြည့်ချင်ရင် မနက်လင်းမှ သွားကြည့်။ ကဲ . . ငါ သွားပြီ"

စောစောက ဒုန်းဆိုင်းခဲ့သည့် ခြေလှမ်းများကို ယခု . . ကဆုန်ဆိုင်းလိုက်ရပြန်သည်။ ဘဝခရီးရှည်ကို စတင် ပြေးလွှားရတော့မည့် တာဝေးခရီး၏ အစ ခြေလှမ်းများ။





(၁၆)

သံလျင်ရှိ တည်းခိုခန်းတစ်ခုသို့ မိုးကျမယ်နှင့် ကျွန်တော် ရောက်သည်။ တာတီးက မြင့်မြင့်သိန်းကို သွားခေါ်၏။ မြင့်မြင့်သိန်းက သူ့အခေါ်အိမ်သို့ လိုက်ခဲ့ရန် ပြောသည်။ ကျွန်တော်တို့ နှစ်ယောက်က အားနာကြောင်းပြောပြီး ငြင်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ဟာ၊ အသက်အရွယ်အ
စောသေးပေမဲ့၊ အခြေအနေအရ ငါတို့ အိမ်ထော
သည် ဖြစ်သွားပြီ မင်းညီမ်း။

တာတီးနဲ့ မြင့်မြင့်သိန်းရှေ့မှာပဲ ငါပြောချင်
တာတွေ နင့်ကိုပြောမယ်။ နင်သေချာ နားထောင်
ပေးနော်"

"အေးပါ..။ ငါ နားထောင်ပေးပါတယ်
ပြော"

"အိမ်ထောင်သည်ဖြစ်သွားပြီး၊ ယောက်
ရသွားပြီ ဆိုပြီး၊ ငါက ယောကျ်ားလုပ်စာ အခ
သား ထိုင်စားနေမှာ မဟုတ်ဘူး။ ငါလည်း တ
ဖက်တစ်လမ်းက ဝင်ငွေရှာချင်တယ်။ လိုရင်း
ပြောရရင် ငါ ချမ်းသာချင်တယ်ဟာ .."

ထိုအခါ ကျွန်တော်က ...

"ဟဲ့ ငါက အိမ်ထောင်ဦးစီးလေ။ ငါရှာကျွေ
ရမှာပေါ့။ နင်ဘာမှ လုပ်စရာ မလိုပါဘူး"

မိုးကျမယ်က ...





"နင်ရှာကျွေးနိုင်တာ ငါသိပါတယ်။ ဒါပေမဲ့
ရှာကျွေးတာလေးကို အခန့်သားထိုင်စားတဲ့ မိန်းမ
မျိုး ငါ မဖြစ်ချင်ဘူး။ စားဝတ်နေရေးပြေလည်ရုံ
လောက်လေး ငါမဖြစ်ချင်ဘူး။ နင်လည်း ချမ်းသာ
အောင်လုပ်၊ ငါလည်း ချမ်းသာအောင် လုပ်မယ်
အဓိက,က ချမ်းသာဖို့ပဲ"

ကျွန်တော်က...

"ချမ်းသာတယ် ဆိုတာ ဘာကိုပြောမှန်း
ငါမသိဘူး။ အဖေက ဝန်ထမ်း၊ အမေက စက်ချုပ်
တယ်။ ငါတို့ မိသားစု လူတန်းစေ့ နေနိုင်တယ်။
ရိုးရိုးသားသား ကြိုးစားရင် လူတန်းစေ့နေနိုင်
မယ် ဆိုတာ ငါသိတယ်။ ချမ်းသာအောင် ဘယ်လို
လုပ်ရမယ်ဆိုတာ ငါ မသိဘူး။

ငါ ဆိုလိုချင်တာကဟာ ...ငါ့ကိုယ်ငါ
သူဌေးကြီး ဖြစ်အောင် ငါ မလုပ်တတ်ဘူး။ အဲဒါ
ကြောင့် အကယ်၍များ မချမ်းသာခဲ့ရင် နင်ငါ့ကို
အပြစ်မတင်ပါနဲ့လို့ .. အခုကတည်းက ကြိုပြော



www.burmeseclassic.com

www.burmeseclassic.com



ထားချင်တယ်"

"ချမ်းသာအောင် ဘယ်လို လုပ်ရတယ်
တာ သိမှတော့ နင်မပြောနဲ့ တစ်လောကလုံး
ချမ်းသာတွေ ဖြစ်နေမှာပေါ့။ အဲဒီ့ မသိတဲ့ဟာ
သိအောင်လုပ်စေချင်တာ။

ငါလည်း မသိသေးဘူး။ ငါ သိအောင် လု
မယ်။ နင်လည်း သိအောင်လုပ်။ လူ့ဘဝဆိုတ
ခဏလေး၊ မချမ်းသာဘဲနဲ့တော့ မသေချင်ဘူး"

"ကဲပါဟယ် . . .။ ဒီလို အချိန်မှာ အဲ
တွေ ပြောမနေပါနဲ့။ ငါနင်တို့နှစ်ယောက်လုံးကို
အရေးအကြီးဆုံးစကားတစ်ခွန်းမေးချင်တယ်"

"ဘာမေးမှာလဲ"ဟု မိုးကျမယ်က ပြန်မေး၏။

မြင့်မြင့်သိန်းက . . . ,

"နင်တို့နှစ်ယောက် အစီအစဉ်ကို တကယ်
မပြင်ကြတော့ဘူးလား"

"ဘာဖြစ်လို့ နင် အဲဒီလို မေးတာလဲ"

မိုးကျမယ်က ကျွန်တော့်ကို ဖျတ်ကနဲတစ်ချက်ကြည့်ရင်





ပြန်သည်။ မြင့်မြင့်သိန်းက ကျွန်တော့်ကိုရော မိုးကျမယ်ကို
ရော တစ်လှည့်စီကြည့်ကာ . . .

"စောနေသေးတယ်လေဟာ . . ."

"စောလည်းမတတ်နိုင်တော့ဘူး။ မချစ်တဲ့
သူကို ငါမှ မယူချင်တာ။ အဲဒါကြောင့် ဒီမချစ်
တချစ် မင်းညိမ်းနောက်ကို လိုက်လာတာပေါ့"

မိုးကျမယ်၏ စကားကြောင့် ကျွန်တော်တို့ သုံးယောက်
လုံး ရယ်ဖြစ်ကြလေသည်။ အနောက်ပြောင်စကားဟု၊ ယူဆလင့်
စား မချစ်တချစ်ဟူသော စကားအသုံးကြောင့် ရင်ထဲမှာတော့
လှုပ်ကနဲဖြစ်သွားရသည်။

"မိမိုး . . မချစ်တချစ်လို့တော့ မပြောပါနဲ့
ဟာ။ ငါက နင့်ကို အရမ်းချစ်တာနော်"

ကျွန်တော့်စကားအဆုံးတွင် သူတို့သုံးယောက်စလုံး ရယ်
မောကြပြန်သည်။ တန်ဖိုးကြီးစွာပြောသော စကားသည် ရယ်သံ
များအောက်တွင် ပြားပြားမှောက်သွားရချေ၏။

မြင့်မြင့်သိန်းက . . . ,

"မပြင်တော့ဘူးဆိုရင်လည်း . . ငါနဲ့ တာတီးနဲ့ အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားဖို့ သွားစီစဉ်လိုက်ဦးမယ်" ဟု၊ ပြောသည်။ ပြောလက်စ စကားကိုဖြတ်လိုက်ကြရ၏။ ရင်ထဲမှာ စကားလက်စ မကုန်သေး။

မိုးကျမယ်၏ မိခင် ဒေါ်စံတင် နှင့် ဖခင် ဦးမြဘူးတို့၏ အပြစ်တင်စကားကို မကြားရ။ "ကြိုက်နေတယ်ဆိုလည်း ကြိုက်နေတယ်ပြောကြတာ မဟုတ်ဘူး" ဟုသာ၊ ဒေါ်စံတင် ပြောသည်။

ကျွန်တော့် အမေကတော့ ယောကျ်ားလေးရှင်ဆောင်ရွက်ရမည့်ကိစ္စအဝဝကို မည်သည့်အပြစ်တင် စကားမျှမဆို၊ မည်သည့် မျက်နှာထားမျှ မပြုမူ၊ မပြောင်းလဲဘဲ စီစဉ်ဆောင်ရွက်ပေးရှာသည်။





မင်္ဂလာဆွမ်းကျွေးအပြီး နောက်တစ်နေ့တွင် မိုးကျမယ်တို့အိမ်သို့ ကျွန်တော်နှင့် မိုးကျမယ်တို့ အလည်သွားဖြစ်သည်။ မိုးကျမယ်က ခဏနေဦးမယ်ဟု ပြောသဖြင့် ကျွန်တော်တစ်ယောက်တည်း အိမ်ပြန်ခဲ့ရသည်။ အိမ်ထဲသို့ ဝင်မည်အပြု . . အလတ်မှ သင်းသင်းညိမ်း၏ စကားသံကိုကြားသဖြင့် လှမ်းလက်စခြေလှမ်းကို ရပ်တန့်ပြီး နားစွင့်လိုက်မိသည်။

"ဒါဆို အမေက ကိုကြီးကို မမိမိုးနဲ့ သဘောမတူဘူးပေါ့"

အမေ့ တုံ့ပြန်စကားသံ မကြားရ။ ခေါင်းညိတ်ပြဟန်တူသည်။ ညီမအငယ် လင်းလင်းညိမ်း၏ စကားသံကိုကြားရပြန်သည်။

"အမေကလည်း သဘောမတူတာကို မတူဘူးပြောလိုက်ပြီးရော။ သမီးတို့က အမေသဘောတူတယ် အောက်မေ့လို့"

သင်းသင်းညိမ်းက . . . ,

"အိမ်မှာလည်း ခေါ်ထားတယ်၊ မင်္ဂလာဆွမ်းလည်းကျွေးပေးတယ်ဆိုတော့ သဘောတူ



www.burmeseclassic.com

www.burmeseclassic.com



တယ် ထင်တာပေါ့။ ငယ်သေးလို့ သဘောမတူ

တာလားဟင် အမေ့"

"ငယ်သေးတာက သပ်သပ်တစ်ကြောင်း။

သဘောမတူတာက သပ်သပ်တစ်ကြောင်း။

အေး . . အဲဒီ သဘောမတူဘူးဆိုတာကို

ဘယ်သူမှ သိဖို့မလိုဘူးနော်။ မျက်နှာထားတင်း

တင်း စကားပြင်းပြင်းနဲ့ ကိုယ်ပြောချင်ရာပြော

ပြီး သားသမီးအငြိုငြင်ခံရတဲ့ မိဘမျိုးတော့ ငါ

မဖြစ်ချင်ဘူး။

နင်တို့လည်း တစ်ခါတည်းမှတ်ထား။ မိဘ

ကတော့ ဘယ်သားသမီးကိုမှ ငြိုငြင်မှာမဟုတ်ဘူး။

သားသမီးတွေ အနေနဲ့လည်း မိဘငြိုငြင်အောင်

မလုပ်ကြနဲ့ပေါ့။ အိမ်ထောင်ပြုတယ်ဆိုတာ ပညာ

ရေး၊ စီးပွားရေး၊ အသိဉာဏ်ရေး ရှိတဲ့အရွယ်မှ

ပြုရတယ်။ အဲဒါတွေတစ်ခုမှ မပြည့်စုံဘဲနဲ့ စိတ်

အလိုလိုက်တဲ့ အိမ်ထောင်ရေးဟာ ဘယ်တော့မှ

မသာယာဘူး"





ကိုယ်ကို ရှိုကာ ခြေလှမ်းကို နောက်ဆုတ်လျက် လမ်းမ

ဘက်သို့ ကျွန်တော် ပြန်ထွက်ခဲ့ရသည်။ မိခင်ငြိုငြင်စရာ အပြစ်

တစ်ခုကို ကြီးမားစွာ ကျူးလွန်ခဲ့သူဟု၊ ကိုယ့်ကိုယ်ကို သိမှတ်ခံစား

လိုက်ရ၏။

မည်သို့ပင်ဖြစ်စေ . . . မိုးကျမယ်ကို ကျွန်တော် ချစ်

သည်။ အိမ်ထောင်သည်ဖြစ်ပြီးနောက် အမေ့စက်ချုပ်လုပ်ငန်းကို

သာ ကျွန်တော် လုပ်ကိုင်သည်။ မိုးကျမယ်ကလည်း ကူညီလုပ်ကိုင်

ပါသေးသည်။ သို့သော် ယင်းအိမ်တွင်းလုပ်ငန်းကို မိုးကျမယ် စိတ်

မဝင်စား။ "သူဌေးဖြစ်မယ့် အလုပ်မဟုတ်ဘူး" ဟု၊ စကားတီးတိုး

ဆိုလေသည်။

တစ်နှစ်ခန့်အကြာတွင် မိုးကျမယ်နှင့်ကျွန်တော် သီးသန့်

အိမ်ငှားနေနိုင်ခဲ့သည်။ အလုပ်ကိုတော့ အမေ့အိမ်မှာ လာလုပ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးကျမယ်က အိမ်တွင်ကျန်ခဲ့ပြန်သည်။ ရံခါတွင် သူ့အမေအိမ်သို့ အလည်အပတ်သွား၏။ ကိုယ်လေးလက်ဝန်ရှိသော အချိန်မှစ၍ မိုးကျမယ် အကြံပြုတောင်းဆိုနေသော ကိစ္စမှာ . . ကျွန်တော်ကို ပြည်ပနိုင်ငံသို့ သွားရောက်ရန်ဖြစ်သည်။ "နင်မသွားရင် . . ငါ သွားလိုက်မှာ" ဟု ဆို၏။ ကျွန်တော့်မှာ ငွေကြေးကိစ္စ၊ အိမ်ထောင်သည် တစ်ဦး ကြုံတွေ့ရင်ဆိုင်ရသောကြောင့် ကျောင်းပညာရေး ကိစ္စကို ရပ်တန့်ပစ်ခဲ့ရလေသည်။

အမေ့၏ ညီမအငယ်ဆုံးဖြစ်သူ အဒေါ်တော်စပ်သူထံမှ အမေမှ တဆင့် ငွေကြေးအကူညီယူဖို့ ကျွန်တော်ဆုံးဖြတ်ရသည်။ အစအဦးပိုင်းတွင် အမေ လက်မခံ။ "ကလေး၏ နောင်ရေး"ဟူသောစကားကို ပြောပြတောင်းဆိုသဖြင့် အမေခွင့်ပြုသည်။ စိတ်ပါလက်ပါ ခွင့်ပြုခြင်းတော့ ဟုတ်ဟန်မတူ။

"နိုင်ငံခြားမှာလည်း အလုပ်လုပ်မှ ထမင်းစားရမှာ။ မြန်မာနိုင်ငံမှာလည်း အလုပ်လုပ်မှ ထမင်းစားရမှာ။

အလုပ်မလုပ်ဘဲ အစာစားရတဲ့ ပဒေသာပင်ကြီး၊ ဘယ်နိုင်ငံမှာမှ ပေါက်မနေဘူး"





"ဟုတ်တော့ ဟုတ်ပါတယ် အမေရယ်။ ဒါပေမဲ့ ပိုပိုလျှံလျှံလေးရှာလို့ရမယ် ထင်လို့ပါ"

"ပိုလျှံတယ်ဆိုတာ ချွေတာမှ။ နိုင်ငံရပ်ခြားမှာလည်း အလုပ်ကိုနင်းကန်လုပ်၊ အစားသောက်ချွေတာ။ ကုတ်ကပ်ပြီးစုမှ ပိုတာလျှံတာ။ ဒီနိုင်ငံမှာလည်း၊ အလုပ်ကို အချိန်မရွေးလုပ်။ ခြိုးခြံချွေတာရင်လည်း ပိုလျှံလာမှာပဲ။ ကိုယ့်အရပ်မှာကျတော့ လက်ဖက်ရည်ဆိုင်လေးထိုင်လိုက်၊ စကားဝိုင်းလေးဖွဲ့လိုက်နဲ့ အချိန်ဖြုန်းတတ်ကြတယ်။ နိုင်ငံရပ်ခြားမှာကျတော့ အဲဒီလို အချိန်မဖြုန်းဘဲ အလုပ်ကို အချိန်တိုင်းလုပ်ကြတယ်။ ဒီမှာ အဲဒီလို လုပ်ပါလား။ ဒီမှာတော့ အဲဒီလို မလုပ်ဘူး။ ဟိုမှာတော့ သွားလုပ်တယ်"

"ဟိုမှာက အိုဗာတိုင်ကြေးရတယ်လေ . . အမေရဲ့"

"အဲဒါဆိုလည်း နင့်သဘောပဲ . . ငါမပြောတတ်တော့ဘူး။ ကိုယ်လင်ကိုယ့်မယား အဆင်ပြေကြရင် ပြီးတာပဲ။ စီးပွားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့ ငါမသိဘူး။ လင်မယားဆိုတာ ဘယ်သွားသွား ဘာလုပ်လုပ်၊ အိုးကြာကျွေးလို၊ မုန့်ကြိုးလိမ်လို အတူတူနေရတာ။ ဟိုတစ်ကွဲ ဒီတစ်ကွဲဆို မကောင်းဘူး" ဟု၊ အမေ ပြောလေသည်။ ကျွန်တော် နှုတ်ဆိတ်၍သာနေဖြစ်သည်။

သားလေးခြောက်လသားအရွယ်တွင် . . ပြည်ပနိုင်ငံသို့ ကျွန်တော် ထွက်ခွာသွားဖြစ်သည်။ ထည်ထည်ဝါဝါလုပ်ငန်း လုပ်ကိုင်ရမည်မဟုတ်ဟု၊ ကိုယ့်ကိုယ်ကို သိ၏။ ရှာရဖွေရလွယ်ကူလိမ့်မည်ဟု၊ ကျွန်တော် ထင်ခဲ့၏။ သို့သော် . . . စက်ရုပ်ပမာ နေထိုင်လုပ်ကိုင်ပါမှ ငွေပိုငွေလျှံထွက်လာတတ်မှန်း သိခဲ့ရသည်။





အိမ်ထောင်တစ်ခု ထူထောင်တယ်ဆိုတာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် . . , မိသားစု . . ဆိုတဲ့ ရေအိုးလေးတစ်လုံးကို အတူတူ သယ်ဆောင်ကြရတာ။ တစ်ယောက်ယောက် ခြေလှမ်းမှားတာနဲ့ အဲဒီအိုးက ကျကွဲမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



(၁၇)

"မင်းအိမ်ကို အရင်ဝင်ခဲ့တာလား။ ဒီကို အရင်လာတာလား" ဟု၊ အမေ မေးသည်။ အမေ့လက်ထဲမှ ကျွန်တော့်သားကို ပွေ့ချီလျက် ကျွန်တော်က . . . ,

"ဒီကိုပဲ အရင်လာတာ။ မိမိုးရော"

"ကဲပါ ရေလေးဘာလေးသောက်၊ အမောလေးဘာလေး ဖြေပါဦး" ဟု၊ အမေ ပြောသည်။ သင်းသင်းညိမ်းနှင့် လင်းလင်းညိမ်းက ကလေးကို ခေါ်ပြီး အပေါ်ထပ်သို့ တက်သွားကြသည်။

"ဘာတွေဖြစ်နေပြီလဲ အမေ၊ မိမိုးအိမ်မှာ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

သောကကို ဖုံးအုပ်ထားရသော စိတ်တဖျတ်ဖျတ်ဖြင့် ကျွန်တော် မေးမိသည်။

"ခဏနားပြီးမှ ကိုယ့်ယောက္ခမကိုယ် သွားမေးတော့ဟေ့။ ဘယ်သွားတယ် ဘယ်လာတယ်ဆိုတာ သူ့မိဘက ပိုသိမှာပေါ့"

အမေ့ကို ကန်တော့ပြီး အပေါ်ထပ်သို့ ကျွန်တော်တက်ခဲ့သည်။ သားဖြစ်သူကိုသာ ထွေးပိုက်ပွေ့ဖက်ထားလိုက်၏။

"နိုင်ငံခြားသွားမယ်လို့ ပြောသွားတာပဲ။ မင်းဆီလိုက်သွားတာ မဟုတ်ဘူးလား" ဟု၊ မိုးကျမယ်၏ မိခင် ဒေါ်စံတင်က မေးပြော, ပြောသည်။ ပြီးနောက် စကားဆက်၏။





"ကလေးကိုတော့ ငါတို့ဆီအပ်ထားခဲ့တာ။ မင်း အမေ လာခေါ်သွားတာ နှစ်ပတ်လောက်ရှိပြီ"

"ကျွန်တော့်ဆီ လိုက်သွားမယ်လို့ မိမိုးပြောလို့လား"

"အဲဒီ့လိုတော့ ပြောမသွားဘူးလေ။ နိုင်ငံခြားသွားမယ်ဆိုတော့ မင်းဆီသွားမယ်ပဲ ထင်တာပေါ့"

"တခြား ဘာပြောသွားသေးလဲ"

ကျွန်တော် စိုးရိမ်တကြီး မေးမိသည်။

"ယောက္ခမနဲ့ သိပ်အဆင်မပြေဘူးတဲ့။ သူ့ကို ဟိုပြောဒီပြော ပြောတယ်တဲ့။ မင်း ပြန်လာရင်တောင် လင်မယားကွဲအောင် လုပ်ကြလိမ့်မယ် ထင်တယ်တဲ့။ အဲဒီ့လောက်ပဲ ပြောသွားတာပဲ။

ကျောင်းတက်တာလား။ စပီကင်တက်တာလားတော့မသိဘူး။ ကလေးကို ဒီမှာ အပ်အပ်ပြီးတော့ သူ သွားတက်သေးတယ်။ ငါတို့သိတာတော့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက်ပဲ"

မိုးကျမယ်၏ ဖခင် ဦးမြဘူးက ယစ်ထွေထွေလေသံဖြ

"ဘယ်သွားသွား ကလေး ထားသွားတာ

တော့ မ...ကောင်းဘူး"

"ထားသွားတာတော့, ဘယ်ဟုတ်ပါမ

တော်။ မိဘဆီ အပ်သွားတာပဲဟာ"

တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးခဲ့သော ဒေါသစိတ်စဉ်း မျှ ကျွန်တော့်ရင်မှာ ဖြစ်လာသည်။ ကလေးကို ထားသွားခဲ့သော လုပ်ရပ်အား မည်သို့မျှ ကျွန်တော် ဘဝင်မကျ။ တွေးကြည့်သ တွေးမိသမျှ ဒေါသသည်သာ တစ်လိပ်လိပ်တက်လာ၏။

အမေ့အိမ်သို့ ပြောင်းနေဖြစ်သည်။ ငှားထားသော အိမ် ကို ပြန်အပ်လိုက်၏။ အိမ်၏ ပစ္စည်းပစ္စယများ ရှင်းလင်းစဉ် .. ဖယောင်းပုဆိုးအောက်မှ စာအိတ်တစ်အိတ်ကို တွေ့၏။ ကျွန်တော်





ဖွင့်ဖတ်လိုက်သည်။ အမြင်မစိမ်း, မှင်မစိမ်းပါပဲလျက် စိမ်းကား ကော်စက်သူ၏ . . . လက်ရေး။ နှလုံးသည်းခြေမှ သွေးစိမ်းရှင်ရှင် ပိုင်းလောက်သည်အထိ ရက်စက်စွာ သီတန်းထားသော အစိမ်း ရောင်လွှမ်းသည့် စာဝါကျများ။

စာကိုဖတ်ပြီးပြီးချင်း ဦးခေါင်းတစ်ခုလုံးတွင် အပူငွေ့များ ပိုင်းယှက်နေသကဲ့သို့ ခံစားရ၏။ ရင်တစ်ခုလုံး တဝုန်းဝုန်းခုန် သည်။ လက်ဖျားတွေ တဆတ်ဆတ်တုန်ယင်လာ၏။ စာရွက်ကိုလုံး ချေမိသည်။ပြီးမှ စိတ်ကို ထိန်းလျက် ပြန်ခေါက်သိမ်းလိုက်၏။ ပါးပြင်နှစ်ဖက်တွင် ပူကနဲ ဖြစ်သည်။ မည်သူ့ကိုမျှ မြင်တွေ့ခွင့်ပေး သည်မဟုတ်သော မျက်ရည်နှစ်စက်။ သို့သော် . . . မိုးကျမယ်ကို မြင်စေချင်၏။ ရက်စက်လွန်းလှသည်။ ပက်စက်လွန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တာတီးထံသို့ . . ကျွန်တော်သွား၏။ မြင့်မြင့်သိန်းထံသို့ ကျွန်တော် သွား၏။ သူတို့နှစ်ယောက်ထံမှ မိုးကျမယ်၏ အကြောင်း အနေမှန်ကို ကျွန်တော် သိခွင့်မရခဲ့။

ဆယ့်လေးငါးရက်ကြာသောအခါ ကျွန်တော် သွားရောက်ခဲ့သောနိုင်ငံရှိ မိုးဇော်အောင်ထံသို့ . . . မိုးကျမယ် လာ,မလာ ကျွန်တော် ဖုန်းဆက်၍ မေးမြန်းဖြစ်သည်။ မလာရောက်ကြောင်း၊ လာရောက်ခဲ့လျှင် အကြောင်းကြားမည်ဖြစ်ကြောင်း မိုးဇော်အောင် ပြော၏။

ကျွန်တော့်မှာ ဆောက်တည်ရာမရ။ ဘာကို ဒေါသဖြစ်၍ ဘာကို သောကဖြစ်ရမှန်း မသိတော့။ ခြောက်လခန့်အကြာ မည်သည့် သတင်းစကားမျှ မကြားသိရတော့သည့်အခါ အမေထံ

"စိတ်ထဲဘယ်လိုမှ မထားနဲ့။ ငါ ပြောနိုင်တာတော့ ပြောမယ်။ နင့်မယား အိုးသစ်အိမ်သစ် ထူသွားပြီ ထင်တယ်။ တချို့က စီးပွားရှာဖို့ နိုင်ငံခြားသွားတာ။ တချို့ကတိုင်းကျိုးပြည်ကျိုးအတွက် နိုင်ငံခြား သွားတာ။ တချို့က ဒီမှာ မဟုတ်မဟတ် လုပ်ပြီး နိုင်ငံခြား ထွက်ပြေးကြတာ။ အဲဒီလို . .





ဟာမျိုးတွေထဲ နင့်မယားပါသွားပြီ ထင်တယ်"

အမေ့ထင်မြင်ဆိုစကားတို့ကို ကျွန်တော် မည်သို့မျှ မတုံ့ပြန် မဆိုပြောဖြစ်။ သားငယ်ကိုသာ ရင်ခွင်ပိုက်လျက် ငြိမ်သက်၍သာ နေရသည်။

"နင် အခု ဘာဆက်လုပ်မလဲ မင်းညီမ်း"

"အိမ်အလုပ်ပဲ သေချာပြန်လုပ်မှာပေါ့။ ကလေးပစ်ပြီး နိုင်ငံခြားလည်း မသွားချင်တော့ဘူး"

"အေး . . .။ တစ်ပင်လဲမှ တစ်ပင်ထူဆိုသလိုမျိုး နောက်ထပ် တစ်ပင်တော့ မထူစေချင်တော့ဘူးနော်။ ပြောတာကြားလား"

"ဟုတ်ကဲ့ပါ . . ." ဟု ရင်မောသံဖြင့် ကျွန်တော် ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



စက်ချုပ်လုပ်ငန်းကို ပို၍ထွန်းကားအောင် ကျွန်တော် လုပ်ကိုင်ရင်း ဘွဲ့ရသည် အထိ ကျွန်တော် ကျောင်းဆက်တက် ဖြစ်သည်။

နှစ်,လများစွာအတွင်း၊ အမြန်လာပါဟူသော ခေါင်းစဉ် ဖြင့် သတင်းစာများမှ မိုးကျမယ်ကို ကျွန်တော် ကြော်ငြာ၍ ခေါ် ဆောင်ဖြစ်ခဲ့သေးသည်။ သို့သော် . . မည်သည့်အဆက်အသွယ် မျှ မရ။ စာမလာ၊ သတင်းမကြား။

ကျွန်တော် ဘွဲ့ယူသည့်နှစ်က သားလေး မိုးဝေးညိမ်းကို ကျောင်းထားဖြစ်သည်။ အိမ်တွင်းစက်ချုပ်လုပ်ငန်းကို တစ်မိသား စုလုံး တိုးတက်ကြွယ်ဝအောင် လုပ်ဆောင်နိုင်ခဲ့၏။ မိုးကျမယ်၏ မိဘနှစ်ပါးကို စာနာသနားသဖြင့် ကျွန်တော် အထောက်အပံ့ပေး ဖြစ်သည်။

သားလေး မိုးဝေးညိမ်း ပထမတန်းတက်ရောက်သည့်နှစ် က သူ၏အဘိုး၊ မိုးကျမယ်၏ ဖခင် ဦးမြဘူးဆုံးပါးသည်။ ထိုအချိန် တွင်လည်း မိုးကျမယ် ရောက်မလာ။ မိခင်ဖြစ်သူ ဒေါ်စံတင်က အိမ်ဝင်းလေးကို ရောင်းချပြီး တရားရိပ်သို့ ခိုဝင်သွားသည်။

တမ်းတရာ တစ်ခုခုဖြင့် အသက်ရှင်နေထိုင်နေရသူဟု





ကျွန်တော် ကိုယ့်ကိုယ်ကို မထင်မှတ်။ သားဖြစ်သူအတွက် အကိုင်း ကြာ၊ အရိပ်မိုးလျက် . . . နွေးထွေးလုံခြုံစွာ စောင့်ရှောက်အပ်သော ဖခင်တစ်ဦး၏ စိတ်ဖြင့်သာ ရှင်သန်နေထိုင်ဖြစ်လေသည်။

မှန်းဆ တမ်းတခြင်းသည် . . . အသက်မရှည်။ မရေရာ။ မေတ္တာတရားသည်သာ လေပြည်ပမာ . . ရေရှည်ရွာချသော မိုး ကဲ့သို့ ထာဝစဉ် သွန်းဖြိုးလျက် အသက်ရှည်ရှင်သန်နိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၈)

"မင်း နောက်အိမ်ထောင် မပြုဘူးလား" ဟု၊ တာတီး မေးသည်။ "ဟဲ့ ဘာတွေပြောနေတာလဲ။ ပေါက်ကရတွေ မြှောက်ပေးမနေနဲ့" ဟု၊ မြင့်မြင့်သိန်း ဝင်ပြောသည်။

"ငါ မြှောက်ပေးနေတာ မဟုတ်ဘူး။ ဒီကောင့်ရင်ထဲ ဘယ်လိုကောက်ရိုးမီးတွေရှိနေလဲတော့ မသိဘူး။ ငါကတော့ မီမိုးကို ဆွဲထိုးပစ်လိုက်ချင်တယ်။ ငါသာ . . မင်းနေရာမှာဆိုရင် နောက်မိန်းမယူလိုက်ပြီ။ မခင်တွယ်လို့ပစ်သွားတဲ့သူကို မင်းမို့လို့ တမျှော်မျှော်ဖြစ်နေတယ်"

"ငါ ဘယ်သူ့မှ မမျှော်ဘူး တာတီး"

"မမျှော်လင့်ဘူးဆိုတာ ပေါ်လွင်ထင်ရှားဖို့ မင်း တစ်ခုခုလုပ်ပေါ့။ ဥပမာ ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်းတို့ ဘာတို့"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့်သိန်းက . . . ,

"ဟဲ့ တာတီး။ ဒေါသဖြစ်တိုင်းလျှောက်ပြော မနေနဲ့ ပေါက်ကရတွေ။ ရင်ကြားစေ့ပေးမယ် . . မစဉ်းစားဘူး . . ။ မြောက်ထိုးပင့်ကော်စကားတွေ ဘာဖြစ်လို့ပြောနေရတာလဲ"

"ငါက ကားပွဲစား။ အဆင့်မြင့်မြင့်ပြောရရင် ခေတ်ပညာတတ်ကားပွဲစားပေါ့။ ပွဲစားက, ပွဲစား စကားပဲပြောတတ်တယ်။ နင့်လို ကျောင်းဆရာမလေသံမျိုးနဲ့ မပြောနိုင်ဘူး။ ငါတို့ ပွဲစားလောကမှာ တစ်ယောက်နဲ့တစ်ယောက် ကွက်ကျော်ရိုက်ပြီဆို အဲဒါရန်သူပဲ။

မိမိုးက လင်မယားအချင်းချင်း ကွက်ကျော်ရိုက်သွားတာ။ နင်တို့ငါတို့က သူငယ်ချင်းတွေ။ သူငယ်ချင်းအပေါ်လည်း, ကွက်ကျော်ရိုက်သွားတာ။ သူ့အကြောင်းပြောမယ့်သာပြောနေရတယ်၊ သေများသွားပြီလား မသိဘူး"

တာတီး စကားကြောင့် ကျွန်တော် နှုတ်ခမ်းတွန့်ရုံပြုံးမိ





ခါ။ မြင့်မြင့်သိန်းက . . . ,

"ဖောက်လွဲဖောက်ပြန်စိတ်၊ ရန့်ရင်းကြမ်းတမ်းတဲ့စိတ် မိမိုးမှာ မရှိဘူးနော်။ အဲဒါကို . . နင်တို့နှစ်ယောက်စလုံး သိထားစေချင်တယ်။ သူ့မှာ လှချင်ပချင်စိတ်, ချမ်းသာကြွယ်ဝချင်တဲ့စိတ် အဲဒီစိတ်ပဲ ရှိတာနော်"

"ဘာစိတ်ရှိရှိ မရှိရှိပါ။ မိခင်စိတ် မရှိတာတော့ သေချာတယ်။ နောက်ပြီး ငါ တစ်ခုပြောချင်သေးတယ်။ သမီးရည်းစားသံယောဇဉ်လေးကိုတောင် မစောင့်ဘူး။ အိမ်ထောင်ပြုတာ ဝုန်းဝုန်းဒိုင်းဒိုင်း။ အဲဒီ့အစကိုက မကောင်းခဲ့တာ"

ကျွန်တော် နှစ်ယောက်စလုံးကို အားနာစွာကြည့်သည်။ ပြီးနောက် အဝေးသို့ မျက်နှာမူရင်း . . . ,

"ငါ့စိတ်ထဲမှာ သူမရှိတော့ဘူး။ မင်းတို့, စိတ်ထဲမှာ သူရှိနေတယ်။ ထုတ်ပစ်လိုက်ကြစမ်းပါ"

ကျွန်တော့်စကားကြောင့် နှစ်ဦးစလုံး၏ မျက်ဝန်းများ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝန်းသွားလေ၏။

"ငါ့စိတ်ထဲ၊ ငါ့ရင်ထဲ၊ ငါ့အနာဂတ်ထဲမှာ ငါ့သားပဲရှိတယ်။ လင်ခန်းမယားခန်း ပြတ်တာ နှစ်ချို့နေပြီပဲ။ ငါ သူ့ကို သေစာရင်းသွင်းထား လိုက်ပြီ"

ပြောရင်း နာကျင်လာ၏။ ကမ္ဘာတစ်ခုတည်းအတွင်း၊ နေစိမ့်စိမ်းပြတ်သူနှင့် အတူရှိနေတာပါလားဟု၊ ဖျတ်ကနဲတွေးမိစဉ် ထိုအတွေးစိတ်နှင့်တကွ၊ မူပိုင်စိတ်၊ မူပိုင်အတွေး၊ မူပိုင်အသိအားလုံးတို့ကို ကမ္ဘာ့အပြင်သို့ ပို့ပစ်လိုက်ချင်သည်။

သားလေး မိုးဝေးညိမ်းကို အစစအရာရာ မျက်နှာမငယ်အောင် ကျွန်တော် ထားသည်။ အဖွားဖြစ်သူ အဒေါ်ဖြစ်သူတွေကလည်း၊ ရွှေပေါ်မြတင် ဖူးဖူးမှုတ်ထား၏။ မိုးကျမယ်အပေါ် . . ကျွန်တော် မည်သို့ပင် သဘောထားထား၊ မိုးဝေးညိမ်းတွင် အမေ





ရှိသည် ဆိုတာကိုတော့ အသိပေးပြောထားသင့်ကြောင်း စာနာတွေးဖြင့် ကျွန်တော် သိသည်။

"ဒါ သားမေမေ" ဟု၊ မိုးကျမယ်၏ ဓာတ်ပုံကို ပြရင်း၊ သားကို ကျွန်တော် ပြောသည်။ သားက ဓာတ်ပုံကို ကိုင်ကြည့်၏။ "မေမေက ဘယ်မှာလဲ" ဟု၊ သူမေးသည်။ "အဝေးကြီးမှာ" ဟု၊ ကျွန်တော် ဖြေ၏။ "အဝေးကြီးမှာ ဘာသွားလုပ်တာလဲ" ဟု၊ မေးပြန်သည်။ "အဲဒါတော့ မသိဘူး" ဟု၊ ကျွန်တော် ဖြေရ၏။ "သေသွားလို့လား" ဟု၊ မေးသေးသည်။ "အဲဒါလည်း ဖေဖေ မသိဘူး" ဟုသာ ဖြေမိ၏။

တစ်ခုထူးဆန်းသည်မှာ . . မိုးဝေးညိမ်းက "မေမေ ဘယ်မှာလဲ" ဟု၊ သည်းသည်းသန်သန် တစ်ခါမျှ မမေးခြင်းပင်ဖြစ်သည်။ ထိုသို့ မမေးခြင်းကိုပင် ကျွန်တော့်မှာ သားကို ကျေးဇူးတင်နေရသည်။ မေးမြန်းခဲ့ပါက ဖြေရပြောရခက်လွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ကလေးအမေက နောက်ယောက်ျား နောက်လိုက်သွားတာတဲ့"

"မဟုတ်ဘူး။ ယောက်ျားက အရင်နိုင်ငံခြား ထွက်သွားတာ။ နိုင်ငံခြားမှာဘာဘာညာညာကြား လို့ ကွဲသွားကြတာ နေမှာပေါ့"

"ငါတို့ ကြားတာတော့ . . သူဖောက်ပြန် တယ်ကြားလို့ ယောက်ျားကပြန်အလာ ကြောက် ကြောက်နဲ့ လိုက်ပြေးသွားတာတဲ့"

"လိုက်ပြေးသွားလည်း ကလေးပါခေါ်သွား ပြီးရော . . .။ ယောကျ်ာမနဲ့ အဆင်မပြေဘူးလည်း ကြားတယ်"

"အဆင်မပြေလို့ စိတ်ရှုပေါက်သလို လုပ် သွားတာ နေမှာပေါ့"

"ဖအေသေတာတောင် မလာဘူးတဲ့"

"ဟဲ့ အမေလည်း မရှိတော့ဘူးနော်"

"သမီးကြောင့် ရှက်ပြီး ဇာတ်မြှုပ်သွားတာ နေမှာပေါ့"





"အခု ဆုံးသွားပြီ . . တဲ့။ သမက်ကပဲ သေသေချာချာ သင်္ဂြိုဟ်ပေးလိုက်တယ်ကြားတယ်"

"ယောက်ျားကလည်း အေးလွန်းတယ်။ အေးတိအေးစက်ယောက်ျားတွေကို မိန်းမတွေက စိတ်ကုန်တတ်တယ်ဟဲ့"

"အမယ် . . အခု အဲဒီယောက်ျားက . . . ကျိကျိတက် ချမ်းသာနေပြီ။ အထည်ချုပ်စက်ရုံ နှစ်ရုံလောက်ပိုင်နေပြီ။ မိန်းမကတော့ နှမြောနေ မှာပဲ။ အဲဒီမိန်းမက ဘယ်သူနဲ့ လိုက်ပြေးသွား တာလဲ"

"အဲဒါတော့ သေချာမသိဘူး"

"ကြံ့ရာနဲ့ လိုက်ပြေးသွားတာနေမှာပေါ့ ဟယ်။ ယောက်ျားတွေတရုံးရုံးနဲ့လို့တော့ ကြားတာ ပဲ"

"ဖဲလည်း ရိုက်တယ်တဲ့"

"အဲဒါဆို . . ဖဲသမားနဲ့လိုက်ပြေးတာနေမှာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ထွက်ပြေးတာ နိုင်ငံခြားကို ထွက်ပြေးတာ လို့ကြားတယ်နော်"

"အဲဒါဆို နိုင်ငံတကာဖဲသမားဖြစ်မှာပေါ့"

"ဘာပဲဖြစ်ဖြစ် ကလေးလေးက သနားပါ တယ်။ မျက်နှာလေးကို ငယ်လို့"

"ဖအေ့မျက်နှာလည်း ခပ်ငယ်ငယ်နော်"

"ဟဲ့ . . မျက်နှာသာငယ်တာနော်။ မာန တော့ကြီးပုံရတယ်"

"မာနက ကြီးတော့မှာပေါ့။ ချမ်းသာနေပြီ ပဲ"

"ဒါပေမဲ့ . . နောက်အိမ်ထောင်တော့မပြု ဘူးနော်"

"မယားဟောင်းကို မျှော်နေတာ နေမှာပေါ့"





"အခု . . ငါ ရွတ်ပြတဲ့ အတင်းစကားတွေ အားလုံး မင်းကိုယ်တိုင် တစ်ဝက်လောက်တော့ ကြားဖူးလိမ့်မယ်။ ငါက ကာယကံရှင်မဟုတ်တော့ မင်းထက် ပိုကြားရတာပေါ့ကွာ"

"ငါလည်း ကြားပါတယ်" . . ဟု၊ တာတီးကို ကျွန်တော် ပြောသည်။ ပြီးမှ စကားဆက်၏။

"အတင်းစကားဆိုတာ ရေရေရာရာမသိ တဲ့သူတွေ, ကိုယ်ထင်ရာတွေပြောတတ်တဲ့ စကား အမျိုးအစားပဲ။ ဒါပေမဲ့ ငါကိုယ်တိုင်လည်း ဘာ မှ ရေရေရာရာ သိခဲ့တာမှ မဟုတ်တာ"

"မင်းက ရေရေရာရာ သိချင်သေးလို့လား"

"မင်းကရော . . . ရေရေရာရာ သိလို့လား"

"အပွေးမြင်မှတော့ အပင်သိရတော့မှာပေါ့။ မုတ်ဆိတ်နဲ့ကုလားကြီးကို အကြိမ်ကြိမ်တွေ့နေရ ပါလျက် ဘာလူမျိုးဆိုတာ ရေရေရာရာ တိတိကျ ကျ မေးဖို့လိုသေးလို့လား"

"တာတီး။ မင်းက ဘာပြောချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းတို့လင်မယား မှန်ပါတယ်။ ...
ပါတယ် ပြောနေတာ မဟုတ်ဘူး။ ပတ်ဝန်းကျင်...
အတင်းတွေပြောနေပါတယ်ဆိုပြီး အတင်းစကား...
တွေကို အလွတ်ကျက်ပြနေတာ မဟုတ်ဘူး။

ကလေးနားမှာပြောတဲ့ အတင်းစကား။
ကလေးက ကြားရင်တောင် ဘာပြန်ပြောရမ...
မသိပေမဲ့ . . . ဘယ်လိုခံစားရမယ်ဆိုတာတော့...
မင်း သိထားသင့်တယ်။ ကလေးဆိုတာ . . အမှ...
တကယ် ခံစားနေရပြီး, သေသေချာချာပြန်မပြော...
တတ်တဲ့ သဘာဝရှိတာ မင်းသိတယ်။ အဲဒီ . .
သဘာဝကို မင်းသိရင် မင်းတစ်ခုခုလုပ်သင့်တယ်"

"ငါ လုပ်တယ်လေ။ တစ်ခုတွင်မဟုတ်ဘူး...
အများကြီး လုပ်တယ်"

"ဘာလုပ်တာလဲ"

"ငါ့ သားကို ငါ အရမ်းဂရုစိုက်တယ်လေ...
ဂရုစိုက်တယ်ဆိုတဲ့ စကားလုံးထဲမှာ . . အားလုံး...
အကျုံးဝင်သွားပြီ"





တာတီးက မဲ့မဲ့လေးပြုံးရင်း . . . ,

"အားလုံးဆိုတဲ့စကားလုံးထဲမှာ တစ်ခါတစ်ရံ
တစ်ခုလောက်တော့ လိုနေတတ်သေးတယ်လေ။
မင်းရဲ့ ဂရုစိုက်မှုအားလုံးထဲမှာ မိခင်ရဲ့အရိပ်
အာဝါသ လိုနေတယ်လို့ ငါပြောတာကွ။ အပင်
ကြီးမှ အရိပ်သွားမမိုးဘဲ၊ အပင်ငယ်တည်းက,
အရိပ်တစ်ခု မိုးပေးထားလိုက်ရင် ပိုကောင်းမယ်။

ကလေးကြီးမှ မင်းနှလုံးသားတွေ ဖောက်
ပြန်ပြီး အိမ်ထောင်ပြုရင်၊ အဲဒီ အိမ်ထောင်ဖက်
မိန်းမကို အဲဒီကလေးအကြီးစားက မိထွေးကြီး
လို့ ထင်လိမ့်မယ်။ ကလေးငယ်တုန်း . . . မိခင်
တစ်ယောက်ထပ်ရှာပေးထားလိုက်ရင် ကလေး
က မိခင်အဖြစ်နဲ့ပဲ မြင်ဖို့များတယ်။ ဒီလောက်
ဆို ငါ ပြောတာ မင်း သဘောပေါက်ပါတယ်"

"မင်းကလည်း ဘာတွေပြောနေတာလဲကွာ" ဟု၊ ပြုံးလျက်
ကျွန်တော် ပြောဖြစ်သည်။ ပြီးမှ . . . "ငါ့ညီမနှစ်ယောက်ရယ်
ငါ့အမေရယ် ငါ့သားလေးကို ဂရုစိုက်ကြပါတယ်ကွာ။ အဲဒါလည်း



www.burmeseclassic.com

www.burmeseclassic.com



မိခင် မေတ္တာပဲပေါ့" ဟု၊ ကျွန်တော် ပြောလိုက်၏။ "ဖခင်နဲ့ ချ
ကြိုးမသွယ်သေးသမျှ မိခင် မဟုတ်ဘူး . . သူငယ်ချင်း" . . ဟု
တာတီးက ရယ်မောရင်း ပြော၏။ ကျွန်တော် ပြုံး၍သာနေရပြ
သည်။ ကျွန်တော့် အပြုံးသည် အမှန်းမရှိ။





(၁၉)

"အိမ်လခလည်း ပေးရသေးတယ်။ ကလေး ကျန်းမာရေးလည်း ရှိသေးတယ်။ တစ်လတစ်သိန်း က ဘယ်လိုမှ မလောက်ဘူး။ အဲဒါ . . ကျွန်မကို ပိုက်ဆံပိုပေးဖို့ ပြောနေတာ။ ကျွန်မ . . . ဆိုး၀ မလောက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်လေးက မိုးကျမယ်ကို ခြေဆုံးခေါင်းဆုံးကြည့်၏။ ပြီးနောက် . . . မြေးဖြစ်သူကို ကြည့်ရင်း,

"ကလေးက နေကောင်းသားပဲ။ ကျန်းမာရေး ကိစ္စရှိရင် ငါ့ကိုလာပြောပေါ့။ နင့်ကို . . ငါ လိမ်မပြောဘူး မိမိုး။ မင်းညိမ်း တစ်လကို လေးသိန်းပို့ကယ်။ နင့်ကို တစ်သိန်းပေးတယ်။ ကျန်တဲ့ သုံးသိန်းကို အကြွေးဆပ်ပေးတယ်။ နင်မသေမချင်း မှတ်ထားဖို့က မင်းညိမ်းလုပ်စာကို ငါတို့စားဖို့ အစီစဉ်မရှိဘူးနော်။ အဲဒါကို နင် မြဲမြဲမှတ်ထား"

မိုးကျမယ်က . . . ,

"ကျွန်မကလည်း . . မင်းညိမ်း လုပ်စာကို အခန့်သား ထိုင်စားဖို့အစီအစဉ်မရှိဘူး။ ကလေးငယ်နေသေးလို့ ပေးစာကမ်းစာကို လာ,လာပြီး လက်ဖြန့်နေရတာ။ ကိုယ့်ဘာသာ ရှာဖို့ပဲ အစီစဉ်ရှိတယ်"

"ဘာလဲ ဖဲရိုက်ပြီး ငွေရှာတာကို ပြောတာ





လား။ ငါတို့ အမျိုးထဲမှာ ဖဲဒိုင်ခံစားတဲ့လူ တစ်ယောက်မှ မပါဘူး။ ယောက်ျားလေး တရုံးရုံးနဲ့။ အနေမတတ် အထိုင်မတတ်"

"အမေ . . အဲဒီလို မှိုချိုးမျှစ်ချိုး မပြောနဲ့။ မိန်းကလေးတွေလည်း ပါတယ်။ အပြစ်ပြောချင်တာနဲ့ အပြစ်ဖြစ်စရာကိုပဲ ကွက်ပြီးမပြောနဲ့"

"ဟဲ့ . . ကွက်ပြီးပြောစရာလည်း မလိုဘူး။ ကွင်းပြီးပြောစရာလည်း မလိုဘူး။ အပြစ်က ထင်းနေတာပဲ။ ဖဲရိုက်တာ အပြစ်ပဲ။ အိမ်ထောင်သည် မိန်းမတစ်ယောက်အနေနဲ့ ခြေလှုံမ်းများတာဟာ အပြစ်ပဲ။ တည်တည်ငြိမ်ငြိမ်မနေတာ အပြစ်ပဲ။ ခြေလှမ်းများတဲ့ မိန်းမနဲ့ ခြေမငြိမ်လက်မငြိမ်နဲ့ တွေ့သွားမှ ဟုတ်ပေ့ဖြစ်နေလိမ့်မယ်"

"အမေ . . အဲဒီ စကားမျိုးမပြောသင့်ဘူး။ ကျွန်မ မိဘတောင် အဲဒီလို မပြောဘူး"

"ဘယ်ပြောမလဲ။ အဆိုအဆုံးမမှ မရှိတာ။ နင်သာ တန်ဖိုးရှိရှိနေတတ်ရင် ငါ့အိမ်မှာ လာနေ



www.burmeseclassic.com

www.burmeseclassic.com



လို့ရတယ်။ ငါ့အိမ်မှာ စက်လာချုပ်နေလို့ရတယ်။ ဖဲရိုက်ပြီး ဝင်ငွေရှာနေစရာမလိုဘူး။ အခုတော့ စိတ်လွတ်ကိုယ်လွတ် နေချင်တိုင်း အတတ်ကြီး လုပ်ပြီး အိမ်သီးသန့် ငှားနေတယ်။ မိဘမျက်ကွယ် ဆိုတော့ နင်တို့ သဘောရှိပေါ့။ ငါ မျက်စိလည်း မကွယ်ဘူး။ နားလည်း မကွယ်ဘူး။ နင် . . နေပုံ ထိုင်ပုံ သွားပုံလာပုံ အကုန်လုံး မြင်ရကြားရတာ တစ်ခုမှ ကောင်းကွက် မပါဘူး"

"ကျွန်မ ပိုက်ဆံ သုံးလို့မလောက်တဲ့ . . အကြောင်း လာပြောတာ။ မယားဖြစ်ပြီး သူများ လက်ဝေခံဘဝနဲ့ လက်ဖြန့်ပြီးမတောင်းချင်ဘူး ဆိုတာ လာပြောတာ။ ဩဝါဒ လာခံတာမဟုတ် ဘူး"

"ဟဲ့ မိမိုး။ တီးတိုးပြော။ ဒါ . . ဟင်းရွက် ကန်စွန်းရွက်ဆိုင် မဟုတ်ဘူး။ အရက်ဆိုင် မဟုတ် ဘူး။ ငါ့ အိမ်မှာလာပြီး အော်ကြီးဟစ်ကျယ်လုပ် မနေနဲ့။ နင် မကျေနပ်ရင် ငါ့သားကို ကွာလိုက်"





မိုးကျမယ်က တက်တစ်ချက်ကို ပြင်းထန်စွာခေါက်ပြီး "ကွာမယ် ကွာမယ်" ဟု၊ ပြောပြီး ကလေးကို ချီလျက် အိမ်ပေါ်မှ ဝုန်းဝုန်းဒိုင်းဒိုင်း ဆင်းသွား၏။ နာကျင်ခံခက်မိလေသည်။

"အဲဒါပဲ သား။ အမေ အသက်ကြီးပြီ။ ဒီ အကြောင်းတွေ ပြောသင့်တယ်ထင်လို့ . . အမေ ပြောပြတာ။ ငါ ပြောမှားဆိုမှားဖြစ်သွားတယ်လို့ ဝန်ခံနေတာ မဟုတ်ဘူးနော်"

အမေ့ ပြောစကားများကို ကျွန်တော် နားထောင်ပြီး . . ,

"အမေ မမှားပါဘူး အမေရယ် . . .။ အပြောလည်း မမှားဘူး။ အဆိုလည်း မမှားဘူး။ မှားတာက သူပါ"



www.burmeseclassic.com

www.burmeseclassic.com

"မိမိုး မှားတယ်လို့လည်း အဒေမ မဆိုလို ဘူးနော်။ တစ်ခုခုဖြစ်ခဲ့ ပျက်ခဲ့ရင် ချင့်ချိန်စဉ်း စားနိုင်ဖို့၊ နင့်ကို ငါ အသိပေးတာ။

ဒီအဖြစ်အပျက်ကို တမင်တကာ မပြော သေးဘဲနဲ့ သိမ်းထားရတာ။ တခြားအကြောင်းပြ ချက် တစ်ခုခုနဲ့ နင့်မယားပြန်လာရင် တိုးသာ ဆုတ်သာအောင်လို့ ငါ မပြောပြတာ။

အခု . . လေးငါးနှစ်ကြာပြီဆိုတော့ ပြော သင့်ပြီထင်လို့ ငါပြောပြတာ။ ငါလည်း အသက် ကြီးပြီ။ ပြောစရာစကားတွေ သိမ်းမထားချင်လို့ ငါ ပြောတာ။ ငါ မှားတယ်။ ငါ့ကြောင့် နင့်မယား ထွက်သွားတယ်လို့ ထင်ချင်လည်း ထင်ခွင့်ရှိတယ် နော် . . သား မင်းညိမ်း"

"ကျွန်တော် မထင်ပါဘူး အမေ"

"အေး . . ငါကအပြောမှားတယ်ဆိုရင် လည်း နင့် မိန်းမက အပြောတော့ ရိုင်းသွားတယ်။ နင် သိသင့်ပြီထင်လို့ ငါ ပြောပြတာ။ ဒါပဲ"





"အမေ . . လုံးဝ မမှားပါဘူး" ဟု၊ ကျွန်တော် ပြောသည်။ မှားယွင်းသူ၏ အထင်ကရ အမှားသက်သေကို မျက်ရည်များနှင့် အတူ ကျွန်တော် သိမ်းဆည်းထားခဲ့သည်။ နာကျင်မှု အသည်း သေတ္တာထဲ၌ ဆွေးမြည့်လိမ့်မည် မဟုတ်သေး။

"ငါက Ph.D ရတဲ့အထိ ဆက်ကြိုးစားဦးမှာ" ဟု၊ မြင့်မြင့် သိန်း ပြောသည်။ "ငါလည်း အဲ့ဒီအထိတော့ သွားချင်တာပဲဟာ။ ဒါပေမဲ့ လုပ်ငန်းကိုင်ငန်းက တစ်ဖက်၊ သားက တစ်ဖက်နဲ့ မလုပ် နိုင်တော့ဘူး" ဟု၊ ကျွန်တော် ပြောသည်။ "မင်း သားလေးခြောက် နှစ်ပြည့်မွေးနေ့မှာ ဘာတွေလုပ်ဖို့ စီစဉ်ထားလဲ" . . ဟု၊ တာတီး မေး၏။

ကျွန်တော်က . . . ,



www.burmeseclassic.com

www.burmeseclassic.com



"မိဘမဲ့ ကလေးတွေရှိတဲ့ ဘုန်းကြီးကျောင်း
တစ်ကျောင်းမှာ ထမင်းသွားကျွေးမယ်။ မင်းတို့
နှစ်ယောက်လည်း လိုက်ခဲ့ပေါ့"

"ကျောင်းဖွင့်ရက်ဆို ငါလိုက်လို့မရဘူး" ဟု၊ မြင့်မြင့်သိန်း ပြောသည်။ တာတီးက . . .,

"တစ်ရက်တည်းပဲဟာ"

"ကျောင်းသားတစ်ယောက် ကျောင်းပျက်
တာ သူတစ်ယောက်တည်းအတွက်ပဲ နစ်နာတယ်။
ဆရာမတစ်ယောက် ကျောင်းပျက်တာ၊ ကျောင်း
သား ရာပေါင်းများစွာ နစ်နာတယ်"

"ဟား . . . ဟား . . . ဟား"

"ဟဲ့ တာတီး။ ဘာရယ်တာလဲ"

"နင်တောင် စကားလုံးအကြီးကြီးတွေ ပြော
တတ်နေပြီပဲ"

"ဟဲ့ အလုပ်အကြီးကြီး လုပ်ရင်, စကား
အကြီးကြီး ပြောရမှာပဲ"

သူတို့နှစ်ယောက်ကို ကြည့်ပြီးပြုံးလျက် ကျွန်တော်က,





"သွားမှာ စနေနေ့ပါ။ နင်လိုက်လို့ရပါတယ်"

"အဲဒါဆိုရင် သေချာပေါက် လိုက်ခဲ့မယ်"

တာတီးက ကျွန်တော့်မျက်နှာကို သေချာကြည့်ပြီး၊ တစ်ခုခု ကို တွေးကြည့်မိဟန်ဖြင့်,

"ငါ . . . မင်းကို၊တစ်ခုသတိထားမိတယ်
မင်းညိမ်း"

"ဘာကို သတိထားမိတာလဲ"

တာတီးက စကားဆက်၏။

"ငါတို့ မင်းတို့ ဒီအသက်ဒီအရွယ်ရောက်
နေပြီ။ ကြုံခဲ့ရတဲ့ စိတ်ညစ်စရာ၊ စိတ်ပျော်စရာ
တွေလည်း တော်တော်များတယ်။ အချိုးကျပြော
ရမယ်ဆိုရင်တော့ စိတ်ညစ်စရာတွေ ပိုများတယ်
ပေါ့ကွာ။

ဘာပဲပြောပြော ရုန်းခဲ့ကန်ခဲ့ရတဲ့သူအချင်း
ချင်း မင်းဘဝက ပိုပြီး စိတ်ညစ်ဖို့ကောင်းတယ်။
မညှာမတာပြောရရင် စိတ်ပျက်စရာကောင်းတယ်။
ဒါပေမဲ့ မင်းကပျော်စရာတွေ့လည်း သိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ စိတ်ညစ်စရာတွေတွေ့လည်း ခဏပဲ။

ပြီးတော့ . . . , ငြိမ်သွားတယ်။ ညည်းည

တာတို့၊ ပေါက်ကွဲတာတို့ သိပ်မရှိဘူး။ အဲဒါ . .

ဘာဖြစ်တာလဲ"

"ဘာမှ မဖြစ်ပါဘူး။ ငါ နေတတ်သလိုနေ

တာပါ"

"နေတတ်သလိုဆိုတာ ဘာကိုပြောတာလဲ။

မင်းက ဘယ်လိုနေတာလဲ"

ကျွန်တော် . . ကိုယ့်စိတ်ကို ပြန်ကြည့်လိုက်သည်။ ပြီးမှ

ပြောတတ်သလို ပြောဖြစ်၏။

"ငါက ကိစ္စတစ်ခုကို စိတ်ထဲမှာ ကြာကြာ

မထားတတ်ဘူးကွ။ ပြဿနာတစ်ခုခုကြုံရပြီဆို

ရင် ဖြစ်လာတဲ့အတိုင်း ငါ ရင်ဆိုင်တယ်။ ကြံပြီး

တွေးတယ်။ ဒါပေမဲ့ ကြံပြီး မခံစားဘူး။ ပြန်ပြီး

တွေးတယ်။ ပြန်ပြီး သုံးသပ်တယ်။ ဒါပေမဲ့ ပြန်ပြီး

မခံစားဘူး။ လက်ရှိဘာဖြစ်နေသလဲ၊ ဘာလုပ်နေ

သလဲ။ စိတ်ကို အဲဒီလက်ရှိအခြေအနေမှာပဲ ထား





တယ်"

တာတီးက မျက်နှာရှုံ့ ခေါင်းကုတ်လျက် . . . ,

"နားရှုပ်တယ်။ မရှင်းဘူး။ ငါ့ကို ပြန်ပြော

ပြ"

တာတီး၏ စကား, အမူအရာကြောင့် မြင့်မြင့်သိန်းက

ရယ်မောလေသည်။ ကျွန်တော်က,

"တစ်ခုခုကို မဖြစ်မနေလုပ်ရတော့မယ်ဆို

ရင် . . အဲဒီအလုပ်ကို လုပ်ချင်ရဲ့လားလို့ ကိုယ့်

ကိုယ်ကို မေးတယ်။ လုပ်ချင်တယ်ဆိုရင် လုပ်သင့်

ရဲ့လားလို့ ထပ်မေးတယ်။

လုပ်လည်း လုပ်ချင်တယ်။ လုပ်သင့်တယ်

လို့လည်းဆုံးဖြတ်ပြီးပြီဆိုရင် ကောင်းကျိုးဘာဖြစ်

နိုင်မလဲ စဉ်းစားတယ်။ ဆိုးကျိုး ဘာဖြစ်နိုင်မလဲ

စဉ်းစားတယ်။ အေး . . . , ကောင်းတယ်ထင်လို့

စလုပ်ပြီဆိုတာနဲ့ အဲဒီ လုပ်တဲ့အလုပ်က လွဲလို့

ဖြစ်မှ ဖြစ်ပါ့မလား။ ကောင်းမှ ကောင့်ပါ့မလားဆို

တဲ့ တခြားအတွေးတွေ လုံးဝမတွေးတော့ဘူး . . ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ . . . ငါ့စိတ်ဓာတ်ပဲ"

"အဲဒါ ပစ္စုပ္ပန်ကိုတည့်တည့်ရှုတယ်လို့ ခေါ်တယ်" ဟု မြင့်မြင့်သိန်းက ဝင်ပြောသည်။ တာတီးက . . . ,

"ဟဲ့ ငါက မင်းညီမ်းရဲ့စိတ်ကို မေးနေတာ၊ နင်က ဘာလို့တရားအကြောင်းတွေ လာပြောနေတာလဲ"

"ငါလည်း ကြွားဖူးတာလေး ဝင်ပြောတာပေါ့ . . ဟဲ့"

"ကြွားဖူးရုံနဲ့ ဝင်မပြောနဲ့။ စကားဆိုတာ ကြွားဖူးရုံနဲ့ မပြောသင့်ဘူး။ ကြုံဖူးလုပ်ဖူးမှ ပြောရတယ်။

မီးသည် ပူသည်ဟု၊ ကျွန်မ ကြွားဖူးပါသည် ဆိုရင် . . အဲဒီ မီးက တကယ်မပူသေးဘူး။ မီးတောက်တစ်ခုကို ကျွန်မကိုင်ကြည့်မိတုန်းက . . ကျွန်မ တော်တော်ပူပါသည် . . ဆိုရင်, အဲဒီမီး တကယ်ပူတာ။ ကြွားဖူးသည် ဆိုတာထက် ကြုံဖူးသည် လုပ်ဖူးသည်ဆိုတာ ပိုနိုင်မာတယ်လေ





ဟာ။

နင်က တက္ကသိုလ်က ချာတိတ်တွေကို သင်ပေးနေတဲ့ ဆရာမ။ တကယ်မသိသေးဘဲနဲ့ ကြွားဖူးနားဝတွေကို သင်ပေးမိမှာ စိုးလို့ ငါအကြံပေးတာ"

ပြောပြီး တာတီးက ရယ်မောနေလေသည်။ မြင့်မြင့်သိန်းက တာတီးကို မျက်စောင်းထိုး၏။ ကျွန်တော်လည်း ရယ်မောနေလေသည်။ ရယ်မောပြီးကြသောအခါ တာတီးက ကျွန်တော့်ကို ကြည့်လျက် စကားဆက်ပြန်၏။

"ငါ့စကား ဘေးရောက်သွားဦးမယ်။ ငါ မင်းကို ပြောချင်တာက ဟိုဟာကွာ . . . ။

ငါတို့က တစ်ခုခုမကျေမနပ်ဖြစ်ရင်၊ တစ်ခုခုကို ခံစားရရင် ဝုန်းဒိုင်းကျဲပစ်လိုက်တာကွာ။ ငါက၊ မင်းကို ငါတို့ တစ်ခါမှ အဲဒါမျိုး မမြင်ဖူးဘူး။

ငါပြောချင်တာက . . မိုးကျမယ်ကို မင်း မကျေမနပ် ဖြစ်ချင်ဖြစ်မယ်။ သူ့ကြောင့် မင်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းထန်ထန် ခံစားရင် ခံစားရမယ်။ ဒါပေမဲ့ အဲဒီလက္ခဏာတွေ မင်းမှာ မတွေ့ရဘူး။ တစ်ခါ တစ်ရံ မတွေးမိဘူးလား။ သတိမရဘူးလား . . လို့ ပြောချင်တာ။ ငါ . . , ပြောချင်တာ အဲဒါ . . အဲဒါ"

တာတီး၏ စကားအဆုံးတွင် ကျွန်တော်နှုတ်ခမ်းတစ်ချက် တွန့်ကနဲ ဖြစ်သွား၏။ ပြီးမှ -

"တွေးမိတယ်။ တစ်ခါတစ်ရံ တွေးဖြစ်တယ်။ ဒါပေမဲ့ . . သတိတော့မရဘူး။ သတိရတယ်ဆိုတာ တမ်းတပြီးမှ ဖြစ်ပေါ်တဲ့စိတ်။ တွေးမိတယ်ဆိုတာ တွေးဖြစ်တယ် ဆိုတာ . . ငါ့သား မျက်နှာမြင်တဲ့ အခါတိုင်း လုပ်ရက်လေခြင်း . . လို့ ဖြစ်သွားတဲ့ စိတ်။

အဲဒီရောက်သွားတဲ့ စိတ်။ ဖြစ်သွားတဲ့ စိတ်ကို။ အတိတ်ကို အရောက်မခံဘဲ ပစ္စုပ္ပန်မှာ ရှိနေ မြင်နေတဲ့ ငါ့သားလေးဆီမှာပဲ၊ ငါ့ စိတ်ကို ထား လိုက်တယ်"





"မင်း အဲဒီစိတ်တွေ ဘယ်ကရလဲ"

"အမေ့ဆီက ရတာ။ အမေက စကားတစ်ခွန်းပြောဖူးတယ်။ ငယ်ငယ်တုန်းက။

ပျော်စရာတွေ့ရင်လည်း အရမ်းမပျော်နဲ့။ စိတ်ညစ်စရာတွေ့ရင်လည်း အရမ်းစိတ်မညစ်နဲ့ . . . တဲ့။ အသက်အရွယ်ရလာတာနဲ့အမျှ အဲဒီ စကားကိုပဲ ဆင့်ပွားပြီး အသုံးပြုလိုက်တာပေါ့ကွာ။

စကားစပ်လို့ ပြောရရင်၊ မိုးကျမယ် ငါ့ကို ခိုးခိုင်းတုန်းက၊ ခိုးချင်သလား၊ခိုးသင့်သလား လို့ ငါ့ကိုယ်ငါ မေးတယ်။ ခိုးချင်တယ် ခိုးသင့်တယ် ထင်လို့ ငါ ခိုးလိုက်တယ်။ အဲဒီအပေါ် ဖြစ်ပျက်လာတဲ့ ကိစ္စတိုင်းကို ပြန်သုံးသပ်၊ ပြန်စဉ်းစား ပြီး ပြန်ပူပင်နေလို့ ဘယ်အဓိပ္ပါယ်ရှိပါ့မလဲ . . ။ မဟုတ်ဘူးလား"

တာတီးနှင့် မြင့်မြင့်သိန်းက စိတ်မကောင်းစွာနှင့် ခေါင်း ညိတ်ညိတ် ဖြစ်လေသည်။ ကျွန်တော် ကိုယ့်ကိုယ်ကို သုံးသပ် လျက် စကားဆက်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အသက်ငယ်တုန်းကတော့ ရှုံ့ရှုံ့ဒိုင်းဒိုင်း စိတ်မျိုး နည်းနည်းပါးပါးတော့ ရှိခဲ့တာပေါ့ကွာ။ အသက်တစ်နှစ်ကြီးတိုင်း မီးတစ်စကို ငြိမ်းသလို မျိုး နေဖြစ်ခဲ့တာပါ။

စိတ်ထဲမှာ အပူအပင်မရှိတာမျိုး မဟုတ် ဘူး။ မပူအောင် နေခဲ့ရတာ။

စိတ်ထဲမှာ အပူတစ်ခုခုရှိနေတဲ့လူက ဘာနဲ့ တူသလဲဆိုတော့။ လောင်စာတွေရှိတဲ့အနီးအနားမှာ လောင်စာဆီပုံးတစ်ပုံး သိုလှောင်ထားတဲ့ အခန်း တစ်ခန်းနဲ့တူတယ်။ လောင်စာဆီရှိတာတစ်နေရာ တည်း။ ဒါပေမဲ့ အဲဒီတစ်နေရာလေးတည်းကို မီး တစ်စချကြည့်။ တစ်ခန်းလုံးလောင်သွားနိုင်တယ်။

ငါ . . လောင်စာလည်းရှိတယ်။ လောင်စာ ဆီလည်းရှိတယ်။ အဲဒီလောင်စာတွေကိုရော . . လောင်စာဆီကိုရော . .၊ အခန်းထဲက ဆွဲထုတ် ပစ်ထားတာ။ တစ်ခန်းလုံးမလောင်ချင်ဘူး၊ တစ် ကိုယ်လုံး မလောင်ချင်ဘူး သူငယ်ချင်း"





တာတီး ငြိမ်သက်သွားလေ၏။ မြင့်မြင့်သိန်းသည် သနား ရောကောင်းသော စာသင်သားတစ်ဦးကိုကြည့်သည့် မျက်ဝန်းများ ဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ ရင်ထဲရှိ အပူငွေ့မျှလောက်ကို သူတွေ့သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၂၀)

သင်းသင်းညီမ်းနှင့် လင်းလင်းညီမ်းက အလုပ်ကိစ္စများ ရှိသဖြင့် မိုးဝေးညိမ်း မွေးနေ့အထိမ်းအမှတ်ပြုရာ ဘုန်းကြီးကျောင်းသို့ မလိုက်ပါခဲ့။ အမေ့ကိုတော့ အပါခေါ်ခဲ့သည်။ တာတီးနှင့် မြင့်မြင့်သိန်းလည်း လိုက်ပါခဲ့၏။ အဆိုပါကျောင်းမှာ မိဘမဲ့ကလေးများ၊ ဆင်းရဲနွမ်းပါးသော ကလေးများကို ပညာဒါနပြုသော စာသင်ကျောင်းဟု၊ သိရသည်။

ကလေးများကို မကျွေးမွေးခင် ကျောင်းထိုင်ဘုန်းတော်ကြီးအား ဆွမ်းကပ်ဖို့ပြင်၏။ ဘုန်းကြီးစာပွဲဝိုင်းကို အမေနှင့် ကျွန်တော်က တစ်ဖက်၊ တာတီးက တစ်ဖက် ကိုင်မဟာန်ပြုစဉ် ဘုန်းတော်ကြီးက . . .

"ကလေးနဲ့ကလေးအမေပါ ဆွမ်းလာကပ်ကြလေ"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီး မိန့်သော စကားကြောင့် အမေ မြင့်မြင့်သိန်းကို လှမ်းကြည့်၏။ အမေ မျက်နှာ ပြုံးယောင်ယောင် ဖြစ်သည်။ မြင့်မြင့်သိန်းမှာ ထိုင်ရမလို၊ ထရမလိုနှင့် ကလေးကိုချီလျက် ကျွန်တော့်ကို လှမ်းကြည့်၏။ ကျွန်တော်က မြင့်မြင့်သိန်း အရှက်ပြေစေရန် ရယ်မောပြီး . . .

"ဘုန်းဘုန်း။ အဲဒါ တပည့်တော် သူငယ်ချင်း ဘုရာ့"

"ဟေ . . ဟုတ်သလား။ ကျုပ်က မျက်လုံး မျက်ဖန်ချင်းတူလို့ သားအမိလို့ထင်လိုက်တာ၊ ကဲ . . ကဲ ဒကာမကြီးလာ။ ကလေးပါခေါ်ခဲ့၊ သူငယ်ချင်းတွေ အတူဆွမ်းကပ်ကြ"

စာပွဲဝိုင်းကို အားလုံးညီတူမလျက် ဆွမ်းကပ်ကြသည်၊ တာတီးက ပြုံးဖြဲဖြဲလုပ်နေ၏။ မြင့်မြင့်သိန်းက တာတီးကို မျက်စောင်းထိုးဟန် ပြုသည်။





ညနေစောင်းတွင် အိမ်သို့ပြန်ရောက်ကြသည်။ တာတီးနှင့် ကျွန်တော် မြင့်မြင့်သိန်းကို ကျွန်တော့်ကားဖြင့် သံလျင်ရှိ သူ့အဒေါ်အိမ်သို့ လိုက်ပို့ကြ၏။ မြင့်မြင့်သိန်းက . . မိသားစုကို အထောက်အပံ့ပြုပြီး မျှားသောအားဖြင့် အဒေါ်နှင့်သာ နေတော့သည်။ တာတီးက အနောက်ခန်းတွင် ထိုင်နေသော မြင့်မြင့်သိန်းဘက်သို့လှည့်ပြီး . . . ,

"မိုးဝေးညိမ်းက မေမေမြင့်လို့ ခေါ်အောင် နှင် သင်ပေးထားတာ မဟုတ်လား မြင့်မြင့်သိန်း"

"ငါ မသင်ပါဘူး။ သူ့ဘာသာသူ ခေါ်တာ"

တာတီးက . . . ,

"ကလေးက နင့်ကို တွယ်နေပြီနော် မြင့်မြင့်သိန်း။ နင် ရှေ့ရေးကို စဉ်းစား။ ဘုန်းကြီး မိန့်တဲ့ စကားကို မမေ့နဲ့"

တာတီးက ပြောရင်း ကျွန်တော့်ဘက်သို့ လှည့်၍-

"မင်းညိမ်း။ မင်းလည်း လုပ်ငန်းကြီးလုပ်နေတာ။ ငါ လူမှုရေးကိစ္စကို စီးပွားရေးဆန်ဆန် ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ" ဟု၊ ကျွန်တော် လှည့်မကြည့်ဘဲမေးသည်။

တာတီးက . . .,

"မြင့်မြင့်သိန်းက ငါတို့သူငယ်ချင်း။ အရွယ်လည်းရောက်ပြီ။ လွန်တောင် လွန်တော့မယ်။ အပျိုကြီးဖားဖားတွင်မကဘူး အပျိုကြီးဘွားဘွားဖြစ်တော့မယ်။ ကျောင်းဆရာမလုပ်ပြီးကတည်းက တော်တော်ချော . . တော်တော်လှလာတာနော်။ အဲဒါ . . ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုတဲ့စကားကို မင်း မမေ့နဲ့"

"တာတီး အရမ်းမနောက်ပါနဲ့ကွာ" ဟု၊ ကျွန်တော် ပြောရသည်။ မြင့်မြင့်သိန်းက တာတီး ပခုံးကို လှမ်းရိုက်၏။





"နင်နဲ့ မြင့်မြင့်သိန်းနဲ့ ကြိုက်နေကြတယ်ဆို"

အမေ့ အမေးစကားကြောင့် ကျွန်တော် အထိတ်တလန့်ဖြစ်သွားရ၏။ အနီးတွင် သားငယ် အိပ်ပျော်နေ၏။ သင်းသင်းညိမ်းနှင့် လင်းလင်းညိမ်းတို့ အလုပ်ရုံမှ ပြန်မရောက်သေး။

"ဟုတ်လား မင်းညိမ်း"

"မဟုတ်ပါဘူး အမေရယ် . . ။ ပေါက်ကရတွေ"

"ငါ့ကို တာတီး သေသေချာချာ ပြောသွားတယ်"

"နောက်သွားတာပါ အမေရယ်"

"မြင့်မြင့်သိန်းက ရည်းစားတွေဘာတွေ ရှိနေပြီလား" ဟု၊ အမေ မေး၏။

"ကျွန်တော် သိသလောက်တော့ မရှိဘူး။ ရည်းစားထားချိန်လည်း ရမှာမဟုတ်ဘူး။ သူက, ပညာလောဘကြီးတယ်။ နောင်နှစ်တောင် နယ်က တက္ကသိုလ်တစ်ခုကို ပြောင်းရမယ်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဒေါက်တာဘွဲ့တွေ ဘာတွေ ယူဦးမှာ။

သားသားမွေးနေ့တောင် ကျောင်းပိတ်ရက်ကြောင့် လိုက်လာတာ။ နို့မို့ဆိုရင် ခေါ်လို့ရမှာ မဟုတ်ဘူး"

"မင်း မြင့်မြင့်သိန်းကို ယူမလား"

"အမေ့ ကျွန်တော်တို့က သူငယ်ချင်းတွေ အမေရဲ့။ သူငယ်ချင်း သံယောဇဉ်ပဲရှိတာ။ တခြားစိတ်တွေ မရှိကြဘူး"

"တခြားစိတ်တွေ ရှိရှိ မရှိရှိ၊ ငါမေးတာပဲ ဖြေ။ နောက်အိမ်ထောင်မပြုနဲ့တော့ ဆိုတဲ့ ငါ့စကားကို ငါ ပြင်တယ်။ ငါလည်း အသက်ကြီးပြီ မင်းညိမ်း။

နင့် နောင်ရေးကို ငါ မပူဘူး။ ငါ့ မြေးနောင်ရေးကို စိတ်အေးချင်တယ်။ ကလေးက . . အမေ ငတ်နေတာ နင်သိရဲ့လား"

"သင်းသင်းတို့ လင်းလင်းတို့ ထိန်းနေတာပဲ။ သူ့အဒေါ်တွေက သူ့အမေပဲပေါ့ အမေရဲ့"





"နင့်နှမတွေကို နင် တော်တော် အားကိုးသလား။ သူတို့လည်း အရွယ်တွေရောက်နေကြပြီ။ သူတို့လမ်း သူတို့မလျှောက်ကြဘူးလို့ နင် . . အာမခံနိုင်လို့လား"

"ဒါကတော့ အမေရယ် . . . နောက်ဖြစ်နောက်ရှင်းပေါ့။ အခုလောလောဆယ် ဘာမှ မှ မဖြစ်ကြသေးတာ"

"နင့်နှမတွေ လင်ယူသွားရင်၊ နင်တစ်ယောက်တည်း ကလေးတန်းလန်းနဲ့ ကျန်ခဲ့မှာနော်။

မြင့်မြင့်သိန်းက နင့်အပေါ် ခင်တွယ်ပုံရပါတယ်။ ကျောင်းဆရာမဆိုတော့ အနေအထိုင် ပိရိပြီးသား။ ငါနင့်ကို သူနဲ့ သဘောတူတယ်"

ကျွန်တော် အမေ့ကို မည်သို့ပြောရမည် မသိ။

"အမေ . . . ကျွန်တော်က တစ်ခုလပ်လား မုဆိုးဖိုလား မသိသေးတဲ့ အခြေအနေနော်။

မြင့်မြင့်သိန်းကို အားနာစရာကောင်းတယ် အမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ သားအဖနှစ်ယောက်တည်း အပစ်ခံထားခဲ့ရတာ ဆယ်နှစ်ပြည့်တော့မယ်နော်။ ကိုယ့်ကိုယ်ကို မုဆိုးဖိုလို့ မသတ်မှတ်နိုင်သေးဘူးလား"

"မသိတော့ပါဘူး အမေရာ။ အဲဒါတွေ . . မတွေးချင်၊ မပြောချင်လို့ အလုပ်ကိုပဲ ဖိလုပ်ခဲ့တာ ကြာပြီပဲ။ မမျှော်လင့်တဲ့ အချိန်မှာ မမျှော်လင့်တဲ့သူ ပေါ်လာရင် မြင့်မြင့်သိန်းကို အားနာစရာကောင်းတယ် အမေရဲ့။ အဲဒါကြောင့် . . ."

အမေက ကျွန်တော်ခေါင်းကို လက်ဝါးဖြင့် လှမ်းပုတ်ရင်း

"နင်က ပေါ်လာမှာကို မျှော်နေတာလား"

"ကျွန်တော့်စိတ်ထဲမှာ ဘာမှ မရှိတော့တာ ကြာလှပြီ အမေ။ ပေါ်လာချင်တိုင်း ပေါ်လာလို့လည်း မရဘူး။ အမေပြောသလို ကိုယ့်ကိုယ်ကို မုဆိုးဖိုလို့ သတ်မှတ်ထားတာ ကြာလှပြီ"

"အဲဒါဆိုလည်း ပြီးရော။ မြင့်မြင့်သိန်း မိဘတွေဆီ ငါကိုယ်တိုင် အောက်ကျနောက်ကျခံပြီး သွားတောင်းပေးမယ်"





"အမေ အဲဒီလိုကြီးတော့ အလောသုံးဆယ် မလုပ်ပါနဲ့။ မြင့်မြင့်သိန်း စိတ်အနှောင့်အယှက်ဖြစ်မှာ မလိုလားဘူး"

"ဟဲ့ မိန်းမချင်းပဲ သိတယ်။ မြင့်မြင့်သိန်းမှာ မိခင်စိတ်ရှိတယ်။ အဲဒီ မိခင်စိတ်ရှိ မရှိကို မိန်းမချင်းပဲ နားလည်တယ်"

"တစ်ခုတော့ ပြောချင်တယ် အမေ။ ကျွန်တော်နဲ့ မြင့်မြင့်သိန်းက . . သမီးရည်းစား မဟုတ်ဘူးနော် အမေ။ တာတီး နောက်သွားတာ ဖြစ်မယ်"

"တာတီး နောက်တယ်ပဲထား။ သူလည်း နင့် သူငယ်ချင်းပဲ။ နင်ဘယ်သူနဲ့ လိုက်ဖက်မယ်ဆိုတာ သူလည်းသိမှာပေါ့။

အိမ်ထောင်တစ်ခု ထူထောင်တယ်ဆိုတာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် , မိသားစု ဆိုတဲ့ ရေအိုးလေးတစ်လုံးကို အတူတူ သယ်ဆောင်ကြရတာ။ တစ်ယောက်ယောက် ခြေ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမှားတာနဲ့ အဲဒီအိုးက ကျကွဲမှာပဲ။ မြင့်မြင့်သိန်းက,ရေအိုးခွဲမယ့်မိန်းမသားမျိုး မဟုတ်ဘူး။

ဒီမယ် . . မင်းညိမ်း။ အသက်နှစ်ဆယ့်နှစ်နှစ်တုန်းက နင်လုပ်ချင်တာ လုပ်ပြီးပြီ။ အခု . . အမေ လုပ်ချင်တာကို နင် မငြင်းနဲ့တော့"

ကျွန်တော့်မှာ ငြင်းပယ်အားလည်း မရှိ။ အမှန်တကယ်ဝန်ခံရလျှင် ငြင်းပယ်လိုစိတ်လည်း မရှိ။

"အမေ့။ မြင့်မြင့်သိန်း လက်မခံရင် ဘယ်လိုလုပ်မလဲ"

အမေက နှုတ်ခမ်းမဲ့လျက် . . .

"ဒါ တားတဲ့လေသံမဟုတ်ဘူး"

အမေ့စကားကြောင့် ကျွန်တော် တဟားဟားရယ်မိ၏။

"သူ့မိဘတွေ သဘောမတူရင်လည်း . . ကျွန်တော် အမေ့ကိုအားနာရလိမ့်မယ်နော်အမေ"

"ငါ ပြောပြီးပဲ အောက်ကျခံပါ့မယ်လို့"

"အမေ အသက်ကြီးပြီ။ ကျွန်တော် အမေ့ကို ဘာဒုက္ခမှ မပေးချင်တော့ဘူး။ ပေးခဲ့သမျှ





ဒုက္ခတိုင်းအတွက်လည်း ကျွန်တော် တောင်းပန်ပါတယ် အမေရယ်"

"အေး . . ဒါနောက်ဆုံးဒုက္ခလို့ သဘောထားလိုက်ပေါ့" ဟု အမေ ပြော၏။ ခဏနေလျှင် တာတီးထံသို့ ကျွန်တော် ဖုန်းဆက်ရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



## (၂၁)

ယောက်ျားက နိုင်ငံခြားမှာဆိုတော့ အဆင်ပြေနေမှာပေါ့။ တစ်လ ဘယ်လောက်ပို့လဲ။ ထောနေတယ် မဟုတ်လား။ အဲဒါတောင် မအေကို ကုန်စိမ်းရောင်းခိုင်းနေသေးတယ်။ ဖအေက သောက်တတ်တယ်ဆိုတော့ အဖြူဘယ်သောက်တော့မလဲ။ကာလာသောက်ပြီပေါ့။ ဟုတ်တယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဝေဖန်တာလိုလို စပ်စုတာလိုလို ..
စကားသံမျိုးတွေကို ငါနေ့တိုင်း ရင်ဆိုင်နေရတယ်
မင်းညီမ်း။ အဲဒါကို နင်ရော၊ နင့်အမေရော မသိကြ
ဘူး။ မသိချင်ယောင်ဆောင်နေတာလည်းဖြစ်မှာပေါ့
ပြောကြတဲ့အတိုင်း ကြွယ်ဝချမ်းသာ, လောက်ငနေ
တယ် ဆိုရင်တော့ ငါ ခံသာပါသေးတယ်။ အခုတော့
ကြွယ်ဝဖို့နေနေသာသာ သုံးရစွဲရလောက်တောင်
မလောက်ဘူး။ ငါ ကလေးငယ်နေလို့ နင့်ပေးတ
ကမ်းစာကို မျှော်နေရတာ။ ဒီကြားထဲ နင့်အမေက
လက်ဝါးကြီး အုပ်ချင်သေးတယ်။ ငါ့မိသားစု အခက်
အခဲကို ငါကလွဲပြီး ဘယ်သူက သိနိုင်မှာလဲ။ နင့်
အမေနဲ့ ငါနဲ့ စကားများတယ်။ ငွေရေး ကြေးရေး
ကြောင့်ရော၊ လူမှုရေးကြောင့်ရော ပါတာပေါ့။ ငါ
ဖဲရိုက်တယ်။ စိတ်ညစ်လို့ ဖဲရိုက်တာ။ ငွေရှာဖို့ ဖဲ
ရိုက်တာ မဟုတ်ဘူး။ ဖဲရိုက်တာ မှန်ပါတယ်လို့ ငါ
မဆိုလိုဘူးနော်။ ဖဲဝိုင်းဆိုကတည်းက လူပေါင်းစုံ
ပါလာပြီပဲ။ အဲဒီလူပေါင်းစုံတွေထဲက တစ်ယောက်





ယောက်နဲ့ နင့်အမေ ငါ့ကို သမုတ်ချင်တယ် ထင်ပါ
ရဲ့။

မင်းညီမ်း .. နင်ကယောကျ်ားဆိုတော့ သိမှာ
မဟုတ်ဘူး။ နင် ပို့တဲ့ပိုက်ဆံက ငါ သုံးဖို့မပြောနဲ့။
ကလေးနို့မှုန့်ဖိုးတောင် မလောက်ဘူး။ ငါ နို့မထွက်
ဘူး မင်းညီမ်း။ နို့မထွက်လို့ ကလေးကို နို့မတိုက်
တာတောင် လှချင်လို့နို့မတိုက်တာ ဆိုတဲ့ ဝေဖန်
စကားသံကြားရသေးတယ်။ အဲဒီလို ဝေဖန်တဲ့အထဲ
မှာ နင့်အမေလည်း ပါတယ်။ ရှည်ရှည်ဝေးဝေးရှင်း
ပြမနေတော့ဘူး မင်းညီမ်း။ ငါ့မိဘအိမ်မှာ ကလေးကို
ထားခဲ့တယ်။ နင်ပြန်လာလည်း နင်နဲ့ငါနဲ့ ကွဲမှာပဲ။
သူများပြောမှ ကွဲမယ့်အတူတူ၊ ငါက အရင် စကွဲသွား
တယ်လို့ နင် သဘောထားလိုက်ပါ။ ငါ .. နောက်
ယောကျ်ားနောက်လိုက်သွားပြီ။ ဘယ်သူဘယ်ဝါနဲ့
လဲလို့ စုံစမ်းမနေနဲ့။ ဖဲသမားထဲက တစ်ယောက်
ယောက်ပဲပေါ့။ မင်းညီမ်းထက်တော့ သာလိမ့်မယ်
လို့ နင့်အမေကို ပြောလိုက်။ ငါ့ကိုလည်း လိုက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့။ ငါမြန်မာနိုင်ငံမှာ မရှိဘူး။ ငါ နိုင်ငံခြား ထွက်သွားပြီပေါ့ဟာ။ ဘယ်နိုင်ငံလဲ လို့မမေးနဲ့ .. ချမ်းသာမယ့်နိုင်ငံတစ်ခုခုပေါ့။ ငါ အိမ်ထောင်ရေး ဖောက်ပြန်သွားတယ်ပေါ့ဟာ ..။ မထူးတော့ဘူး လေ။ ချမ်းသာအောင်လုပ်မယ့် လူတစ်ယောက်ဆီ မှာ တစ်ပါးသူကိုချစ်တဲ့စိတ်လေး နည်းနည်းကိန်း အောင်းလိုက်တာနဲ့ ခရီးဖင့်တော့တာပဲ။ အဲဒီ ခရီး ဖင့်မယ် ကိစ္စတွေအားလုံးကို ငါထားခဲ့တယ်။ လေ နဲ့သင်္ဘောဆို ငါ သင်္ဘောပဲစီးချင်တယ်။ လှည်းနဲ့ ကားဆိုရင် ငါ ကားပဲစီးချင်တယ်။ ရိုးရိုးလေယာဉ် နဲ့ အာကာသယာဉ်ဆိုရင် ငါ အာကာသယာဉ်ပဲ စီး ချင်တယ်။ လိပ်နဲ့ယုန်ဆို ငါ ယုန်ပဲဖြစ်ချင်တယ်။ နင်နဲ့ပတ်သတ်နေရင် မြန်မြန်ချမ်းသာမှာမဟုတ်ဘူး။ အဲဒီတော့ မြန်မြန်ချမ်းသာမယ့်သူနဲ့ မြန်မြန်ချမ်းသာ မယ့်နေရာကို သွားတယ်လို့ နင် သဘောထားလိုက်။ မိသားစုစိတ်မရှိဘူးပဲ ပြောပြော၊ မိခင်စိတ်မရှိဘူးပဲ ပြောပြော၊ အတ္တကြီးတယ်ပဲ ပြောပြော၊ ငါကတော့





ငါ့အတ္တကို အရောင်တင်လိုက်ပြီ။

နင်နဲ့ ဘယ်လိုမှ မပတ်သက်တော့တဲ့,
- မိုးကျမယ်

အမေက သူလုပ်ချင်ရာကို လောကြီးစွာ လုပ်ဆောင် လိုက်လေပြီ။ ကျွန်တော့်မှာ မြင့်မြင့်သိန်းကို အားနာနေရ၏။

"နင် ဒီစာကို ဘာဖြစ်လို့ ငါ့ကို ပေးဖတ်ရ တာလဲ မင်းညိမ်း"

စာရွက်ခေါက်ကို ပြန်ပေးရင်း မြင့်မြင့်သိန်းက မေး၏။ ကျွန်တော်က .. လှမ်းယူပြီး ....

"အမေ ဆောင်ရွက်တဲ့ကိစ္စနဲ့ပတ်သတ်ပြီး နင့်စိတ်ငယ်နေမှာ စိုးလို့၊ နင် စိတ်သန့်အောင် ပြတာပါ။ ငါ ဘယ်သူ့ကိုမှ မပြဖူးဘူး။ အမေ့ကို ရော၊ ညီမနှစ်ယောက်ကိုရော၊ တာတီးကိုရော၊ ငါ မပြဖူးဘူး။ နင့်တစ်ယောက်တည်းကိုပဲ ငါပေး ဖတ်ဖြစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ သိမ်းထားတာလဲ" ဟု၊ မြင့်မြင့်သိန်း မေး၏။

"အဲဒါတော့ ငါမပြောတတ်ဘူး။ တွေ့တွေ့ချင်း၊ သိမ်းထားသင့်တယ်ထင်လို့ ငါ သိမ်းထားတာ။ အခု နင့်ကိုလည်း ပြသင့်တယ် ထင်လို့ ငါပြတာ"

"ကွာရှင်းစာချုပ်မရှိလို့ ကွာရှင်းစာချုပ်လို့ သဘောထားပြီး ပြတာလား"

"ဆိုပါတော့" ဟု၊ ကျွန်တော် ပြီးစလွယ် ဖြေလိုက်သည်။ မြင့်မြင့်သိန်းက . . .

"ဒီစာကို ဖတ်ပြီး နင် ဘယ်လိုခံစားရလဲ မင်းညိမ်း"

"ဒါမေးနေဖို့ လိုသေးလို့လား မြင့်မြင့်သိန်း။ ငါ့ နေရာမှာ ဘယ်သူပဲဖြစ်ဖြစ် ဒေါသစိတ်ကလွဲပြီး တခြား ဘာစိတ်ဖြစ်ဦးမှာလဲ"

"နင်စာကို သေချာမဖတ်ဘူးလား"

သူ့ဆိုလိုရင်းကို မခန့်မှန်းတတ်သဖြင့် သူ့မျက်နှာကိုသာ ကျွန်တော် ငေးကြည့်နေဖြစ်သည်။ မြင့်မြင့်သိန်းက၊ ကျွန်တော့်ကို သေချာကြည့်လျက် . . . ,





"ငါက ကျောက်တုံးကျောက်ခဲအကြောင်းတွေ သင်နေရတဲ့သူဆိုတော့ . . အဲဒီ ကျောက်တုံးကျောက်ခဲနဲ့ နီးစပ်တာကိုပဲ ဥပမာပေးပြီး ပြောမယ်။ နင် သေချာနားထောင်။

ကျောက်တောင်ချောက်ကမ်းပါး အကြီးစားကြီးကို ၊ ဒီအတိုင်း ရပ်ကြည့်နေလို့ကတော့ . . ကျောက်တောင်ကျောက်ကမ္ဘားကြီးပဲတွေ့မယ်။ ကျောက်ကမ်းပါးရဲ့ ဟိုးအကြိုအကြားမှာ ပတ္တမြား တစ်လုံးကျပျောက်နေရင် . . ဘယ်သူမှ မြင်မှာ မဟုတ်ဘူး။

ဒီစာထဲမှာလည်း ချောက်ကမ်းပါးထဲက . . ပတ္တမြားတစ်လုံးကို ငါတွေ့တယ် မင်းညိမ်း။ ငါတွေ့သလို နင်မတွေ့တာလား။ တွေ့ရဲ့သားနဲ့ . . မတွေ့ချင်ယောင်ဆောင်ထားတာလားတော့၊ ငါ မသိဘူး။ ဒီစာကို ဖတ်ရင်း မိုးကျမယ်က သနားစရာကောင်းတဲ့ မိန်းကလေးလို့ နင်မထင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာကို သနားရမှာလဲ"

"မိန်းမသား တစ်ယောက်ရဲ့ အခက်အခဲ အကျပ်အတည်းတွေလေ။ လင်ယောကျ်ားအနား မှာ မရှိတဲ့ မိန်းမသားတစ်ယောက်ရဲ့ မွန်းကျပ်မှု . . အဲဒါတွေက သနားစရာ ကိစ္စတွေပေါ့။ ငါ့ အထင်တော့ နင့်အမေနဲ့ ပြဿနာတက်ပြီး အနွဲ့ တိုက်သွားတာဖြစ်မယ်"

ကျွန်တော်က စာရွက်ခေါက်ကို ဆုတ်ဖြဲလုံးချေလွှင့်ပစ် လိုက်ပြီးနောက် -

"ငါ နိုင်ငံခြားသွားတာ မိုးကျမယ်တဂျိဂျိ လုပ်လို့သွားတာ။ သူ့ကို ငါပစ်သွားတာ မဟုတ်ဘူး။ ငါ မသွားရင် သူသွားမယ်ဆိုလို့ သွားတာ။

အခု ငါ့မှာ . . . အထည်ချုပ်စက်ရုံအသေး စားလေးနှစ်ခု ပိုင်ဆိုင်နေပြီ။ ဒါ အမေ့ရဲ့လက် ငုတ်လက်ရင်း အိမ်တွင်းအလုပ်ကို တဖြည်းဖြည်း ချင်း လုပ်ပြီး၊ ခေတ်မီမီတွေးလို့ တိုးတက်သွား တာ။ ဘယ်နိုင်ငံခြားမှာမှ သွားရှာထားတာမဟုတ်





ဘူး။ စက်ရုံကိစ္စနဲ့နိုင်ငံခြားသွားစရာ ရှိရင်တောင် ငါ့ညီမတွေကိုပဲ ငါ လွှတ်တယ်။ နိုင်ငံခြားသွားမှ စီးပွားဖြစ်မယ်ဆိုတဲ့ ဝေါဟာရကြီးကို ငါ တော် တော် စိတ်နာနေတယ် မြင့်မြင့်သိန်း။

သူ့ကိုလည်း ငါ အတန်တန် ဆွေးနွေးတယ်။ ဒီအိမ်တွင်းအလုပ်လေးကိုပဲ တနိုင်တပိုင် စိတ် ရှည်လက်ရှည် လုပ်ရင်းကြိုးစားဖို့ ငါ တိုင်ပင်ခဲ့ သေးတယ်။ ဒါပေမဲ့ သူစိတ်မရှည်ဘူး။ ချမ်းသာ ကြွယ်ဝဖို့ထက် ရင်ဆိုင်ကြုံတွေ့နေရတဲ့ လက်ရှိ အခြေအနေထဲမှာ အေးချမ်းအောင် သူ မနေတတ် ဘူး။ ငယ်ထိပ်လေး လုံးရုံ လက်ခုပ်မိုးပေးနိုင်တဲ့ အခြေအနေထက်၊ ထီးဖြူဆောင်း ရာဇမတ်ကာ အခြေအနေကို သူ ပိုမက်မောတယ်။ အဲဒီ မက် မောမှုက, ဘာကိုမှ မမြင်နိုင်လောက်အောင် . . မှောင်မိုက်သွားတာလေ။ ငါက ဘာကို သနားရ မှာလဲ။ ယောကျ်ားကို စိတ်နာလို့ လုပ်ချင်ရာလုပ် သွားတယ်ပဲထား၊ သားသမီးကို ပစ်သွားရတဲ့အထိ



www.burmeseclassic.com

www.burmeseclassic.com



တော့ မမိုက်ရိုင်းသင့်ဘူး"

မြင့်မြင့်သိန်း သက်ပြင်းချလေ၏။ တုံ့ပြန်စကားသံမကြားရသဖြင့်, ကျွန်တော် ပြောလက်စ စကားကိုဆက်၏။

"အခုဆိုရင် ငါ့သားလေးကို ကောင်းပေ့ညွှန်ပေ့ဆိုတဲ့ လူကုံထံတွေတက်လေ့တက်ထရှိတဲ့ ကျောင်းတိုင်းမှာ ငါထားနိုင်တယ်။ ဒါပေမဲ့ .. ငါ မထားဘူး မြင့်မြင့်သိန်း။ ငါတို့ နင်တို့ တက်ခဲ့ကြရတဲ့၊ ဆင်းရဲသားရပ်ကွက်ငယ်လေးက .. သာမန်ကျောင်းတစ်ကျောင်းမှာပဲ ငါ ထားတယ်။

မိဘအရှိန်အဝါနဲ့ ပကာသနတွေ ရင်းပြီးတက်ရတဲ့ ကျောင်းမျိုးမှာ၊ သင်ကြားရမှ ပညာတတ်ကြီးဖြစ်လိမ့်မယ် ထင်တဲ့ အတွေးခေါ်မျိုး, ငါ့ သားဆီမှာ မရှိစေရဘူး။ နင်လည်း ကျောင်းဆရာမပဲ။ လူကုံထံ သားသမီးတွေတက်တဲ့ကျောင်းက ကျောင်းသားကျောင်းသူတွေကို ပညာတွေ ပုံပေးပြီး၊ သာမန်ကျောင်းက ကျောင်းသားကျောင်းသူတွေကိုတော့ ပြီးစလွယ်ပဲ သင်လိုက်မယ်ဆိုတဲ့





စိတ် ဆရာဆရာမတွေဆီမှာ ရှိလို့လား"

မြင့်မြင့်သိန်း ခေါင်းခါ၏။

"ငါ့သားကို ဆင်းရဲသား စိတ်, ဆင်းရဲသားမာန, ဆင်းရဲသား သတ္တိ, ဆင်းရဲသားတွေရဲ့ ဇွဲလုံ့လမျိုးကို ငါပေးထားတာ။

ဘယ်သွားသွား၊ ဘာလုပ်လုပ် ချမ်းသာမှ အဆင်ပြေမှာပါ ဆိုတဲ့ စိတ်ပျော့စိတ်ညံ့မျိုး ငါ့သားဆီမှာ တစ်စက်ကလေးမှ ရှိမနေစေရဘူး။

အမေကလည်း သူ့ရဲ့ဆင်းရဲသား လက်ခုပ်လေးနဲ့ပဲ သူ့မိသားစုကို လုံလုံခြုံခြုံ အုပ်မိုးနိုင်ခဲ့သလို၊ ငါကလည်း ငါ့ရဲ့ဆင်းရဲသားလက်ခုပ်နဲ့ ငါ့ဘဝကို တိုးတက်လုံခြုံအောင် အုပ်မိုးခဲ့တယ်။ ငါ့သားလည်း သူ့လက်ခုပ်လေးနဲ့သူ, သူ့ဘဝကို လုံခြုံအောင် အုပ်မိုးနိုင်ရမယ်။ အဲဒီလို အုပ်မိုးနိုင်တဲ့အရည်အချင်းမျိုး နင့်ဆီမှာရှိရင် ငါ့သားလေးကို နည်းနည်းမျှလိုက်ပါ"

မြင့်မြင့်သိန်း ပြုံးလေ၏။ ပြုံးလျက် - -



www.burmeseclassic.com

www.burmeseclassic.com



"သားကို အကြောင်းပြုပြီး တခြားတောင်းဆုတွေ ပါနေသလိုပဲနော်"

ကျွန်တော်က . . . ,

"တောင်းဆုဆိုတာ လိုအပ်လို့ပေါ့ဟာ။ နင့်နေရာမှာ တခြားလူကုံထံမိန်းမတစ်ယောက်ဆိုရင် အမေ့ရဲ့ အစီအမံကို၊ ငါ အသေအလဲငြင်းမိမှာပဲ။ ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးဆိုတဲ့ စိတ်ဓာတ်မျိုး ပေးနိုင်ဖို့ တခြားတစ်ယောက်ယောက်ဆိုမှာ ငါ လက်ဖြန့်ပြီး မတောင်းချင်ဘူး။ အဲဒါကြောင့် နင့်ဆီမှာ ငါ တောင်းရတာပါ"

မြင့်မြင့်သိန်းက ခပ်လှမ်းလှမ်းရှိ စက္ကူစများကို ငေးမောရင်း . . .

"နင်ရော ငါ့ကို ချစ်လို့လား . . တို့၊ သားလေးကရော ငါ့ကို ချစ်ပါ့မလား . . တို့၊ ငါ မမေးချင်ပါဘူး။

မိုးကျမယ်က ငါ့သူငယ်ချင်း။ ငါ . . သူ့ကို ဘယ်လို မျက်နှာချင်းဆိုင်ရမလဲ မင်းညိမ်း"





– ကျွန်တော် မဖြေနိုင်။

"ငါ့မိဘတွေကို နင့်အမေက၊ အကျိုးသင့်အကြောင်းသင့် ပြောဆိုဆွေးနွေးပြီး၊ တောင်းရမ်းကြောင်းလမ်းတာ။ ဘာ . . မှ လိုလေသေးမရှိဘူး။ အဖေနဲ့အမေကလည်း သဘောတူလက်ခံပုံရပါတယ်။ ဒါပေမဲ့ . . . သူတို့က ဝိနည်းလွတ် စကားပြန်လိုက်ကြတယ်လေ။ ကိစ္စတွေ အကုန်လုံး ငါ့ခေါင်းပေါ်ကို ပုံလိုက်တယ်။ သမီး မြင့်မြင့်သိန်း သဘောပါပဲ . . တဲ့။ နင့်အမေကို ငါဘယ်လို ငြင်းရမလဲ မင်းညိမ်း။ နင်က ငါ့သူငယ်ချင်း။ နင့် . . အမေရဲ့ တောင်းဆိုမှုကို ငြင်းပယ်တာ၊ ငါ နင့်ကို ငြင်းပယ်တာနဲ့ အတူတူပဲပေါ့"

"နင်က ငြင်းချင်လို့လား" ဟု၊ စိုးရိမ်တကြီး ကျွန်တော် မေးသည်။ မြင့်မြင့်သိန်းက . . .

"ငြင်းပယ်ရခက်သလို၊ ခေါင်းညိတ်ဖို့ ခက်နေတယ်။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဟ။ ငြင်းရခက်လို့ လက်ခံလိုက်တယ်ထား။ မိုးကျမယ်နဲ့ငါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန်မှာ မျက်နှာချင်းဆိုင်ရရင်၊ ငါ ဘယ်လို မျက်နှာထားရမလဲ။ မျက်နှာမပူတတ်လို့ ဘယ်လိုပဲ မျက်နှာထားထား၊ ရင်ကော့ခေါင်းမော့ဖို့တော့ မလွယ်ဘူးနော်။ ပွဲလန့်တုန်း ဖျာခင်းဆိုတဲ့ စကားကို ဘယ်သူ့နှုတ်ကမှ မပြောရင်တောင်၊ မျက်လုံးတွေထဲက ပြောဆိုသံတွေ ငါ့နားထဲမှာ အပြည့်အလျှံ ဆူညံနေမှာပဲ"

"လင်ခန်းမယားခန်းပြတ်ခဲ့တာ တစ်လ၊ တစ်နှစ်မှ မဟုတ်တော့တာပဲ မြင့်မြင့်သိန်းရယ်။ နင် ဘာတွေကို ထည့်စဉ်းစားနေတာလဲ။

ဖောက်ပြန်ပြတ်စဲသွားတာ သားလေးတစ်သက်ပဲလေ။ နေရာဒေသ အခြေအနေကြောင့်၊ ကွာရှင်းစာချုပ် ထုတ်မပြနိုင်ပေမဲ့၊ သေစာရင်းတောင် သွင်းလို့ရတဲ့ အခြေအနေလေဟာ . . ."

မြင့်မြင့်သိန်းက ကျွန်တော့်စကားမဆုံးခင် လက်ကာပြီး၊

"ငါ နင့်ဆီက ကွာရှင်းစာချုပ်တောင်းနေတာ မဟုတ်ဘူး မင်းညီမ်းရဲ့။ ငါရင်ဆိုင်ရမယ့်





လူမှုရေးအခြေအနေကို ဘယ်လို ရင်ဆိုင်ရမလဲလို့ နင့်ကို ကူပြီးစဉ်းစားခိုင်းနေတာ"

"ရင်ဆိုင်စရာ ကြီးကြီးမားမား ဘာရှိလို့လဲ မြင့်မြင့်သိန်းရယ်။ နင့်မိဘ ငါ့မိဘ၊ နင့်အသိုင်းအဝိုင်း၊ ငါ့အသိုင်းအဝိုင်း။ ဘာပြဿနာမှမရှိဘူးလို့ ငါထင်တယ်"

မြင့်မြင့်သိန်းက အမေးပုစ္ဆာတစ်စုံတစ်ရာကို မဖြေဆိုနိုင်သော ကျောင်းသားတစ်ဦးအား ကြည့်သကဲ့သို့ ကြည့်ရင်း ရယ်မောလျက် -

"အသိုင်းအဝိုင်းနှစ်ခုရဲ့ နံဘေးမှာဝန်းကျင်ကိုယ်စီရှိကြတယ်လေဟာ။ ငါ ကျောင်းဆရာမ ဆိုတာကို နင် မေ့နေတာလား။ ဘယ်သူမှ ငါ့ကို ဒုတိယမိခင်လို့ ခေါ်မှာမဟုတ်ဘူးနော်။ မိထွေး . . လို့ သုံးနှုန်းကြမှာ။ ဒုတိယအိမ်ထောင်လို့ မသုံးနှုန်းကြဘူးနော်။ နောက်မိန်းမလို့ သုံးနှုန်းကြမှာ။ ဗဟုသုတနည်းတဲ့သူတွေ၊ ဥပဒေစကားရပ် မသိတဲ့သူတွေဆိုရင် မယားငယ်လို့တောင် ခေါ်ချင်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာနော်။ အဲဒီစကားအသုံးအနှုန်းကို ငါ့စာသင်ခန်း ထဲက ကျောင်းသားကျောင်းသူတွေ ကြားသွားရင် ငါ့သင်ကြားမှုကို ပထမတန်းစားအဆင့်မှာ ထား နိုင်ကြပါ့မလား တွေးပြီး၊ အဖြေခက်နေတယ် . . မင်းညီမ်းရယ် . . . "

"ဒါကတော့ဟာ . . , လူဆိုတာ ကိုယ်တိုင် သာ မဆောင်ရွက်နိုင်ရင်ရှိရမယ်။ သူတစ်ပါး ဆောင်ရွက်ပြီ၊ လုပ်ကိုင်ပြီ ဆိုရင်၊ မှားသွားတာ ပဲ ဖြစ်ဖြစ်၊ လွဲချော်သွားတာပဲဖြစ်ဖြစ်။ ရယ်မော ဖို့၊ လှောင်ပြောင်ဖို့၊ ကဲ့ရဲ့ဖို့ ဝန်မလေးတတ်ကြဘူး။

ကိုယ့်အလုပ်ကို လုပ်ပြီး၊ ကိုယ့်ကိစ္စကိုယ် ရင်ဆိုင်တာပဲ၊ ကျန်တာတွေ ထည့်မတွက်စေချင် ဘူးဟာ"

မြင့်မြင့်သိန်းက ကျွန်တော့်ကို ကြည့်လျက် ပြုံးပြီး . . .

"တခြားသူတွေကို ထည့်မတွက်ဘူးဘဲထား၊ သူတစ်ပါး ကဲ့ရဲ့တာ မကဲ့ရဲ့တာ ဘေးဖယ်ထား၊ ငါ့ကိုယ်ငါ မကဲ့ရဲ့မိအောင်တော့၊ ငါ သေသေချာချာ





သုံးသပ်ရမယ်"

သူ့ ထိုစကားကို၊ ကျွန်တော့်မှာ ကန့်ကွက်စရာ ဘာမျှမရှိ။ ကိုယ့်ကိစ္စနှင့်ကိုယ်၊ ကိုယ့်ပြဿနာနှင့်ကိုယ် ကိုယ့်ဘာသာ အတွင်းကျကျ၊ ရင်ဆိုင်ဆောင်ရွက်၍ ရနိုင်ပါလျက်, ထိုကိစ္စတို့ အပေါ် သက်ရောက်ထိခတ်လေ့ရှိသော လောကဝေါဟာရတို့၏ အတိမ်းစောင်းမခံသည့် သဘော။ အတိမ်အနက် သိမ်မွေ့ရှုပ်ထွေး သော သဘောတို့ကို ကျွန်တော် ထဲထဲဝင်ဝင်မတွေးခေါ်မိ။ တွေး ခေါ်စဉ်းစားရမည်သိသောအခါ လူ့ဝန်းကျင်ကို ကြည့်ငေးရန် အတွက် အပိုမျက်လုံးတစ်စုံ၊ ထပ်ဆောင်းအသည်းနှလုံးတစ်ခု၊ ရှိဖို့လိုအပ်နေပြီဟု၊ ခံစားတွေးခက် သွေးပျက်ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



(၂၂)

"မင်းကိုယ်တိုင် ချစ်ပါတယ်၊ ကြိုက်ပါတယ်၊ တွယ်တာပါတယ်၊ ကြည်ဖြူပါတယ်၊ သဒ္ဓါပါတယ်၊ မြတ်နိုးပါတယ် ဆိုတဲ့စကားတွေ မပြောဘူးလား" တာတီး၏ အမေးစကားအဆုံးတွင် ကျွန်တော် ခေါင်းခါပြလိုက်သည်။

"မင်းက ချစ်လို့၊ ကြိုက်လို့ လက်ထပ်ခွင့်တောင်းတယ်ဆိုတာလည်း မြင့်မြင့်သိန်းက ထည့်စဉ်းစားချင်မှာပေါ့ကွ။ အခုတော့ မင်းတို့သားအမိက ကလေးအတွက်ပဲ မိခင်ရှာတဲ့ပုံစံဖြစ်နေတယ်။ မြင့်မြင့်သိန်းရဲ့ ချစ်တဲ့ကြိုက်တဲ့စိတ် ရှိမရှိလေးကို ထည့်ပြောသင့်တာပေါ့ကွ။ ငါနင့်ကို ချစ်တယ်၊ နင်လည်း ငါ့ကိုချစ်ပါဆိုတဲ့ စကားလောက်တော့ မင်းပြောသင့်တာပေါ့ မင်းညိမ်းရ"



www.burmeseclassic.com

www.burmeseclassic.com



"အသက်ပဲ သုံးဆယ်ပြည့်တော့မယ်ကွာ
ချစ်တယ်, ကြိုက်တယ်ဆိုတဲ့ စကားကြီးကို ငါက
ဘယ်လိုလုပ် ပြောထွက်မှာတုန်း"

"အိမ်ထောင်တစ်ခု ထူထောင်တယ်ဆိုတာ အချစ်တစ်ခုတည်းနဲ့ မပြည့်စုံသလို။ တခြားအရာတွေ ဘယ်လောက်ပဲ ပြည့်စုံ ပြည့်စုံ။ အချစ်မပါရင် မပြည့်စုံဘူး။

အိမ်တစ်အိမ်ထဲကိုတရားဝင်၊ ဝင်တော့မယ်ဆိုရင်၊ အိမ်တံခါးပေါက်က ဝင်ရတယ်။ တံခါးပိတ်ထားရင် တံခါးခေါက်ရသေးတယ်။ တံခါးခေါက်လိုက်လို့ တံခါးပွင့်သွားမှ ဝင်ခွင့်ရှိမရှိ သိရမှာ။

အိမ်ထောင်ရေးဆိုတဲ့ အဝင်းအဝိုင်းကြီးထဲကိုလည်း အချစ်ဆိုတဲ့ တံခါးလေးခေါက်ပြီးမှ ဝင်စမ်းပါကွာ။ တံခါးလည်း မခေါက်။ တံခါးလည်း မပွင့်သေးဘဲ တွေ့ကရာ ပြတင်းပေါက်က ခုန်ဝင်လို့ရှိရင် အိမ်ထဲတော့ ရောက်သွားမှာပဲ။ အဲဒီ





အနုကြမ်းစီးတာနဲ့ အတူတူပဲ"

"ငါ အနုကြမ်းမစီးပါဘူး" ဟု၊ ကျွန်တော် ပြန်ပြောမိသည်။ တာတီး ခေါင်းခါ၏။ ပြီး . . .

"ကလေးအတွက် မိခင်တစ်ယောက်လိုနေတယ်။ ကလေးအဖေအတွက် အိမ်ထောင်ထိန်းသိမ်းမယ့် ဇနီးတစ်ယောက်လိုနေတယ်။ ချမ်းချမ်းသာသာ ကြွယ်ကြွယ်ဝဝနေရမှာပါ။ လုံး . . . ဝ, မျက်နှာငယ်စရာ မလိုပါဘူး။ အရာရာ ပြည့်စုံစေရမယ် ဆိုတာမျိုးတွေနဲ့ . . . , နားဖောက်ကြောင်းလမ်းတာ ပြည့်စုံပြီလို့ မင်း မထင်နဲ့လေကွာ။ အဲဒီမက်လုံးလေးတွေ၊ အဲဒီလိုအပ်ချက်လေးကို နားထောင်ပြီး ဟုတ်ကဲ့ပါလို့ ခေါင်းညိတ်လိုက်တာနဲ့ အဲဒီ မိန်းကလေး ဘာဖြစ်သွားမလဲ၊ မင်း စဉ်းစား။ ချစ်လို့ ကြိုက်လို့ ခေါင်းညိတ်တာမျိုးဖြစ်အောင်လည်း မင်း ဆောင်ရွက်ပေးဦးပေါ့ကွ။ ကိုယ့်လိုအပ်ချက်တွေပဲ ပြောပြီး၊ သူတစ်ပါး ဘာလိုအပ်သလဲဆိုတာမျိုးတွေ ထည့်စဉ်းစားပေါ့ကွာ။ မလို



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးဆိုရင်တောင် လိုအပ်နေပါသလားခင်ဗျာ ဆိုတဲ့ ပုံသဏ္ဍာန်မျိုးတော့ ပြောရဆိုရဦးမှာပေါ့ ယောကျ်ားတစ်ယောက်အနေနဲ့ နင်ငါ့ကိုချစ်ပါ ဆိုတာထက် ငါနင့်ကို ချစ်တယ် ဆိုတာမျိုး ပိုပြီး ပြောသင့်တယ်"

"ကလေးကလားဆန်နေမှာစိုးလို့ ငါမပြော တာပါ"

တာတီးက . . .

"ချစ်စကားဆိုတာ ဘယ်တော့မှ ကလေး ကလားမဆန်ဘူးကွ။ မင်းလည်း ကြားဖူးမှာပေါ့ အချစ်ဟာ အစဉ်အမြဲ နုပျိုလန်းဆန်းနေတယ် ဆိုတာလေ။

အဘိုးကြီးကလည်း အဘွားကြီးကို ပြော သင့်တယ်။ ဦးလေးကြီးကလည်း အဒေါ်ကြီးကို ပြောသင့်တယ်။ ကောင်လေးကလည်း ကောင်မ လေးကို ပြောသင့်တယ်။

ဂုဏ်တွေ ငွေတွေမက်လို့၊ ကလေးတစ်





ယောက်အဖေကို ကောင်မလေးက ယူလိုက်တာ ဆိုတာထက်၊ ကောင်လေးက ကောင်မလေးကို အရမ်းချစ်လို့ ကောင်မလေးက လက်ထပ်လိုက် တာ ဆိုတဲ့စကား ဘယ်စကားက နားဝင်ချိုမလဲ၊ ဘယ်စကားက အစွန်းလွတ်မလဲ။

အဓိက,က . . မင်းကိုယ်တိုင် မြင့်မြင့်သိန်း ကို ချစ်ဖို့နဲ့၊ မြင့်မြင့်သိန်းက မင်းကိုချစ်ဖို့။ အဲဒီ နှစ်ခုပဲ စဉ်းစား"

"မြင့်မြင့်သိန်းက ငါ့ကို မချစ်ဘူးဆိုရင် . . ငါ ဘယ်လိုလုပ်ရမလဲ"

"သူက မချစ်ရင်လည်း၊ မင်းက ချစ်လိုက် ပေါ့ကွာ။ တစ်ခုတော့ ရှိတယ်။ ငါက ချစ်နိုင်း လို့ ချစ်တာမလိုချင်ဘူးနော်။ မင်းကရော မြင့်မြင့် သိန်းကို ချစ်ခင်စုံမက်ရဲ့လား"

ကျွန်တော် သက်ပြင်းချလိုက်မိသည်။ ပြီးမှ . . စဉ်းစား တွေးမောခြင်း များစွာဖြင့် . . .

"ငါ မိမိုးကို ချစ်သလိုလို ဖြစ်တယ်ကွ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ချစ်သလိုလို ဖြစ်တဲ့စိတ်နဲ့ ငါ အိမ်ထောင်ပြုခဲ့တာ။ အခု အဲဒီ ချစ်သလိုလို ဖြစ်တဲ့စိတ် ဘယ်ရောက်သွားမှန်းမသိတော့ဘူး။ ဘာကို ချစ်ရမှန်းလည်း မသိတော့ဘူး။

မြင့်မြင့်သိန်းက . . 'ချစ်စရာကောင်းတယ်။ လေးစား,ခင်မင်စရာကောင်းတယ်။ ဣန္ဒြေရှင်မိန်းကလေးပီသတယ်ဆိုတာ ငါ့စိတ်ထဲကသိတယ်။ ငါ့အမေ သူ့ကို ညွှန်ပြလိုက်တဲ့အချိန်မှာ ငါ့စိတ်ထဲက အလိုလိုလက်ခံပြီးသားဖြစ်နေတယ်။ ဒါပေမဲ့ အဲဒီ စိတ်က အချစ်စိတ် ဟုတ်မဟုတ် ငါ မသိဘူး"

ကျွန်တော့်စကားအဆုံးတွင် . . တာတီးက တဟားဟား ရယ်လေ၏။ အရယ်ရပ်ပြီးမှ . . .

"အဲဒါ အချစ်စိတ်ပေါ့ကွ"

ကျွန်တော် နားမရှင်း။

"ချစ်တဲ့စိတ်ဆိုတာ အမျိုးမျိုးအဖုံဖုံရှိတယ်။ ဆယ်ကျော်သက်လေးရဲ့ အချစ်စိတ်က, ရင်ထဲမှာ ဖျတ်ကနဲ, လှုပ်ကနဲ။ **နှစ်ဆယ်ဝန်းကျင်** လူငယ်





တွေရဲ့ အချစ်စိတ်က ဝုန်းကနဲ၊ ဒိုင်းကနဲ။ ငါတို့ မင်းတို့ အရွယ်တွေမှာကျတော့ ဖျတ်ကနဲ၊ လှုပ်ကနဲ တွေ မရှိနိုင်တော့ဘူး။ ရှိရင်တောင် ရံဖန်ရံခါပဲ ရှိလိမ့်မယ်။

လေးလေးစားစား တန်ဖိုးထားပြီး တည်တည်ငြိမ်ငြိမ်ဖြစ်လာတဲ့ အချစ်စိတ်က ဘာအသံမှ ထွက်မှာ မဟုတ်ဘူး။ ရင်သိပ်မခုန်ဘဲ၊ ကိန်းဝပ်နေတတ်တဲ့ အချစ်မျိုး၊ လွယ်လွယ်ပြောရရင် လေးစားစိတ်ကို အခြေခံတဲ့ **အချစ်မျိုး**ပေါ့ကွာ။

မြင့်မြင့်သိန်းကို ချစ်တယ်လို့ မင်းပြောလိုက်လို့ မြင့်မြင့်သိန်းရင်ထဲမှာ ဖျတ်ကနဲ လှုပ်ကနဲ ဖြစ်မှာ မဟုတ်ဘူးနော်။ မင်းက တည်တည်ငြိမ်ငြိမ်ပြောသလို၊ သူကလည်း တည်တည်ငြိမ်ငြိမ် ခံယူမှာပဲ။ ဒါပေမဲ့ အဲဒါ အချစ်ပဲ"

ကျွန်တော် တာတီး မျက်နှာကို သေသေချာချာကြည့်ပြီး . . , "တာတီး။ မင်းအဲဒါတွေ သိလှချည်လား။ ငါတောင် မသိဘူး။ မင်း ဘာကြောင့် အဲဒါတွေသိနေတာလဲ" ဟု၊ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တာတီးက . . .

"မင်းက ဒဏ်ရာရထားတဲ့သူလေ။ ငါက ဘာဒဏ်ရာမှ ရမထားဘူး။

. အဲဒီကိစ္စနဲ့ ဒဏ်ရာရထားတဲ့သူဟာ . . , အဲဒီကိစ္စနဲ့ ပတ်သတ်တဲ့အရာတိုင်းကို၊ အဲဒီဒဏ်ရာကြီးနဲ့ နှိုင်းနှိုင်းပြီး သိနေတော့, အဲဒီ ဒဏ်ရာ ပတ်လည်က ယေဘုယျသဘောတရားတွေကိုပဲ သိလိမ့်မယ်။ တခြားဘာမှ မသိနိုင်တော့ဘူး။

ဘာဒဏ်ရာမှ ရမထားတဲ့သူက၊ တခြားဘာကိုမဆို သိနိုင်တယ်။ အဲဒါကြောင့် မင်းထက်ငါ ပိုသိတာပေါ့ကွ"

"ဒါဆို မြင့်မြင့်သိန်းကို သေသေချာချာ ဆွေးနွေးဦးမှပဲ" ဟု၊ တာတီးကို တိုင်တည်၍ ကျွန်တော် ပြောလိုက်သည်။ ထိုသို့ ပြောလိုက်စဉ် လက်ဝဲဖက် ရင်ခွင်၏ နှလုံးသားတစ်ထောင့်တစ်နေရာ၌ လှပ်ကနဲ ဖြစ်သွားသည်။ တာတီး မသိ။ ကျွန်တော် သိသည်။





(၂၄)

"နင့်ကို ငါ ချစ်တယ် မြင့်မြင့်သိန်း"

မြင့်မြင့်သိန်းက မျက်ခုံးလေးတွန့်လျက် . . ကျွန်တော့်ကို ကြည့်သည်။ ဝင်းပပလှတစ်မျက်နှာဖြင့် လိုက်ဖက်လွန်းသော . . မျက်ခုံးမျက်လုံး။ တွန့်ကွေးလိုက်သည့်တိုင် မျက်ခုံး၏ အလှသည် အရာမယွင်း၊ အဆင်းမလျော့။

"လက်ထပ်ဖို့ စကားပဲ၊ နှစ်ဦးနှစ်ဖက် မိုးမွှန်အောင် ပြောပြီးနေကြပြီ။ နင်က အခုမှ ဘာစိတ်ကူးပေါက်ပြီး အဲဒီစကားကို ပြောတာလဲ"

"အခြေအနေတွေ အားလုံးပြောပြီးပေမဲ့, အဲဒီတစ်ခုကျန်နေသေးလို့ ငါပြောတာ။ ဒါတောင် တာတီးထောက်ပြလို့ ငါ သတိရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . နှင် အဲဒီစကားကို တာတီး ထောက်ပြမှ . . .။ ဟုတ်လား။ နှင့်စိတ်ထဲကရှိ တဲ့စကား မဟုတ်ဘူးပေါ့"

ပြန်ပြောရမည့် စကားကို၊ ကျွန်တော် အပြေးအလွှား စဉ်းစား ရလေသည်။ အကောင်းဆုံးစကားလုံးကို ချက်ချင်းစဉ်း စားနိုင်သဖြင့် တော်ပါသေး၏။

"ငါ့ စိတ်ထဲမှာ ရှိနေတာ ကြာပါပြီ မြင့်မြင့် သိန်းရယ်။ ဒါပေမဲ့ . . ရှိနေတာမသိဘူး။ တာတီး က တူးဖော်ပေးမှ၊ ငါ့စိတ်ငါ မြင်သွားတာ။

တာတီး ထောက်ပြတယ်ဆိုတာက၊ ရှိနေတဲ့ အရာကို မြင်သာထင်ရှားအောင် တူးဖော်ပြတဲ့ သဘောပေါ့"

"တော်တော် တတ်နေကြတယ်" ဟု၊ မြင့်မြင့်သိန်း ပြော၏။

"နှင်ရော ငါ့ကို ချစ်သလား မြင့်မြင့်သိန်း။ နှင် ချစ်ချစ်၊ မချစ်ချစ်ဟာ, နှင့်ကိုငါ ချစ်တယ်။ အဲဒါကြောင့် နှင် ငါ့ကို အမြန်ဆုံးလက်ထပ်ပါ။ နော် . . . မြင့်မြင့်သိန်း"





"ချစ်တယ်လို့ နှင်ပြောတာ၊ ငါ နားမရှက် ပေမဲ့၊ ချစ်ပါလို့ နှင် ပြောခိုင်းရင်တော့ ငါ ပါးစပ် ရှက်တယ်နော်။

နောက်ပြီး, နှင့်အမေနဲ့ ငါ့မိဘတွေ၊ ရွေးကြ ချယ်ကြ ရက်သတ်မှတ်ကြတွေ လုပ်နေကြပြီပဲ။ နှင်က ဘာဖြစ်လို့ နောက်ထပ်စကားတွေ ပြောနေ ရတာလဲ"

"ငါ စိုးရိမ်လို့ပါဟာ . .။ နှင်က အသိုင်း အဝိုင်းတွေ၊ ပတ်ဝန်းကျင်တွေ၊ နှင် ရင်ဆိုင်ရမဲ့ ကိစ္စတွေ ပြောထားတော့၊ အဲဒါတွေကို ထောက် ပြီး၊ ငါ့ကို ငြင်းလိုက်မှာ စိုးတာပါ"

"မငြင်းတော့ဘူး" ဟု၊ မြင့်မြင့်သိန်း ပြော၏။

"ဟာ . . . ကျေးဇူးတင်လိုက်တာ မြင့်မြင့် သိန်းရယ် . .။ ငါ အရမ်းကျေးဇူးတင်တယ်။

ငါလေ။ တာတီးကို ရင်ဖွင့်မိသေးတယ်ဟာ။ နှင်များ ငြင်းလိုက်မလားဆိုပြီး . . .။ နှင်ရော ဘယ်သူတွေနဲ့ တိုင်ပင်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း၊ ငါ့ကို ထောက်ပြမဲ့သူတွေနဲ့ တိုင်ပင်တာပေါ့ဟ"

သည်တစ်ခါ မျက်ခုံးတွန့်သွားရသူက ကျွန်တော်သာ ဖြစ်၏။

"ဘယ်သူတွေနဲ့ တိုင်ပင်တာလဲ"

"ငါ့တပည့်တွေနဲ့ တိုင်ပင်တာပေါ့"

"ဆရာမက တပည့်တွေနဲ့ တိုင်ပင်တယ်။ ဟုတ်လား။ ဒီကိစ္စမျိုးကို"

"သူတို့က ခေတ်လူငယ်တွေလေ။ ခေတ်အမြင် ခေတ်အတွေးကို ငါဘယ်သိနိုင်ပါ့မလဲ။ တပည့်ဆိုပေမဲ့ ဆရာသတိမထားမိတာကို ထောက်ပြနိုင်တာမျိုးလည်း ရှိတတ်[illegible]ာပဲ"

"သူတို့က ဘာထောက်ပြလို့လဲ"

သက်ပြင်းမျှင်းမျှင်းချလျက် အဝေးကို ငေးကာ . . .

"တီချယ်တဲ့။ လူတိုင်းလူတိုင်း လုပ်ရကိုင်ရ ရင်ဆိုင်ရတာတွေများသလို၊ တွေးရတောရတာတွေလည်း တော်တော်များကယ်တဲ့။ တစ်ခါတစ်ရံ





တချို့ကိစ္စတွေက လက်တွေ့လုပ်လိုက်ရတာထက် တွေးတောရတာ ပိုပင်ပန်းတယ်။ အထူးသဖြင့်၊ ချစ်ခြင်းမေတ္တာကိစ္စဟာ တွေးလေဝေးလေပဲ။ ဝေးမှာကြောက်ရင် မတွေးနဲ့ပေါ့တဲ့။ အဲဒါကြောင့် ငါ ဘာမှမတွေးတော့တာ"

"နင်မတွေးတော့တာ ဝေးမှာစိုးလို့ဆိုတော့၊ နင်က ငါနဲ့ ဝေးမှာစိုးလို့လား" ဟု၊ ရယ်မောပျော်ရွှင်စွာ ကျွန်တော် မေးလိုက်ချင်မိသည်။ အကြားရှက်နိုင်သကဲ့သို့ အဖြေအပြောခက်နေမည်ကို စိုးသဖြင့် ကျွန်တော် မမေးဖြစ်တော့ချေ။ ဝမ်းသာကြည်နူးဟန်ကို မျက်ဝန်းဖြင့်သာ ပြောဖြစ်၏။ နှလုံးသား၏ စကားအချို့သည် ရံခါ၌ အသံမပြည့်စကောင်း။



www.burmeseclassic.com

www.burmeseclassic.com



## (၂၄)

မိဘမဲ့ကလေးများရှိရာ ဘုန်းကြီးကျောင်းတွင် လည်းကောင်း၊ မျက်မမြင်ကျောင်းတစ်ကျောင်းတွင် လည်းကောင်း . . ကျွန်တော်နှင့် မြင့်မြင့်သိန်းတို့၏ မင်္ဂလာဦးအလှူဒါနပြုဖြစ်သည်။ ထည်ဝါခမ်းနားသော အဆောင်အယောင်များဖြင့် မင်္ဂလာပွဲကို ကျင်းပလိုခြင်းရှိမရှိ မြင့်မြင့်သိန်းကို ကျွန်တော် မေးဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့်သိန်းက . . . "မိန်းကလေးတစ်ယောက်အတွက် ထိမ်းမြားမင်္ဂလာဆိုတာ တစ်သက်မှာတစ်ခါပဲ ကြုံရတာတဲ့။ အဲဒါကြောင့် ကြီးကြီးကျယ်ကျယ် ကျင်းပလေ ပိုပြီးဂုဏ်ရှိလေတဲ့။ ငါ့အဖေရော၊ ငါ့အမေရော ပြောကြတယ်။ အဲဒီ ထုံးတမ်းစဉ်လာစကားကိုလည်း ငါ လက်ခံပါတယ်။ ဒါပေမဲ့ . . , ကာလအခြေအနေအရ၊ ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ရမှာကို ငါဝန်လေးနေတယ်။ ဆိုလိုတာကဟာ . . တချို့ဆင်းရဲတဲ့လူတွေ, ငါတို့လို ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ချင်မှာပဲလို့ တွေးပြီး၊ ကိုယ်ချင်းစာမိမှာ။ စိတ်မကောင်းဖြစ်မိမှာ။ ကိုယ်တစ်ယောက်တည်း အကြီးကျယ်ဆုံးဂုဏ်သရေရှိပြီး၊ ဘဝတူတွေအားလုံး ကိုယ်နဲ့တန်းတူမဖြစ်မှာကို မလိုလားဘူး။ ငါရော၊ နင်ရော ဆင်းရဲသားတွေလေဟာ။ ဟိုးတုန်းက အခြေအနေမျိုးနဲ့ဆိုရင် ဘယ်ပော်တယ်မှာ မင်္ဂလာဆောင်ချင်သလဲလို့ နင်ငါ့ကို မေးဖို့နေနေသာသာ မင်္ဂလာဆွမ်းတောင် ဖွယ်ဖွယ်ရာရာ ကျွေးဖြစ်မှာ မဟုတ်ဘူး။

အဲဒီတော့ ထိမ်းမြားမင်္ဂလာကို ကြီးကြီးကျယ်ကျယ်မလုပ်ဘဲ၊ ဒါနမင်္ဂလာကိုပဲ ပြည့်ပြည့်စုံစုံလေးလုပ်လိုက်ကြရအောင်" ဟု ရင့်ကျက်တည်ကြည်စွာ ပြော၏။ ကျွန်တော် သာခုခေါ်ဖြစ်သည်။





"နင်နဲ့ငါ စိတ်ကူးခြင်းတူပါတယ်" ဟု၊ ပြောပြဖြစ်သေး၏။ မင်္ဂလာဟူသည်ကား အလှူတစ်လှူတည်းတွင် လည်းကောင်း၊ တစ်နေရာတည်းတွင် လည်းကောင်း၊ ကွင်း၍ကွက်၍ တည်ဖွဲ့နေခြင်းထက် တစ်ပြန့်တစ်ပြော၊ တစ်တော, တစ်တောင်လုံး ဖုံးလွှမ်းတည်ဖွဲ့နေအပ်သော အရာဟု၊ နားလည်ထားချင်သည်။

"သမီး။ အမေတို့ အိမ်မှာနေတယ်ဆိုပေမဲ့ ကိုယ့်မိဘကိုလည်း ထောက်ပံ့နော်။ သမီးရယ်၊ သားရယ်၊ မြေးရယ် နေဖို့သီးသန့် အိမ်ဆောက်မပေးတာ တစ်မျိုးမထင်ရဘူးနော်။ အမေက . . အားလုံးနဲ့ မခွဲနိုင်လို့ပါ။ အဲဒါ အမေ့ တစ်ကိုယ်ကောင်းစိတ်ပေါ့။ အဲဒါကြောင့် . . သမီးအမေနဲ့ အမေကို ဟိုးအရင်ကထက် ပိုပြီး ဂရုစိုက်နော်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ပေါ်မှာ အလိုမကျတာရှိရင် ကိုယ့်အမေကို ပြောသလိုမျိုး ရင်းရင်းနှီးနှီးပြောနော်။ ဘာမှ အားမနာနဲ့"

မြင့်မြင့်သိန်း၏ ပခုံးကို တဖွဖွကိုင်ရင်း အမေ ပြော၏။ မြင့်မြင့်သိန်းက, ပြုံးလျက် . . ,

"ကျေးဇူးတင်ပါတယ် အမေ။ အမေ့အပေါ်မှာ ဘာမှ စိတ်တိုင်းမကျတာ မရှိပါဘူး။ အမေက သဘောကောင်းပါတယ်။ ပြီးတော့ သမီးအမေလိုပဲ သဘောထားပါတယ်။ လက်ထပ်ထိမ်းမြားတယ်ဆိုတာ၊ မိသားစုနှစ်စုတစ်စုတည်းဖြစ်သွားတာလေ အမေရဲ့"

"အမေက ဟိုးတုန်းက အနေအထိုင်ပဲအေးတာ သမီးရဲ့။ သဘောမကောင်းဘူး။ အခုတော့ အိုမင်းနေပြီလေ . . ။ ကလေးတွေရဲ့ စိတ်ကို, အနှောင့်အယှက်ပြုမိတဲ့ လူကြီးမျိုးမဖြစ်ချင်ဘူး။ အရင်တုန်းက ပြောမှားဆိုမှားတွေ အများကြီးရှိခဲ့တယ်။ ဟိုကလေးမလေးများ အခုနေတွေ့လို့က





တော့ . . . သူမှားတာ မမှားတာတော့ မသိဘူး ပေါ့နော်။ ကိုယ့်ပြောမှား ဆိုမှားတွေကို ပြန်ပြီးတောင် တောင်းပန်ချင်သေးတယ်။ အသက်ကြီးပြီလေ သမီးရယ် . . ။ ဘာအတွက်မှ မမောက်မာချင်တော့ဘူး"

မျက်ရည်လေးလည်လျက် အမေပြောရှာသည်။ ကျွန်တော့်စိတ်ထဲတွင် ဝမ်းနည်းသလိုလို ဖြစ်မိသည်။ ထို့ကြောင့် ကျွန်တော်က . . . ,

"အမေ ဘာမှ မမှားပါဘူး အမေရယ် . . ။ မှားတယ်ဆိုရင်တောင် အမေဘယ်သူ့ကိုမှတောင်းပန်စရာ မလိုပါဘူး။ အမေက ကျွန်တော်တို့ . . မောင်နှမ အားလုံးအတွက် တာဝန်အကျေဆုံး, မိခင်ပါ။ ကျေးဇူးအကြီးဆုံး အမေပါ"

အမေက မျက်လုံးအစုံကို ပုတ်ခတ်ပြီး . . .

"နင် မသိပါဘူး မင်းညိမ်းရယ်။ လူဆိုတာ အသက်ကြီးလာပြီဆိုရင် . . အပြောလေးတစ်ခွန်းတောင် မမှားချင်တော့ဘူး။ အဲဒါကြောင့် သမီး



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့်သိန်းကို၊ နွေးနွေးထွေးထွေး ပြောပြနေတာ" မြင့်မြင့်သိန်းက အမေ့လက်ကို ဆုတ်ကိုင်ရင်း . . .

"အမေ့စကားကို သမီးအမြဲတမ်းနားထောင်ပါ့မယ်။ သမီးကိုလည်း အမေဆုံးမပါနော်။ အမေ"

အမေ ကြည်လင်စွာ ခေါင်းညိတ်၏။ ကျွန်တော် မမြင်ဖူး၊ မတွေ့ဖူး၊ မကြုံဖူးခဲ့သော မိသားစုဟူသည့် ဝေါဟာရ၏ အခြေအနေမှန်ကို ကိုယ်ပိုင်သက်သေတဖြင့် မျက်ဝါးထင်ထင် မြင်တွေ့နေရသည့်အလား၊ နှလုံးသားမှ ခံစားမှတ်ပိုက်မိလေသည်။





(၂၅)

မိုးဝေညိမ်း ကျောင်းသွားရန်အတွက် ကျောင်းဝတ်စုံကို မြင့်မြင့်သိန်းက စီစဉ်ပေးနေသည်။ အပေါ်ထက်မှ ဘုရားဝတ်ပြုပြီးဆင်းလာသော အမေ့ကို ကျွန်တော် ဖေးတွဲစဉ် အိမ်ရှေ့သို့ ဝိမ်ခံကားနှစ်စီးထိုးရပ်သည်ကို လှမ်းမြင်ရ၏။ ရှေ့တွင်ရပ်သော ကားပေါ်မှ အမျိုးသမီးနှစ်ယောက်ဆင်းလာသည်။ နောက်တွင်ရပ်သော ကားတွင် ကားမောင်းသူမှအပ မည်သူမျှ လိုက်ပါလာခြင်းမရှိ။ ကျွန်တော် မမြင်မတွေ့ဖူးသော မျက်နှာစိမ်းများ။

"ကိုမင်းညိမ်းတို့ အိမ်လားရှင်"

အမျိုးသမီးနှစ်ယောက်အနက် ခေတ်ဆန်စွာဝတ်ဆင်ထားသော အမျိုးသမီးက မေးခြင်းဖြစ်သည်။ "ဟုတ်ပါတယ်" ဟု၊ ကျွန်တော် ဖြေလိုက်၏။ အိမ်တွင်းသို့ ဝင်ခွင့်ပေးပါရန်စကားဆိုသည်။ အမေ ထိုင်နေရာ အိမ်ရှေ့ခန်းရှိ ထိုင်ခုံများတွင် နေရာ



www.burmeseclassic.com

www.burmeseclassic.com



ပေး ညည့်ခံဖြစ်သည်။

ညည့်သည်အမျိုးသမီးနှစ်ယောက်အား နေရာထိုင်ခင်းပေး အပြီးတွင် မြင့်မြင့်သိန်းနှင့် သားဖြစ်သူ မိုးဝေးညိမ်းတို့ အိမ်ရှေ့ ခန်းသို့ရောက်လာ၏။ သင်းသင်းညိမ်းနှင့် လင်းလင်းညိမ်းတို့ ညီ အစ်မနှစ်ယောက် မီးဖိုဆောင်တွင် ရှိနေလိမ့်မည် ထင်၏။

"ကျွန်မနာမည် ဇာနည်မျိုးဆွေပါ"

ခေတ်ဆန်စွာ ဝတ်ဆင်ထားသော အမျိုးသမီးက သူ့ကိုယ် သူ မိတ်ဆက်၏။ ကျွန်တော် ခေါင်းညိတ်သည်။

"သူက ကျွန်မမိတ်ဆွေ ရွှေနေဒေါ်စန္ဒာ ထွေးပါ"

ကျွန်တော်က . . "ကျွန်တော် မင်းညိမ်းပါ။ ကျွန်တော်ဘာ များဆောင်ရွက်ပေးရမလဲ" ဟု မေးလိုက်၏။

ဇာနည်မျိုးဆွေက အမေ့ကိုလည်းကောင်း၊ မြင့်မြင့်သိန်း ကို လည်းကောင်း၊ သားလေး မိုးဝေးညိမ်းကို လည်းကောင်း၊ ဝေ့ ကနဲ ကြည့်ပြီးမှ . . .

"ဒါ မိသားစု အကုန်ပဲလားဟင်"

"ကျွန်တော့် ညီမနှစ်ယောက်ရှိသေးတယ်။ အိမ်နောက်





ဘက်မှာ" ဟု ပြောပြီးမှ . . .

"ဒါကျွန်တော့်အမေ၊ ဒါက ကျွန်တော့် ဇနီး၊ ဒါက ကျွန်တော့်သား"

တစ်ဦးချင်းဆီ မိတ်ဖွဲ့ပေးလိုက်သည်။ ပြီးသောအခါ . . ဇာနည်မျိုးဆွေက . . .

"ကျွန်မ မိုးကျမယ်ရဲ့သူငယ်ချင်းပါ။ သူ စီစဉ်ထားခိုင်းတဲ့ ကိစ္စလေးရှိလို့ ကျွန်မလာရတာ ပါ။ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရင် ကျွန်မကို . . ခွင့်လွှတ်ပါ"

မည်သူမျှ သိသိသာသာ၊ မျက်နှာမပျက်ကြ။ ကျွန်တော် လည်း မျက်နှာထား မပြောင်းမိအောင် သတိထားနေထိုင်လိုက် သည်။

"ရပါတယ်။ ကိစ္စမရှိပါဘူး။ လာရင်း ကိစ္စ ကိုသာ ပြောပါ"

ကျွန်တော့်စကားအဆုံးတွင်၊ ဇာနည်မျိုးဆွေက စာရွက် စာတမ်းများပါသော ဖိုင်တစ်ခုနှင့် သော့တွဲတစ်တွဲကို စားပွဲပေါ် တွင် တင်သည်။ ပြီးနောက် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီက ကလေးအတွက်၊ မိုးကျမယ်က ကား တစ်စီး ပေးခိုင်းထားပါတယ်။ အဲဒါ အုပ်ထိန်းသူ တွေက လက်ခံပေးဖို့ပါ"

ကျွန်တော် စိတ်ထိန်းထားရင်းမှ မဲ့ပြုံးပြုံးလိုက်မိလေသည်။

"စကားရိုင်းရင် ခွင့်လွှတ်ပါဗျာ။ ကျွန်တော် တို့ လက်မခံပါဘူး။ လက်ခံစရာမလိုအောင် . . ကျွန်တော်တို့ ပြည့်စုံနေပါတယ်။ အဲ . . မပြည့်စုံ မကြွယ်ဝဘူးဆိုရင်လည်း . . ကျွန်တော်လက်ခံဖို့ အစီအစဉ်မရှိပါဘူး"

ဇာနည်မျိုးဆွေက . . .

"ကျွန်မတို့ စကားအများကြီးပြောပြီး ဆွေး နွေးရလိမ့်မယ်ထင်တယ်။ တကယ်လို့ ကိုမင်းညိမ်း က ဒီကားကို လက်မခံဘူးဆိုရင် ကျွန်မတို့ . . မိုးကျမယ် မှာခဲ့တဲ့အတိုင်း လုပ်မပေးနိုင်တဲ့အပြင် တခြားဘာလုပ်ပေးရမှန်းလည်း မသိတော့ဘူး။ ကျွန်မ ဘဏ်စာရင်းထဲမှာလည်း . . ဒီကလေး အတွက် မိုးကျမယ်စု ပေးထားတဲ့ ငွေသိန်းတစ်ရာ





နှစ်ဆယ်ရှိနေတယ်။ ကိုမင်းညိမ်းမှ လွှဲမယူဘူး ဆိုရင် ကျွန်မတခြားဘာလုပ်ရမှာလဲ။ သူမှာခဲ့တဲ့ အတိုင်း ကျွန်မလုပ်ပေးရမှာ မို့လို့ပါ။ ဘဏ်က ငွေလည်း ကျွန်မထုတ်လာတယ်။ အဲဒါကိုလည်း လက်ခံမှ ဖြစ်မယ်။ အခုချက်ချင်းကို လက်ခံယူ ထားပေးပါ"

ကျွန်တော်က . . .

"အားနာစရာတွေတော့ ဖြစ်တော့မယ် . .။ မဇာနည် . . အဲ . . "

"ဇာနည်မျိုးဆွေပါ"

"အဲ . . မဇာနည်မျိုးဆွေ။ စိတ်ဆိုးမာန်ဆိုး နဲ့ကို ငြင်းရမဲ့ကိစ္စဖြစ်နေလို့ပါ"

ကျွန်တော့်စကားသံ မာထန်သွားသည်ဟု ကိုယ့်ကိုယ်ကို သိလိုက်သည်။ မျက်နှာကြောကို မတင်းအောင် သတိထားဆင်ခြင် နိုင်သေးသည်။

"ကိုမင်းညိမ်းတို့ တစ်မိသားစုလုံး စိတ်ဆိုး မယ်ဆိုရင်တောင် . . ၊ ကျွန်မက စိတ်မဆိုးခံပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီပစ္စည်းတွေထားသွားရမှာ မို့လို့ပါ။ ကျွန်မ, ဒီပစ္စည်းတွေ ထိန်းသိမ်းထားရတာကြာပြီ။ ရှင်းရှင်းပြောရရင် ကျွန်မအရဲစွန့်ပြီးလာရတာပါ။ သူတစ်ပါးမိသားစု အရေး ဆောင်ရွက်ပေးရတာဆိုတော့, အန္တရာယ်များတယ်လေ။ စိတ်ဆိုးမယ်၊ ငြိုငြင်မယ်ဆိုရင်လည်း အဲဒါကို ကျွန်မခံရမှာပါ။

သူ မဆုံးခင်, အတန်တန်မှာသွားတဲ့ ကိစ္စဆိုတော့၊ ဒီလို ဆောင်ရွက်ပေးရတာ အပန်းမကြီးပါဘူး။ ဒါပေမဲ့ ဒီပစ္စည်းလေးတွေ ထိန်းသိမ်းထားရတာတော့ စိတ်ပင်ပန်းရပါတယ်။ ကာယကံရှင်မရှိတော့ဘူးလေ။ သူနဲ့ ပတ်သတ်တဲ့ . . တခြားတစ်ယောက်ယောက်ရှိနေတယ်ဆိုရင်, ကျွန်မ ဒီကို ဘယ်လာပါ့မလဲ"

"မိုးကျမယ် . . ဆုံးသွားပြီ။ ဟုတ်လား" ဟု၊ မြင့်မြင့်သိန်းအလန့်တကြားမေးသည်။ "ဘယ်မှာ ဆုံးတာလဲ" ဟု၊ အမေ ဝင်မေး၏။ မေးမြန်းသူနှစ်ဦးလုံး စိတ်ထိခိုက်သွားဟန်တူသည်။

"စက်ာပူမှာ ဆုံးတာ"





"ဖြစ်မှဖြစ်ရလေ"

အမေ့၏ ကရုဏာသက်သော ညည်းညူစကား။ ဇာနည်မိုးဆွေက လက်ပွေ့အိတ်အတွင်းမှ နွမ်းဖတ်ဖတ်စာအိတ်တစ်အိတ်ကျွန်တော့်ကို ပေးသည်။ ဘာမှန်းမသိသော်လည်း . . ကျွန်တော်, လှမ်းယူလိုက်မိ၏။

"သူ မဆုံးခင်က . . ကိုမင်းညိမ်းအတွက်, ရေးပေးထားတဲ့စာပါ။ ဖတ်ကြည့်ဖို့ လိုလိမ့်မယ်ထင်တယ် ကိုမင်းညိမ်း"

ကျွန်တော် မည်သူ့ကိုမျှ မကြည့်ဘဲ စာအိတ်ကို ဖွင့်ဖတ်လိုက်၏။

*"ငါ မနေရတော့ပါဘူး မင်းညိမ်း။ မနေရလို့ သေရတော့မဲ့ အတူတူ၊ ငါ နင့်ကို ပြောချင်တာလေးတွေ အသိပေးသွားပါရစေ။*

*ငါ . . စိတ်ကူးပေါက်ရာ ရေးခဲ့မိတဲ့ဟာတစ်စောင် အိမ်မှာထားခဲ့မိတယ် မင်းညိမ်း။*



www.burmeseclassic.com

www.burmeseclassic.com



သိမ်ငယ်နေတဲ့အချိန်၊ စေတနာနဲ့ ပြောတာ
တောင် နားမဝင်တတ်တဲ့ လူ့သဘာဝအတိုင်း
ပေါ့။ ငါ . . ဘယ်သူ့စကားမှ နားမဝင်ခဲ့ဘူး။
အဲဒါကြောင့် အမေဒေါ်ခင်လေးကို အရွဲ့
တိုက်ချင်တာနဲ့ စာထဲမှာ ငါ ပေါက်ကရတွေ
ရေးခဲ့မိတယ်။ အခုချိန်အထိ ငါ အိမ်ထောင်
ရေး မဖောက်ပြန်ပါဘူး . . . မင်းညီမ်းရယ်။

အမေ ဒေါ်ခင်လေးရဲ့ အဆိုအပြောကို
စိတ်နာတာနဲ့ သူပြောတဲ့အတိုင်းလုပ်တယ်
ဆိုတဲ့ သဘောမျိုး, ငါ စာထဲမှာ ရေးခဲ့တာပါ။
အရွဲ့တိုက်ချင်ပေမဲ့ တကယ်ရွဲ့လို့ ဘယ်ဖြစ်ပါ့
မလဲ။ ငါက အိမ်ထောင်သည်လေဟာ။ အပျို
ဖြန်းလေးမှ မဟုတ်တာ။ သားလေးကိုလည်း
ငါ ရင်နာနာနဲ့ ထားခဲ့ရတာပါ။ ကိုယ့်အမေ
ဆီမှာကိုယ် ထားခဲ့ရတာဆိုတော့ နည်းနည်း
တော့ စိတ်ချရတာပေါ့။ တစ်ချိန်ချိန်မှာ . .
သားလေးကို ပြန်ခေါ်မယ်လို့ ငါရည်ရွယ်ထား





တယ်။ ဒါပေမဲ့ . . . ငါ့ရည်ရွယ်ချက် အထ
မမြောက်နိုင်တော့ဘူး။ လူတိုင်းမကျော်နိုင်
တဲ့ တောင်ကို၊ ငါလည်း . . ကျော်နိုင်တော့မှာ
မဟုတ်ပါဘူး။

ငွေရေးကြေးရေး ကျပ်တည်းခဲ့တာတော့
တကယ်ပါဟာ . . ။ ငါ မလိမ်ပါဘူး။ ငွေကြေး
အဆင်မပြေတဲ့အကြောင်း၊ နင့်ကို တစ်ခွန်း
တစ်စ ဒေါနဲ့မောနဲ့ ပြောဖူးရုံအပြင် သေသေ
ချာချာ၊ အိပ်သွန်ဖာမှောက် ငါ ဘယ်ပြောရက်
ပါ့မလဲ။ တစ်နယ်ရပ်ခြားမှာ နင်ရင်ဆိုင်ရမဲ့
အခက်အခဲကိုလည်း၊ ငါ ခန့်မှန်းတတ်တယ်
လေ။ အဲဒါကြောင့် . . ငါ မိတ်ဆွေတွေနဲ့တိုင်
ပင်ပြီး စိတ်ကူးပေါက်ရာ လုပ်ခဲ့မိတာပေါ့။
သူငယ်ချင်းအသစ်တွေ၊ မိတ်ဆွေအသစ်တွေ
ရဲ့ အကူအညီကိုတော့ အများကြီးယူခဲ့ရတာ
ပေါ့။ အားလုံးက ရိုးရိုးသာသား ကူညီကြတာ
ပါ။ ငါ ဘာရှုပ်ရှုပ်ယှက်ယှက်မှ မဖန်တီးခဲ့ဘူး



www.burmeseclassic.com

www.burmeseclassic.com

မင်းညိမ်း။ ငါ့ရည်ရွယ်ချက်ကတော့ . . . ငါ အရမ်းချမ်းသာချင်တယ်လေဟာ။ ချမ်းသာမယ် ထင်တဲ့နေရာကို ငါ . . ထွက်ခဲ့တာပေါ့။

အဖေဆုံးတာကိုလည်း ငါ မသိ။ အမေဆုံးတော့လည်း၊ ငါ မရှိ။ မြန်မာပြည်ကို ငါ ဘယ်သူမှ မသိအောင်၊ ငါ ခဏပြန်လာသေးတယ်။ ခဏပြန်လာတဲ့အချိန်မှာ ရောင်းမှားဝယ်မှား ကိစ္စတစ်ခုနဲ့ ငါထောင်ကျသေးတယ်။ အမေဆုံးတော့ ငါ ထောင်ထဲမှာ။ ထောင်က ထွက်ပြီးတော့လည်း . . နင့်ဆီကို ငါ ဘယ်လာရဲပါတော့မလဲ။ အဲဒါကြောင့်မို့, သူငယ်ချင်းတွေ အကူအညီနဲ့ပဲ ကိုယ့်မြေကိုယ့်ရေ မဟုတ်တဲ့နေရာမှာ ငါ စီးပွားထပ်ရှာရတော့တာပေါ့။ ထောင်မကျခင်တုန်းကတော့ . . ငါ ချမ်းသာရင်၊ နင့်အမေရှေ့မှာ . . လက်မ, လာထောင်ပြမယ်ဆိုတဲ့ စိတ်ကြမ်းကြီးနဲ့ပေါ့ဟာ။ ထောင်နန်းစံပြီးတဲ့အခါကျတော့ အမေလည်း





မရှိ။ အဖေလည်း မရှိ။ လင်တစ်ကွဲ၊ သားတစ်ကွဲ ဖြစ်နေရတဲ့ အခြေအနေ။ ငါ့ စိတ်ကြီး ဘယ်မာနိုင်တော့မလဲ။ မိုက်ခဲ့, မှားခဲ့ပြီလို့ သိသွားပြီလေဟာ . . ။

ဒုတိယအကြိမ် ရှာဖွေမိတဲ့၊ ငါ့ အစီးအပွား၊ ငါ့ သားလေးနဲ့ . . နင့်အတွက်ပေါ့။ ဒါပေမဲ့ . . . ဆုံးခန်းတိုင်အောင် ငါ မဆောင်ရွက်နိုင်တော့ဘူးဟာ။ ကင်ဆာရောဂါ . . တဲ့။ ဒီထောင်ကို ငါ မကျော်နိုင်တော့ဘူး။

ပြီးတော့ . . . မြင့်မြင့်သိန်းနဲ့ နင်နဲ့ လက်ထပ်လိုက်တယ်ဆိုတဲ့ သတင်းလည်း ငါ ကြားတယ်။ ငါ အရမ်းဝမ်းသာပါတယ်ဟာ။ မြင့်မြင့်သိန်းက တကယ့်ကြွေရှင်မိန်းကလေးပါ။ သတင်းကြားကြားခြင်း ငါ အရမ်းဝမ်းသာသွားတယ်။ မြင့်မြင့်သိန်းရေ . . .

သားလေးနဲ့ မင်းညိမ်းအတွက် . . ငါ လုံးဝ စိတ်ချသွားပါပြီ။



www.burmeseclassic.com

ငါ မှားခဲ့ပါတယ် မင်းညိမ်းရယ်၊ နင့်ရဲ့ လက်ခုပ်မိုးလေးအောက်မှာ ငါ ငြိမ်ငြိမ်လေး မနေခဲ့မိတာ၊ အဲဒါ . . ငါ့အမှားပါ၊ အမှားတွေအားလုံးအတွက်၊ နင့်ကိုလည်းတောင်းပန်ပါတယ်၊ အမေ့ကိုလည်း တောင်းပန်ပါတယ်၊ သားလေးကိုလည်း တောင်းပန်ပါတယ်၊ အားလုံး ခွင့်လွှတ်ပေးကြပါ၊

အားလုံးကို ချစ်တဲ့

မိမိုး





စာကိုဖတ်ပြီး . . စာရွက်အပြန့်အတိုင်း . . အမေ့ထံသို့ ကျွန်တော် လှမ်းပေးလိုက်သည်။ စာဖတ်နေရင်း အမေမျက်ရည်ဝဲသည်။ ဖတ်ပြီးသည့် စာရွက်ကို မြင့်မြင့်သိန်းထံသို့ အမေလှမ်းပေးသည်။ စာဖတ်ပြီးသည်နှင့် မြင့်မြင့်သိန်း ငိုလေသည်။ "ဘယ်တုန်းက ဆုံးတာလဲ" ဟု၊ အမေ မေးသည်။ ဇာနည်မျိုးဆွေက . .

"တစ်လလောက်ရှိပြီ"

ကျွန်တော်နှင့် မြင့်မြင့်သိန်းလက်ထပ်ပြီးသည်မှာနှစ်လမျှသာရှိသေး၏။

"ဪ . . တစ်ခုကျန်သေးတယ်"

ဇာနည်မျိုးဆွေက ဖိုင်တွဲထဲမှ စာချုပ်နှစ်ခုကို ကျွန်တော့်လက်ထဲသို့ ထည့်၏။ ကွာရှင်းစာချုပ်ဟု၊ သိလိုက်သည်။ စာချုပ်နှစ်စောင်လုံးတွင် မိုးကျမယ်၏ ထိုးမြဲလက်မှတ်နှစ်ခုကို တွေ့၏။ ကျွန်တော် မျက်တောင်တစ်ဖျတ်၊ နှစ်ဖျတ်ခတ်လိုက်မိသည်။

"သူ မဆုံးခင်မှာ, ကိုမင်းညိမ်းအတွက် လို

အပ်မယ် ထင်ပြီး၊ ထိုးပေးသွားတာ"

"ရပါတယ်ဗျာ။ မလိုပါဘူး" ဟု၊ ကျွန်တော် ပြောလိုက်သည်။ နှုတ်တွေ့ရာစကားဟု၊ ကိုယ့်ကိုယ်ကို သတိထားမိ၏။

www.burmeseclassic.com



"ကဲ . . ကျွန်မတို့ စီစဉ်ထားတဲ့ ကိစ္စလေး ဆောင်ရွက်ကြရအောင်လားဟင်။ ဒီက ကျွန်မ မိတ်ဆွေ ဒေါ်စန္ဒာထွေးကို အသိသက်သေထားပြီး ကားနဲ့ငွေတွေကိုလက်ခံယူလိုက်ပါ"

"ကျွန်တော် မယူချင်ဘူးဗျာ"

ငြင်းပယ်စကား တုန်ယင်သွား၏။

"ကလေးအတွက်ပဲ ကိုမင်းညိမ်းရယ်။ ယူလိုက်ပါ။ ထိန်းသိမ်းထားရတာ, ကျွန်မ တာဝန်ကြီးတယ်။ ကျွန်မဆက်ပြီး မထိန်းသိမ်းထားသင့်တော့ဘူးလေ။ ကျွန်မကို ကူညီတဲ့အနေနဲ့ ဖြစ်ဖြစ် ဆောင်ရွက်ပေးပါ ကိုမင်းညိမ်း"

မြင့်မြင့်သိန်းက စာရွက်ခေါက်ကို စာအိတ်ထဲသို့ ညင်သာစွာ ထည့်လေ၏။ အမေက . . .

"သားရယ် . . သားသမီးအတွက် မိခင်က ပေးတဲ့ ပစ္စည်းပဲ။ သားလိပ်ပြာသန့်သန့်နဲ့ လက်ခံထားလိုက်ပါ"

"ပစ္စည်းပစ္စယတွေ ဖြစ်နေတယ် အမေ။





ကျွန်တော် လက်ခံဖို့ခက်တယ်။ ဒီဥစ္စာ၊ ဒီပစ္စည်းတွေကြောင့် အဖြစ်အပျက်တွေဆိုးရွားနေကြရတာ"

အမေက ခေါင်းကို ညင်သာစွာခါရမ်း၏။ ပြီးနောက် -

"သူ့ခမြာ . . သားသမီးအပေါ် မိခင်မေတ္တာ အပြည့် မပေးလိုက်ရရှာဘူးလေ။ သားအသိမှတ်ပြုပေးလိုက်ပေါ့။ နော် . . သား"

မျက်ရည်ထိန်းလျက် အမေပြော၏။ ကျွန်တော် ခေါင်းညိတ်လိုက်ရသည်။

"မေမေမြင့်။ မိုးကျမယ် ဆိုတာ၊ အဝေးကြီးသွားနေတယ်ဆိုတဲ့, သားမေမေကို ပြောတာလား"

မြင့်မြင့်သိန်းက၊ သားလေးမိုးဝေးညိမ်းကို အနည်းငယ်ထွေးပွေ့လျက် . . . "ဟုတ်တယ် . . သား" ဟု၊ ပြော၏။

မိုးဝေးညိမ်းက . . .

"အဲဒီ မေမေက သေသွားပြီလား"

မြင့်မြင့်သိန်း မျက်လုံးစုံမှိတ်လျက်, ခေါင်းကို တွင်တွင်ညိတ်ပြသည်။ ခေါင်းညိတ်စဉ်တိုင်း မျက်ရည်များ ပိုးပိုးပေါက်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



စီးကျ၏။ ကျွန်တော့် မျက်ဝန်းတွင် မျက်ရည်ပူတချို့ ဝေ့ကနဲတက်လာ၏။ မျက်လုံးကို အလျင်အမြန်မှိတ်လျက်၊ လက်ချောင်းဖျားတို့ဖြင့်၊ ဖိပွတ်လိုက်မိသည်။

ချစ်ခြင်း . . မေတ္တာ . . ဟူသမျှတို့သည်၊ လတ်တလော မျက်မြင်ဒိဋ္ဌ အစရှိသည်တို့ဖြင့်၊ စောလျင်စွာ ဘာသာပြန်၍ မရ စကောင်း . . . ။ ။

လေးစားခင်မင်လျက်,

မောင်လှမျိုး [ချင်းချောင်းခြံ]

**2007. Jan . 21**

**1:26 (P.M)**

BURMESE CLASSIC .com



www.burmeseclassic.com